ဂျိန် ရဲ့ ဆန်း ကြယ် လုံး ချင်း ဝတ္ထု



# မောတလိမျှော်ဝင်မား

မင်းစက္ကာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ချုပ်ဝတ်တန်ဆာနှင့်ဦးဆောင်း | ၅ |
| ၂။ | ညှော်သည်လားရန်သူလား | ၉ |
| ၃။ | ဒက္ကာရီပြတိုက် | ၂၄ |
| ၄။ | ရှေးဟောင်းပစ္စည်းပါသွားပြီ | ၃၂ |
| ၅။ | ဦးမုန်ထန်၏ရက်စက်မှု | ၃၆ |
| ၆။ | အကြပ်ကိုင်မှုနှင့်အကြပ်ရိုက်မှု | ၄၈ |
| ၇။ | ဆက်သွယ်မှုစီးကြောင်း | ၆၃ |
| ၈။ | ခရီးတစ်ခုစတင်ပြီ | ၇၃ |
| ၉။ | ဂန္ဓဝင်တောင်သို့ | ၈၃ |
| ၁၀။ | ခေါင်းသုံးလုံးနှင့်မိစ္ဆာခွေး | ၉၆ |
| ၁၁။ | ပီတာရှော့နှင့်သွေးသောက်ဓား | ၁၀၅ |
| ၁၂။ | ဦးမုန်ထန်၏အမျက်ဒေါသ | ၁၁၃ |
| ၁၃။ | ဂန္ဓဝင်တောင်ခရီးအစ | ၁၂၄ |
| ၁၄။ | လူတစ်စုနဲ့ဒက္ကာရီဓား | ၁၃၀ |
| ၁၅။ | အန္တရာယ်ငူ | ၁၄၁ |
| ၁၆။ | မှော်ဝင်ဓားကသွေးသောက်ပြီ | ၁၇၂ |
| ၁၇။ | မိစ္ဆာကြီးနောက်မှလိုက်ခြင်း | ၁၇၉ |
| ၁၈။ | ဝေစုအတွက်အသက်ပေးရသူ | ၁၈၆ |
| ၁၉။ | ဦးမိုးအောင်၏ကြမ္မာဆိုး | ၁၉၁ |
| ၂၀။ | လောဘသားတို့၏နိဂုံး | ၁၉၇ |




### အခန်း (၁)

## ချုပ်ဝတ်တန်ဆာနဲ့ဦးဆောင်း

ခမ်းနားထည်ဝါလှသော အဆောက်အဦးတစ်ခု၊ ကျယ်ဝန်းလှသောခြံဝင်းအတွင်း ထီးထီးမားမားတည်ရှိနေသည်။ ထိုအဆောက်အဦးသည် ဘိုဆန်ဆန်တည်ဆောက်ထားပြီး ထိုအဆောက်အဦး၏အနီးသို့ ကပ်ကြည့်လိုက်သောအခါ လုံခြုံရေးအစောင့်များဖြင့် စောင့်ကြပ်နေသော အဆောက်အဦးတစ်ခု ဖြစ်နေသည်ကိုတွေ့ရ၏။

၎င်းအဆောက်အဦးသည် အမိကကျသော အဆောက်အဦးတစ်ခု၊ အလွန်အရေးပါသော အဆောက်

အဦးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်သည်။

အတွင်းပိုင်းသို့ကြည့်လိုက်သောအခါ ... အလွန်ပင် ခမ်းနားထည်ဝါလှပေသည်။ အတွင်းတွင် မှန်ပုံးများဖြင့် ရှေးဟောင်းပစ္စည်းမျိုးစုံ၊ အထူးသဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ကျော်က အုပ်စိုးသူမင်းများ၏ အထင်ကရအဝတ်အစားများ၊ ထူးခြားသောလက်နက်များ၊ ရှားပါးသောပစ္စည်း၊ မင်းဝတ်တန်ဆာများဖြင့် သူနေရာနှင့်သူ အစီအရီခင်းကျင်းပြသထားပုံမှာ မြင်ရသူအဖို့ မကြည့်ဘဲမနေနိုင်လောက်အောင် ဆွဲဆောင်မှုရှိလှပါသည်။

၎င်းတို့ထဲမှ အလွန်ထူးခြား၍ နှစ်ပေါင်းမည်မျှကြာပြီဟုခန့်မှန်းမရနိုင်သည့် ချပ်ဝတ်တန်ဆာနှင့် ဦးဆောင်းလည်း ပါဝင်လေသည်။ ၎င်းတို့ထားရှိသော မှန်ပုံးဆိုလျှင် ခလုတ်များဖြင့်ပြုလုပ်ထား၍ မည်သူတစ်ဦးတစ်ယောက်မျှ ဖွင့်ရန် မလွယ်ကူပါ။

၎င်းမှန်ပုံးဖွင့်နည်းကို ပြတိုက်မှူးဖြစ်သူဒေါက်တာ ဦးဇမ္ဗူအောင် တစ်ဦးတည်းသာသိသည်။ ခလုတ်မှာ လျှို့





ဝှက်နံပါတ်တစ်ခုသာရှိသည်။ ၎င်းလျှို့ဝှက်နံပါတ်ကို ဦးဇမ္ဗူအောင်သာ မှတ်သားထားသည်။ ၎င်းအဆောက်အဦး ထဲတွင် ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်နှက်နေသည်။ နိုင်ငံတကာမှ ရှေးဟောင်းမင်းများ၊ ရှေးဟောင်းဘုရင်များ၏ ပစ္စည်းများဖြစ်သည်။

ဒေါက်တာဦးဇမ္ဗူအောင်သည် ရှေးဟောင်းပစ္စည်းများ စုဆောင်းသည်ကို ဝါသနာပါသူတစ်ဦးဖြစ်သည်။ ရှေးဟောင်းသုတေသနပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာဦးဇမ္ဗူအောင်သည် ဝန်ထမ်းဘဝမှအငြိမ်းစားယူပြီးနောက် ကိုယ်ပိုင်ရှေးဟောင်းပစ္စည်းများစုဆောင်းသည့်လုပ်ငန်းကို လုပ်ကိုင်သည်။ ဒါကလဲ သူ၏ဝါသနာတစ်ခုပင်ဖြစ်သည်။

မည်သည့်နိုင်ငံသို့မဆိုရောက်အောင်သွားကာ ရှေးဟောင်းပစ္စည်းများဝယ်ယူတတ်သည်။ ဒါကြောင့်လည်း သူ့ကိုနိုင်ငံတကာမှ မသိသူမရှိပါ။

လေလံပွဲတိုင်း၊ နိုင်ငံတိုင်းမှာ ဦးဇမ္ဗူအောင် ရောက်နေတတ်သည်။

ယခုအဆောက်အဦးမှာ သူ၏ကိုယ်ပိုင် ရှေးဟောင်းပစ္စည်းများ စုဆောင်းထားရှိသော အဆောက်အဦးတစ်ခုပင်ဖြစ်လေသည်။ ယခုလည်း ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သည့် လွန်ခဲ့သောနှစ်ပေါင်း၅၀၀ကျော်မှ ချပ်ဝတ်ရတနာနှင့်ဦးဆောင်းတစ်ခုကို ရရှိထားသည်မှာ မကြာသေးပါ။

ယခုအဆောက်အဦးထက် ပိုမိုလုံခြုံစိတ်ချရသော အခြားအဆောက်အဦးတစ်ခုသို့ ပြောင်းရွှေ့ထားရန် စီစဉ်နေခြင်းဖြစ်သည်။

ဒုတိယအဆောက်အဦးအားစီမံခန့်ခွဲရန် တပည့်ရင်းဖြစ်သူ သားသမီးလိုချစ်ရသည့် တပည့်မလေး၊ သမိုင်းသုတေသီတစ်ဦးဖြစ်သည့် ဒေါက်တာထိပ်တင်မိုးအား ဦးစီးလုပ်ကိုင်စေသည်။

ယခုလက်ရှိ ပထမအဆောက်အဦးတွင် ဦးဇမ္ဗူအောင်က ဦးစီးစီမံခန့်ခွဲနေလေသည်။ ။





## အခန်း (၂)

## ညှော်သည်လားရန်သူလား

သည်နေ့တွင် သူ၏လုပ်ငန်းအားစိတ်ဝင်စားသည့် သူ့လိုပင်ဝါသနာတူ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအံ့မောင် လာမည်ပြော၍ ဦးဇမ္ဗူအောင်စောင့်နေမိသည်။

ဦးအံ့မောင်သည် သူနှင့်ကျောင်းနေဖက်လည်းဖြစ်၊ သူငယ်ချင်းလုပ်ဖော်ကိုင်ဘက်လည်းဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကိုစောင့်နေခြင်းဖြစ်သည်။

'တီ ... တီ ...'

ခြံဝင်းရှေ့သို့ ပရာဒိုကားလေးတစ်စီး ရောက်လာ

သည်။ ၎င်းကားလေး၏အရောင်မှာ မီခိုးရောင်ဖြစ်သည်။ ကားထဲရှိလူ (၃)ယောက်မှာ လူကြီးလူကောင်းစတိုင်ဖြင့် အနောက်တိုင်း ဥရောပဝတ်စုံများ ဝတ်ဆင်ထားသည်။

ကားမောင်းသူပင်လျှင် ဥရောပဝတ်စုံကို ဝတ်ဆင်ထားသည်။ ကားနောက်ခန်းတွင် လူနှစ်ယောက် ...ရုတ်တရက်ကြည့်လိုက်လျှင် လူလတ်ပိုင်းများဖြစ်၍ သူတို့၏ ဝတ်စားဆင်ယင်မှုမှာ ကြည့်၍ကောင်းနေသည်။

ကားဟွန်းသံကြား၍ ခြံစောင့်ရောက်လာပြီး ကားထဲမှလူများကိုအကဲခတ်ကာ မေးမြန်းလေသည်။ ထိုအခါ ခြံစောင့် လက်ထဲမှစကားပြောခွက်မှ အသံတစ်သံထွက်လာသည်။

" သူတို့ကို လွှတ်ပေးလိုက်ပါ "

ထိုအခါခြံစောင့်က ...

'ဟုတ်ကဲ့'

ဟု စကားတစ်ခွန်းသာပြောလိုက်ပြီး ခဏကြာတော့ ခြံတံခါးကိုဖွင့်ပေးလိုက်သည်။





ခြံတံခါးနှင့်အဆောက်အဦနားသို့ ကားလေး(၅) မိနစ်ခန့်မောင်းရသည်။ ခြံကြီးမှာ ကေခြောက်ဆယ်ခန့် ကျယ်ဝန်းလေသည်။

ကားလေးမှာ အဆောက်အဦးရှေ့ အုတ်လှေကား နားသို့ရောက်လျှင် ရပ်လိုက်သည်။

ကားနောက်ခန်းထဲမှ လူ(၂)ဦးဆင်းလာသည်။ ဝတ်စားဆင်ယင်မှုကြောင့်သာ ကြည့်၍ကောင်းသည်လား၊ ဒါမှမဟုတ် လူလတ်ပိုင်းဖြစ်ခြင်းကြောင့် ခန့်ညား၍ကြည့် ကောင်းသည်လားတော့မသိ၊ မြင်ရသူအဖို့တော့ အားကျ စရာပင်။

တစ်ဦးက ဝတ်စားဆင်ယင်မှုသေသပ်၍ အသက် အရွယ်နှင့်မလိုက်အောင်ပင် သေသပ်လှပါသည်။

နောက်တစ်ဦးမှာ သူ၏ကိုယ်ရံတော်လည်းဖြစ်၊ အတွင်းရေးမှူးလည်းဖြစ်သည့် ကိုစစ်နိုင်ဆိုသည့်သူပင်။

သူလည်း သူ့ဆရာနည်းတူ ကြည့်ကောင်းနေသည်၊ အမှန်မှာဦးအုံ့မောင်ဟုသာ ခေါ်ဆိုရသော်လည်း

ဦးအုံ့မောင်မှာကိုစစ်နိုင်နှင့် အသက်ချင်းသိပ်မကွာလှပါ။ ဦးအုံ့မောင်မှာ အသက်(၅၀)ကျော်ခန့်သာရှိမည်ဖြစ်ပြီး ကိုစစ်နိုင်မှာ အလွန်ဆုံးရှိ (၄၅)နှစ်ခန့်သာရှိမည်။

ဘာရာတာပည့်နှစ်ယောက် ကြီးကျယ်ခမ်းနားလှသော အဆော ်ဦပေါ်သို့ လှေကားထစ်များမှ တစ်လှမ်းချင်း လှမ်းတက်ခဲ့လေသည်။ အဆောက်အဦးအပေါက်ဝမှ ဦးဇမ္ဗူအောင်က ကြိုဆိုနေသည်။

" လာ ...လာ ...အုံ့မောင်၊ သူငယ်ချင်း လာမယ်ဆိုလို့ ငါထွက်ကြိုနေတာ "

' ရပါတယ် ကိုအောင်ရယ် ...'

ဦးအုံ့မောင်က ဦးဇမ္ဗူအောင်ကို ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်၊ သူ့ထက်လည်း အသက်အနည်းငယ်ကြီးသဖြင့် ကိုအောင်ဟုခေါ်သည်။

ယခုလို နှစ်ဦးစလုံးက အသက်(၅၀)ကျော်သာရှိသေးသဖြင့် တစ်ဦးနှင့်တစ်ဦး မတိမ်းမယိမ်းဖြစ်နေသည်။

သို့သော် ဦးဇမ္ဗူအောင်က ဦးအုံ့မောင်ထက် ကိုယ်





လုံးအနည်းငယ်ပိုဝသဖြင့် ပိုပြီးခန့်ညားမှုရှိသည်။ ကြည့်လိုက်လျှင် လူကြီးဆန်ပြီး တည်ကြည်ခန့်ညားသည့်ရုပ်ရည်ရှိသည်။

ဦးအုံ့မောင်နှင့်ကိုစစ်နိုင်တို့အား ဦးဇမ္ဗူအောင်က ရှေ့မှဦးဆောင်ကာ ရုံးခန်းသို့ခေါ်ဆောင်လာခဲ့သည်။

ရုံးခန်းထဲသို့ရောက်သော် ...

" ထိုင် ...အုံ့မောင်၊ ညီလေးက ဒီမှာထိုင် "

ဦးဇမ္ဗူအောင်က မိမိစားပွဲသို့သွားပြီး ဘဲလ်တစ်ခုကို နှိပ်လိုက်သည်။

ခဏကြာလျှင် အခန်းထဲသို့လူငယ်လေး တစ်ယောက်ဝင်လာသည်။

' ဆရာ ...ဘာလိုချင်လို့လဲဆရာ '

" ဧည့်သည်တွေအတွက် ကော်ဖီနှစ်ခွက်နဲ့မုံ့ပါယူလာခဲ့ကွာ "

' ဟုတ်ကဲ့ ဆရာ '

ဦးဇမ္ဗူအောင်သည် အလုပ်သမားလေးအား မှာ

ကြားပြီး ဦးအံ့မောင်နားတွင် ဝင်ထိုင်လိုက်သည်။

" အံ့မောင်၊ မင်းဘာတွေလုပ်နေတာလဲ"

' ကျွန်တော်လဲ ရှေးဟောင်းပစ္စည်းတွေဝယ်စုပြီး အမြတ်ရရင် ဈေးပြိုင်စနစ်နဲ့ရောင်းတယ်လေ၊ အခုလည်း အစ်ကိုအောင်ဆီမှာရှေးဟောင်းပစ္စည်းတစ်ခု ရောက်နေတယ်ကြားလို့ လာကြည့်တာပါ '

' အစ်ကိုက ဒီပစ္စည်းကိုပြန် ရောင်းမှာလား '

" ဘာပစ္စည်းကိုပြောနေတာလဲ "

ဦးဇမ္ဗူအောင်ကမေးလိုက်သည်။

' အစ်ကို နောက်ဆုံးအကြိမ် အင်္ဂလန်ကလေလံဆွဲလာတဲ့ ချပ်ဝတ်တစ်စုံလေ '

" ဪ... ဒါလား လောလောဆယ်တော့မရောင်းသေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒုတိယအဆောက်အဦပြီးရင် ပြပွဲလုပ်ဦးမှာ၊ ပြပွဲပြီးမှပဲ လေလံရောင်းချင်ရောင်းမှာပါ "

ထိုအချိန်တွင် အလုပ်သမားလေးက ကော်ဖီပုဂံများ





ကိုင်ကာဝင်လာသဖြင့် ဦးဇမ္ဗူအောင်စကားရပ်လိုက်သည်။ အလုပ်သမားလေးက ကော်ဖီပန်းကန်များချပေးပြီး အခန်းထဲမှထွက်သွားလျှင် ဦးဇမ္ဗူအောင်က -

" ကဲ ... သောက်လိုက်ကြဦး၊ ပြီးမှပစ္စည်းတွေကို လိုက်ပြမယ် "

' ဒါနဲ့ အစ်ကိုအောင် ဒီအဆောက်အဦးထဲမှာရှိတဲ့ ပစ္စည်းတွေကိုကော ပြန်မရောင်းသေးဘူးလား '

" ဒါက ငါ့ဝါသနာလေကွာ၊ ပစ္စည်းတွေစုမယ်၊ လိုချင်တဲ့လူရှိရင် ကြိုက်ဈေးရရင် ရောင်းမှာပေါ့ ... "

ဦးအံ့မောင်က ဦးဇမ္ဗူအောင်ပြောသည့်စကားကို ခေါင်း တညိမ့်ညိမ့်ဖြင့် နားထောင်နေသည်။

" လာ... သူငယ်ချင်း၊ ကော်ဖီသောက်ပြီးရင် ပစ္စည်းတွေထားတဲ့ နေရာတွေကိုလိုက်ပြမယ် "

ဦးဇမ္ဗူအောင်က ဦးအံ့မောင်ကိုရှေ့မှဦးဆောင်ကာ အပေါ်ထပ်မှ အောက်ထပ်သို့လှေကားမှ တဖြည်းဖြည်းချင်း ဆင်းလာကြသည်။ ဦးအံ့မောင်က လက်မှနာရီကိုကြည့်

လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ပြခန်းထဲတွင် လုံခြုံရေးများ၏နေရာယူပုံကို မှတ်သားထားလိုက်ပြီး ဦးဇမ္ဗူအောင်နှင့်ကပ်ပြီးလိုက်ခဲ့ကြသည်။ သူတွေ့ချင်မြင်ချင်နေသည့် ချပ်ဝတ်တန်ဆာနှင့် ဦးဆောင်းတို့ထားရှိသည့် မှန်ပုံးနားသို့ရောက်လာလေသည်။

ထိုအခါ ဦးဇမ္ဗူအောင်က -

" ဒီပစ္စည်းပဲ အံ့မောင်၊ လွန်ခဲ့တဲ့ ၁၀ရက်လောက်က ငါကိုယ်တိုင် အင်္ဂလန်ကသယ်လာတာ၊ ပြီးတော့ ဒီမှန်အုပ်ဆောင်းကလည်း အထူးစီမံလုပ်ထားတဲ့ လုံခြုံစိတ်ချရတဲ့ မှန်အုပ်ဆောင်းပဲ၊ သူကိုဖွင့်ချင်ရင် ငါကိုယ်တိုင်ပဲဖွင့်လို့ရတယ်။ ဖွင့်တဲ့နံပါတ်ကလည်း ငါတစ်ယောက်ပဲသိတယ် "

" ဒီမှန်ကလည်း ကျည်မတိုးဘူး၊ ထုလို့ရိုက်လို့လည်း မကွဲဘူး "

ဦးဇမ္ဗူအောင်ရှင်းပြနေချိန်တွင် ပြတိုက်၏အနောက်ဖက်၌ တစ်ကိုယ်လုံးအနက်ရောင်ဝတ်စုံဝတ်ထားသော လူ





၃ ဦးက အဆောက်အဦနားတွင် လုံခြုံရေးနှစ်ဦးကို နောက်မှတိုက်ခိုက်လိုက်သည်။ ပြတိုက်အနောက်ဖက်တွင် လုံခြုံရေးနှစ်ဦးရှင်းသွားသောအခါ အနက်ရောင်ဝတ်လူ ၃ ဦးက အဆောက်အဦ အနောက်ဖက်က တွယ်တက်ခဲ့ကြသည်။

ပြီးနောက် ပြတင်းပေါက်မှန်အား စိန်မြင့်ဖြတ်ကာ အတွင်းဂျက်ကိုဖွင့်လိုက်သည်။

ပြတင်းပေါက်ပွင့်သွားပြီးသော်လည်း အတွင်းမှမိုက်ထားသည့် တမတ်လုံးခန့်ရှိသံတိုင်အား ရောင်ခြည်သေနတ်အသေးစားလေးဖြင့် ဖြတ်လိုက်သည်။ သံတိုင်ကိုဖြတ်ပြီးနောက် အထဲသို့ဝင်ခဲ့ကြသည်။

ဝတ်စုံနက်၃ဦးစလုံး အခန်းထဲသို့ရောက်လာသည်။ သူတို့ရောက်နေသည့်အခန်းမှာ ဦးဇမ္ဗူအောင်၏အခန်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဝတ်စုံနက် ၃ ဦးမှတစ်ဦးက တံခါးဟပြီးအပြင်သို့ အကဲခတ်လိုက်သည်။ သို့သော် တံခါးအပြင်ဖက်တွင် အစောင့်မရှိပေ။

လှေကားထိပ်တွင် အစောင့်တစ်ဦးကိုတွေ့လိုက်ရသည်။

အနက်ရောင်ဝတ်တစ်ဦးက အနောက်ဖက်မှခြေဖော့ကာ အစောင့်နားသို့ တဖြည်းဖြည်းတိုးကပ်လာသည်။ အစောင့်မှာ အနောက်ဖက်သို့ဂရုမထားဘဲ လှေကားအောက်ကိုသာ အာရုံရောက်နေသည်။

'ဒုတ် ... ဒုတ်'

သေနတ်ဒင်ဖြင့် အစောင့်၏နောက်စေ့ကိုရိုက်ထည့်လိုက်သည်။ အစောင့်မှာ သေနတ်ဒင်ဖြင့်ရိုက်ခံလိုက်ရသဖြင့်လဲကျသွားစဉ် အနက်ရောင်ဝတ်စုံဖြင့်လူကအနောက်မှသိုင်းဖက်လိုက်ပြီး ဦးဇမ္ဗူအောင်၏အခန်းထဲသို့ ဆွဲသွင်းလိုက်လေသည်။

ပြီးနောက် အနက်ရောင်ဝတ်စုံဝတ်များမှာ လှေကားမှ ခြေဖော့ဆင်းလာကြသည်။ ဦးဇမ္ဗူအောင်တို့ အနားသို့မရောက်မီ လှေကားထောင့်တစ်ခုမှ ချောင်းကြည့်လိုက်သည်။





ထိုအခါ ဦးအုံမောင်ကမြင်သွားပြီး မသိသလိုဟန်ဖြင့်နေလိုက်သည်။

'ဒါနဲ့ အစ်ကို ဒီထဲကချပ်ဝတ်တန်ဆာနဲ့ဦးဆောင်းကို ကိုင်ကြည့်လို့မရဘူးလား'

ချပ်ဝတ်စုံနှင့်ဦးဆောင်းမှာ ရွှေရောင်အဆင်းရှိသော်လည်း နှစ်ပေါင်းကြာပြီဖြစ်သဖြင့် အနည်းငယ် အညိုရောင်သမ်းနေသည်။ ကြည့်ရုံဖြင့် နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်ကြောင်း သိသာနိုင်သည်။

"မရဘူး၊ ဒုတိယပြတိုက်ဖွင့်ပွဲနေ့ကျမှပဲ ဖွင့်ပြဖို့စီစဉ်ထားတယ်၊ အဲဒီအခါကျမှပဲ ကိုင်ကြည့်ပါကွာ"

ထိုအချိန် အနက်ရောင်ဝတ်လူများရောက်လာပြီး -

'အားလုံး လက်မြှောက်ထားလိုက်ကြပါ'

ဦးဇမ္ဗူအောင်အားသေနတ်ဖြင့်ချိန်ကာ မှန်သေတ္တာပုံးကိုဖွင့်ခိုင်းသည်။ မှန်ပုံးကိုဖွင့်သည့်အနီရောင် ခလုတ်လေးမှာ ဦးဇမ္ဗူအောင်နှင့်နီးကပ်စွာရှိနေသည်။ ဦးဇမ္ဗူအောင် ဘယ်လိုမှငြင်းမရမှန်းသိလိုက်သည်။

ဦးအုံ့မောင်ကို အကူအညီရလိုရငြား ကြည့်လိုက်သောအခါ ...

' စိတ်မကောင်းပါဘူး အစ်ကို၊ အခုလိုစီစဉ်ရတာကလည်း အစ်ကိုရထားတဲ့ ရှေ့ပေါင်းပစ္စည်းဖြစ်တဲ့ ဒီချပ်ဝတ်တန်ဆာနဲ့ဦးဆောင်းဟာ ဒဏ္ဍာရီဆန်ပြီး တန်ဖိုးမဖြတ်နိုင်လို့ပါ။ ဒါကို ကျွန်တော်ရောင်းစားလိုက်ရင် ဒေါ်လာသန်းနဲ့ချီပြီး ရမှာဗျ '

' ဟား ... ဟား ... ဟား '

ဦးအုံ့မောင်တစ်ယောက် စကားပြောရင်း အာရုံပြောင်းနေစဉ် ဦးဇမ္ဗူအောင်က ခလုတ်အနီလေးကိုနှိပ်လိုက်သည်။

' တီ ... တီ ... တီ ... တီ '

အချက်ပေးခလုတ်သံကြောင့် အဆောက်အဦးထဲ၌ရှိသောအစောင့်များ ဦးဇမ္ဗူအောင်တို့နားသို့ ရောက်လာကြသည်။

ဒါကိုသိလိုက်သည့် အနက်ရောင်လူဆိုးက ပထမ





ဝင်လာသောအစောင့်အား သေနတ်ဖြင့်လှမ်းပစ်လိုက်သည်။ အစောင့်မှာ နေရာတွင်ပင် လဲကျသွားသည်။

ထိုအခါ ဦးအုံ့မောင်က -

' ကဲ အစ်ကိုအောင် မှန်အုပ်ဆောင်းကိုဖွင့်မလား၊ ဒါမှမဟုတ် ဖုံးနဲ့ခွဲလိုက်ရမလား '

ထိုအချိန် ဦးဇမ္ဗူအောင်သည် သူ့အနားတွင်ရှိနေသည့် အနက်ရောင်ဝတ်စုံက အခြားအစောင့်တစ်ဦးကို သေနတ်ဖြင့်ပစ်ရန်ပြင်နေစဉ် သေနတ်အားဝင်လုလိုက်လေသည်။

ဒါကိုမြင်လိုက်သည့်စစ်နိုင်က သူ့လက်ထဲမှဓားဖြင့် ဦးဇမ္ဗူအောင်ရင်ဝသို့ ထိုးလိုက်သည်။

ဦးဇမ္ဗူအောင်သည် နေရာမှာပင်လဲကျငြိမ်သက်သွားလေသည်။

ထိုအခါ ဦးအုံ့မောင်က -

' မင်းဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ၊ သူ့ကိုသတ်ဖို့ ငါအမိန့်မပေးဘဲ မင်းလုပ်ရသလား '

" ဟာ ဆရာကလဲ သူ့ကိုကျွန်တော်တို့မသတ်ရင် သူက ကျွန်တော်တို့ကိုပြန်သတ်မှာ ဆရာမမြင်ဘူးလား၊ သေနတ်ပြန်လုနေတာ "

' ကဲ ဒါတွေပြောမနေနဲ့တော့ အစောင့်တွေဝိုင်းမလာခင် မှန်ပုံးဖွင့်ရအောင် '

ထိုအခါ စစ်နိုင်က သူ၏အိတ်ထဲတွင် လက်လုပ်တိုင်းပုံးတစ်ခုကို ခလုတ်နားတွင်ကော်အပျော့စားနှင့်ရောပြီး ကပ်လိုက်သည်။

ဂစက္ကန့်အကြာတွင် မှန်ပုံးပွင့်သွားသည်။

ဦးအုံ့မောင်တို့ မှန်ပုံးထဲမှချပ်ဝတ်တန်ဆာနှင့်ဦးဆောင်းကိုကျောပိုးအိတ်ထဲထည့်ပြီး အဆောက်အဦအနောက်ဖက်သို့ ထွက်ခဲ့လေတော့သည်။

မကြာမီအစောင့်များရောက်လာကြသည်။

ဦးဇမ္ဗူအောင် လဲကျနေသည်ကိုတွေ့ရသဖြင့် စမ်းသပ်ကြည့်လိုက်ရာ ဦးဇမ္ဗူအောင်မှာ အသက်မရှိတော့ပေ။ အစောင့်များက ပစ္စည်းများကိုစစ်ဆေးကြည့်ရာ





မှန်ပုံးအတွင်းမှ ချပ်ဝတ်တန်ဆာနှင့်ဦးဆောင်းတို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရသဖြင့် လူဆိုးများနောက်သို့ ချက်ချင်းလိုက်ကြလေသည်။

သို့သော် လူဆိုးများမှာ ခြံအနောက်ဖက်ရှိ အသင့်စက်နှိုးထားသော ကားတစ်စီးပေါ်သို့တက်ကာ မောင်းထွက်သွားကြလေတော့သည်။ ။

## အခန်း (၃)
## ဒဏ္ဍာရီပြတိုက်

အဆောက်အဦတစ်ခု၊ နာမည်နှင့်လိုက်အောင် ထူးထူးခြားခြားပုံဖော်ထားသော အဆောက်အဦးတစ်ခု ဖြစ်သည်။ အရောင်အသွေးများ ခြယ်သထားပုံမှာလည်း ဒဏ္ဍာရီဆန်ဆန်ဖြစ်နေသည်။

ပတ်ဝန်းကျင်တွင်လည်း ထူးခြားသောရုပ်တုများ၊ ရှားပါးသောပန်းများ၊ သစ်ခွများကို သစ်ပင်အတုများဖြင့် ဖန်တီးကာ တန်ဆာဆင်ထားလေသည်။

အထဲတွင် လုပ်ငန်းကိုဦးစီးလုပ်ကိုင်နေသူမှာ မိန်းက





လေးတစ်ဦးဖြစ်သည်။ သူမ၏အမည်မှာ ဒေါက်တာထိပ်တင်မိုးဖြစ်သည်။

သူမကို ဒေါက်တာဟုဘွဲ့တပ်ခေါ် ရသည်မှာလည်း ဆေးပညာဘွဲ့ရထား၍မဟုတ်။ သမိုင်းသုတေသနဌာနမှ ဒေါက်တာဘွဲ့ရထားသူတစ်ဦးဖြစ်သည်။

ယခုလည်း ဦးဇမ္ဗူအောင်၏ လက်အောက်တွင် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်သည်။ သူမသည် ဦးဇမ္ဗူအောင်၏ အားအကိုးရဆုံး စိတ်အချရဆုံး လက်ထောက်တစ်ဦး ဖြစ်သည်။

သည်ဒဏ္ဍာရီအဆောက်အဦးကို ကြီးကြပ်ရန်နှင့် ပြင်ဆင်နေမှုများကို ဦးစီးဆောင်ရွက်ရန် တာဝန်ပေးထားသည်။ အဆောက်အဦထဲတွင် ပစ္စည်းများထားသိုနေရာချထားရန်၊ ပစ္စည်းများအား လုံခြုံစွာထားရှိရန်စီမံဆောင်ရွက်နေသည်။

' ဒေါက်တာ ဒီပစ္စည်းကိုဘယ်လိုထားမှာလဲ '

အလုပ်သမားတစ်ဦးက ရုပ်တုတစ်ခုကိုကိုင်လာပြီး

ဒေါက်တာထိပ်တင်မိုးကို မေးလိုက်သည်။

သူမက အလုပ်သမားလေးကိုင်လာသောရုပ်တုကို ကြည့်ပြီး -

" အပေါက်ဝနားက ကျောက်တိုင်ပေါ်မှာ တင်ထားပါ။ ကျွန်တာ မမကြည့်လုပ်လိုက်မယ် "

ထိုအချိန်တွင် အဆောက်အဦး၏အပေါက်ဝတွင် လူငယ်တစ်ဦးက အထဲဝင်ရန်ကြိုးစားနေသည်။

အပေါက်ဝတွင်စောင့်နေသူက -

' ဟိတ် သူငယ် ... အထဲဝင်လို့မရဘူး '

" ဘာဖြစ်လို့လဲဗျ "

' အထဲမှာပြင်ဆင်နေတုန်းမို့ ဝင်ခွင့်မပေးဘူး '

" အထဲမှာ ကျွန်တော့်အစ်မရှိတယ် "

' ဘယ်သူလဲ ... နာမည်ပြော '

" ဒေါက်တာ ထိပ်တင်မိုးပါ "

ထိုအခါ အစောင့်က သူ၏စကားပြောခွက်ဖြင့် ဒေါက်တာထိပ်တင်မိုးဆီသို့ ဖုံးဆက်လိုက်သည်။ ထိပ်တင်မိုး





လည်း ဖုံးဆက်လာသော အပေါက်ဝသို့လှမ်းကြည့်လိုက်သည်။

အပေါက်ဝတွင် လူငယ်လေးက လက်ရမ်းပြလိုက်သည်။ ထိပ်တင်မိုးကသူ့မောင်စည်သူဖြစ်နေသောကြောင့် အပေါက်ဝမှအစောင့်ကို လွှတ်ပေးလိုက်ရန် ဖုံးဖြင့်အကြောင်းကြားလိုက်သည်။

အစောင့်ကဖုံးချပြီး -

' ညီလေး ဝင်ပါ '

လူငယ်လေးလည်း အပေါက်ဖွင့်ပေးသောကြောင့် အဆောက်အဦးထဲသို့ ဝင်လာခဲ့သည်။ ထိပ်တင်မိုးရှေ့ ရောက်သောအခါ ...

' မမ အလုပ်အကိုင်ကောင်းရဲ့လား၊ အဆင်ပြေရဲ့လား '

" အေး ပြေပါတယ်ကွယ်၊ စည်သူ .. မင်း မမကို ဘာဒုက္ခပေးအုံးမလို့လဲ၊ အရင်တစ်ခါကလဲ ငွေလိုတယ်ဆိုလို့ မင်းကိုငွေ ၂ သိန်းပို့ပေးလိုက်ပြီးပြီလေ "

တကယ်တော့ ထိပ်တင်မိုးက သူ့မောင်ဖြစ်သူ စည်သူကို ပြောသာပြောလိုက်ရသည်။ သူ့မောင်ပြောတိုင်း ဘာမဆိုလုပ်ပေးနေကျဖြစ်သည်။

သူတို့မှာက မောင်နှစ်မနှစ်ယောက်ထဲသာ ရှိကြသည်။ မိဘများ ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွား၍ အစ်မကြီးအမိအရာ ဆိုသလိုပင် သူ့မောင်အလိုကို လိုက်လျောနေရသည်။

စည်သူမှာ ကျောင်းတက်နေရ၍ ငွေလိုလျှင်လိုသလောက် ပို့ပေးနေကြပင်ဖြစ်သည်။

အခုလည်း ခရီးဆောင်လွယ်အိတ်တစ်လုံးနှင့် ဘာများဖြစ်လာပြန်ပြီလဲမသိ။

ထိပ်တင်မိုးတစ်ယောက် သူ့မောင်ကိုကြည့်ပြီး စိတ်ပူနေမိသည်။

ထိုအခါ စည်သူက -

' ကျွန်တော် မမကိုဒုက္ခပေးမလို့လာတာမဟုတ်ပါဘူး၊ ကျောင်းပိတ်လို့ သူငယ်ချင်းတွေနဲ့ နယ်ကိုလိုက်သွားချင်လို့ မမဆီမှာ မုန့်ဖိုးလာတောင်းတာပါ၊ အဲဒါ မမကူညီပေးပါနော် '

ထိပ်တင်မိုးတခဏ စဉ်းစားလိုက်သည်။ ဒုက္ခမပေးရင်တော်ပါပြီ၊ ငွေပေးရတာက အပန်းမကြီးပါဘူးလေ ...

" ဒါနဲ့စည်သူ အိမ်မဝင်တော့ဘူးလား "

' မမဆီကပြန်ရင်တော့ အိမ်ခဏဝင်မယ်လို့ စိတ်ကူးထားတယ်၊ အဝတ်အစားလဲ၊ လိုအပ်တာတွေယူပြီးမှ သွားမှာပါဗျာ '

" အေး ... ဒါဆို ခဏစောင့် "

ထိပ်တင်မိုးလည်း မိမိရုံးခန်းသို့ထွက်လာလိုက်သည်။ ရုံးခန်းသို့ရောက်သော် အံဆွဲဖွင့်ကာ ဆလင်းဘက်အိတ်ထဲမှ ငွေတစ်သိန်းထုပ်တစ်ထုပ်ယူကာ စည်သူဆီသို့ ပြန်လာခဲ့သည်။

စည်သူနားရောက်တော့ -

" ရော့ စည်သူ ငွေကိုချွေတာလည်းသုံးနော်၊ မမကတော့ ချွေးနဲ့စာနဲ့ရှာပြီး မောင်လေးကိုလုပ်ကျွေးနေရတာ၊




မြတ်စာပေ

မမကိုလည်း သနားပါဦး "

' ဟာ မမကလဲ ကျွန်တော်ကျောင်းပြီးရင် မမကို ပြန်ပြီးလုပ်ကျွေးပါ့မယ် '

" အင်းလေ ကြည့်ကြသေးတာပေါ့ "

' မမ ကျွန်တော်ပြန်ဦးမယ်၊ အိမ်ဝင်ရှီးမှာမို့ပါ '

" အေး ... သွား ကောင်းကောင်းသွားနော် "

' ဟုတ်ကဲ့ပါ မမ '

စည်သူတစ်ယောက် ထိပ်တင်မိုးဆီမှ ပြန်လာခဲ့လေသည်။ ကားဂိတ်သို့မရောက်မီ လမ်းချိုးတစ်ခုတွင် ...

' ဟိတ်ကောင်လေး ... ငြိမ်ငြိမ်လေးခဏရပ်နေစမ်း၊ မင်းဘာမှပြန်မပြောနဲ့၊ ငါတို့ပြောတာနားထောင်၊ ဟိုရှေ့မှာ မြင်နေရတဲ့ တောင်းအေ့စ်ကားမီးခိုးရောင် ရပ်ထားတာတွေ့တယ်မဟုတ်လား '

" ဟုတ်ကဲ့ တွေ့ပါတယ် "

' အဲဒီကားနားသွားပြီး အထဲကိုဝင်နေ၊ ငါတို့မင်းနောက်ကလိုက်လာခဲ့မယ်၊ လမ်းမှာ လူသွားလူလာများနေ





လို့၊ မင်းကိုတို့အကြမ်းမဖက်ချင်ဘူး

ထိုအခါ စည်သူက သူ့ကိုပြောနေသူကို နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူ့နောက်မှ လူနှစ်ယောက်က အမိန့်ပေးနေခြင်းဖြစ်သည်ကိုတွေ့လိုက်ရသည်။

ထိုလူနှစ်ဦးမှာ မျက်မှန်နက်များတပ်ထား၍ သူတို့မျက်နှာများကို မှတ်မိရန်မလွယ်ကူပါ။

' အော်ဖို့တော့ မကြိုးစားနဲ့နော်၊ မင်းကံကြမ္မာမင်းဖန်တီးသွားသလို ဖြစ်သွားလိမ့်မယ် '

တစ်ဦးကခြိမ်းခြောက်လိုက်သည်။ ပြောသလိုလဲ လုပ်မည့်ပုံမျိုးဖြစ်သည်။

သို့နှင့် -

စည်သူတစ်ယောက် တောင်းအေ့စ်ကားလေးပေါ်သို့ ပါသွားလေတော့သည်။ ။

## အခန်း (၄)

## ဈေးဟောင်းပစ္စည်းပါသွားပြီ

ကလင် ... ကလင် ... ကလင်

ဖုန်းမှာ ဆက်တိုက်မြည်နေသည်။ ထိပ်တင်မိုးလည်း လုပ်လက်မသတ်နိုင်၍ ဖုံးကိုမကိုင်အားပါ။ အနားမှာရှိနေသော လူငယ်လေးတစ်ယောက်က ကောက်ကိုင်လိုက်လေသည်။

" ဟဲလို ... ဟဲလို "

' ထိပ်တင်မိုးနဲ့ပြောချင်လို့ပါ '





" ဟုတ်ကဲ့ ခဏစောင့်ပါ "

' မမရေ ဖုန်းလာနေတယ် '

" အေး ...အေး လာပြီ ..."

ထိပ်တင်မိုး ဖုန်းနားသို့ရောက်လာပြီး ..

" ဟဲလို ထိပ်တင်မိုးပြောနေပါတယ် "

' ဦးဇမ္ဗူအောင်ရုံးခန်းကပြောနေပါတယ်၊ မမက ထိပ်တင်မိုးလား '

" ဟုတ်ပါတယ် ..."

' မမရေ ဆရာဆုံးသွားပြီ၊ လုပ်ကြံခံလိုက်ရတယ်၊ ဈေးဟောင်းပစ္စည်းတစ်စုံလည်း ယူသွားတယ် '

' အခု ရဲတွေစစ်ဆေးနေတုန်း မမဆီကိုဖုန်းဆက်လိုက်တာပါ '

" အေး ...အေး ပမလာခဲ့မယ် "

ဤသတင်းစကားကိုကြားလိုက်ရတော့ စိတ်ထဲမှာ မကောင်းပါ။

ကျေးဇူးရှင် ဆရာသမားတစ်ယောက် ရုတ်တရက်

သေဆုံးသွားသည်ကို သိလိုက်ရသည့်အတွက် ဝမ်းနည်းမျက်ရည်များကျမိသည်။ ဒီလောက်သဘောထားပြည့်ဝသူကို ဘယ်လိုလူတွေကများ သတ်သွားရတာလဲ ...

" လူသတ်သမားများက ရှေးဟောင်းပစ္စည်းတစ်စုံသာယူသွားတယ်ဆိုတော့ ဒီရှေးဟောင်းပစ္စည်းနဲ့ပတ်သက်တာ ငါ့ဆီကိုများ မြှားဦးလှည့်လာမလားပဲ ..."

" ငါလည်းသတိထားရလိမ့်မယ် "

ထိပ်တင်မိုးလည်း ဒီမှာရှိသောလုပ်ငန်းများကို ဦးစီးတစ်ဦးအားလွှဲထားခဲ့ပြီး ဦးဇမ္ဗူအောင်ရုံးခန်းသို့ အပြေးအလွှားသွားရပေဦးမည်။

ထိပ်တင်မိုးက မန်နေဂျာဖြစ်သူ ကိုမြင့်အောင်အားအခေါ်ခိုင်းလိုက်သည်။ ကိုမြင့်အောင် အနားရောက်လာလျှင်-

' ဒေါက်တာ ခေါ်တယ်ဆိုလို့ပါ '

" အေး ဟုတ်တယ်၊ ဆရာဆုံးပြီတဲ့၊ အဲဒါကြောင့်မမ ဆရာ့ရုံးခန်းသွားရဦးမယ်၊ ဒီမှာရှိတဲ့ လုပ်ငန်းတွေကိုမင်း





ပဲ ဦးစီးထားနော် ... လိုအပ်တာ မသိတာရှိရင် မမဆီဖုန်းဆက်လိုက်ပါ၊ ဟုတ်ပြီလား "

' ဟုတ်ကဲ့ပါ ဒေါက်တာ၊ စိတ်ချသွားပါ၊ ကျွန်တော်အားလုံးအဆင်ပြေအောင် လုပ်ထားလိုက်ပါ့မယ် '

ထိပ်တင်မိုးက လုပ်ငန်းများအားလွှဲပြောင်းပေးပြီးဆရာ့ရုံးခန်းသို့ ထွက်လာခဲ့လေသည်။ ။

## အခန်း (၅)

## ဦးမုန်ထန်၏ ရက်စက်မှု

ခြံဝင်းကြီးတစ်ခုအတွင်း ပန်းခြံလေးနားတွင် စားပွဲတစ်ခုကျင်းပလျက်ရှိသည်။ ၎င်းစားပွဲတွင် သူဌေးကြီးဦးမုန်ထန်က ဦးစီးကျင်းပခြင်းဖြစ်သည်။

သူဌေးကြီးဦးမုန်ထန်ဟုသာ ပြောရသည်။ အသက်က (၅၀)ကျော်လောက်သာရှိသေးသည်။

သူ့အနေနှင့် ဒီစားပွဲကျင်းပပေးရခြင်းသည်လည်း သူ အင်မတန်လိုချင်သည့်ပစ္စည်းတစ်ခုကို တပည့်များက





စွမ်းစွမ်းတမံလုပ်ဆောင်ပေးခြင်းကြောင့်ဖြစ်သည်။

ယခု သူလိုချင်သည့်ပစ္စည်းလည်းရခဲ့ပြီ မဟုတ်ပါလား။

စားပွဲထိပ်တွင် ဦးမုန်ထန်ထိုင်နေပြီး သူ၏နံဘေးညာဘက်တွင် ဦးအုံ့မောင်ကထိုင်နေသည်။ ဦးအုံ့မောင်၏နံဘေးတွင် ကိုစစ်နိုင်ထိုင်နေသည်။ ကျန်သောနေရာများတွင် ဦးမုန်ထန်၏တပည့်များက နေရာယူထားကြလေသည်။ တပည့်များအားလုံး ၁၅ယောက် ၂၀ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ထိုအချိန် စားပွဲကျင်းပချိန်ရောက်ပြီမို့ ဦးမုန်ထန်ကမိန့်ခွန်းခြွေလေသည်။

" ကဲ ... တပည့်အားလုံးကို ဆရာမိတ်ဆက်ပေးချင်တာကတော့ အခုဘေးနားမှာရှိတဲ့ ကိုအုံ့မောင်ပဲ၊ သူကတော့ ဆရာ့လိုပဲ ရှေးဟောင်းပစ္စည်းတွေစုဆောင်းတာ ဝါသနာပါတဲ့သူပေါ့။ အခုတော့ ဝန်ထမ်းဘဝက အငြိမ်းစားယူပြီးတဲ့နောက် သူဝါသနာပါတဲ့လုပ်ငန်းဖြစ်တဲ့ ရှေးဟောင်းပစ္စည်း

ရှာဖွေတဲ့အလုပ်လုပ်နေတယ် "

" အခုဒီကိုအုံ့မောင်ကို ရှေးဟောင်းရတနာသိုက်လို့လည်းခေါ်လို့ရတယ်။ ပြီးတော့ ရတနာသိုက်ကို ထည့်သွင်းမြှုပ်နှံထားတဲ့ ဗိုလ်မှူးလေးနရသခ်သူလို့ခေါ်တဲ့ ဗိုလ်မှူးလေးရဲ့ချပ်ဝပ်တန်ဆာနဲ့ဦးဆောင်းဟာ သန်းပေါင်းများစွာ တန်ဘိုးရှိတယ်။ အဲဒီပစ္စည်းကို ဟောဒီကိုအုံ့မောင်က ယူဆောင်လာပေးခဲ့တယ် "

" ကဲ ...ကိုအုံ့မောင် ကျွန်တော့်ရဲ့ကတိအတိုင်း ခင်ဗျားကိုပြောထားတဲ့ငွေပေးမယ် "

ဦးမုန်ထန်က စကားကိုခေတ္တရပ်လိုက်သည်။ပြီးမှ -

" ဒါပေမယ့် ခင်ဗျားရဲ့တပည့်က ဒေါက်တာ ဦးဇမ္ဗူအောင်ကိုသတ်ခဲ့တော့ ရတနာသိုက်ကိုသွားတဲ့ လမ်းညွှန်နဲ့အချက်အလက်တွေအားလုံး ပျောက်ဆုံးကုန်တယ်။ အဲဒီလိုလက်လွှန်ခြေလွန်ဖြစ်သွားတော့ ကျွန်တော်တို့ရဲ့လုပ်ငန်းတစ်ဝက်ဆုံးရှုံးတာပေါ့ "

" ဒီတော့ သူ့ကိုအပြစ်ပေးရမယ်၊ အဲဒါ ခင်ဗျားသဘောတူရဲ့လား "

ဦးအုံ့မောင်မှာ သူ့တပည့်ကိုအပြစ်ပေးမည်ဆိုသောအခါ သူ့အနေဖြင့်စိတ်မကောင်းပါ။ သို့သော် ဦးမုန်ထန်ကတောင်းဆိုလာသည့်အတွက် သူသဘောတူလိုက်ရသည်။

ထိုအခါ ဦးမုန်ထန်ကဆက်ပြီးပြောသည်။

" နောက်တစ်ခုက ဗိုလ်မှူးလေး နရသခ်သူရဲ့ ချပ်ဝတ်တန်ဆာနဲ့ဦးဆောင်းဟာ သန်းပေါင်းများစွာတန်ဘိုးရှိနေတော့ သူနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ဓားဟာ ပိုပြီးဒဏ္ဍာရီဆန်တယ်ဆိုတာ သိခဲ့ရတယ်။ အဲဒီဓားကတော့ သူ့ရဲ့အလောင်းနဲ့အတူ တစ်ခါတည်းမြှုပ်ထားတယ်လို့သိရတယ် "

ဦးမုန်ထန်က အနည်းငယ်မောသွားဟန်ဖြင့် ဝီစကီတစ်ခွက်ကို မော့သောက်လိုက်သည်။

" အဲဒီဗိုလ်မှူးလေး နရသခ်သူကိုမြှုပ်ထားတဲ့နေရာကိုသွားဖို့ကတော့ လမ်းညွှန်လိုတယ်။ ဒါတွေကို ဦးဇမ္ဗူအောင်ကသိထားတယ်။ အခုတော့ ဦးဇမ္ဗူအောင်ကမရှိတော့ဘူးဆိုတော့ တစ်ယောက်ယောက်ဆီမှာ ဒီအကြောင်း

တွေသိထားတဲ့သူတစ်ဦးရှိလိမ့်မယ်ဆိုတာ ယုံကြည်တယ်။ ဒီအကြောင်းကို ကိုအုံ့မောင်က စုံစမ်းရှာဖွေရလိမ့်မယ်"

ထိုအခါ ကိုအုံ့မောင် -

' အဲဒီအတွက်တော့မပူပါနဲ့ဗျာ၊ ဦးဇမ္ဗူအောင်ရဲ့ အတွင်းရေးမှူး အယုံကြည်ရဆုံး တပည့်မလေး ထိပ်တင်မိုးဆိုတာရှိတယ်။ သူ့ကိုဖမ်းပြီးမေးလိုက်ရင်ရနိုင်တယ်။ သူ့ကို ကျွန်တော်တို့လက်ထဲ ရောက်လာအောင်လုပ်ဖို့ ကျွန်တော့်မှာ နည်းလမ်းရှိပါတယ် '

ထိုအခါ ဦးမုန်ထန်က -

" ကိုအုံ့မောင်က ဘယ်လိုစီစဉ်ထားသလဲ "

' ဟောဟိုမှာမြင်နေရတဲ့သူငယ်လေးကို ဦးမုန်ထန်တွေ့တယ်မဟုတ်လား '

ဦးမုန်ထန်က ဦးအုံ့မောင်လှမ်းပြသောနေရာသို့ ကြည့်လိုက်သည်။ စားပွဲနှင့်အနီးဆုံးသစ်ပင်အောက်တွင် ကျောပိုးအိတ်ကိုကိုင်ပြီးရပ်နေသော လူငယ်လေးကိုတွေ့လိုက်ရသည်။





" ဒီကောင်လေးက ဘယ်သူလဲ "

' သူက ထိပ်တင်မိုးရဲ့ မောင်လေး၊ သူတို့မှာ မောင်နှမနှစ်ယောက်ပဲရှိတယ်။ ဒေါက်တာထိပ်တင်မိုးက သူ့မောင်လေးကို အရမ်းချစ်တာ '

' ဒီမှာ သူ့မောင်လေးရှိနေရင် သူလာပါလိမ့်မယ်၊ လာအောင်လည်း ကျွန်တော်တို့ခေါ်လိုက်မယ်လေ '

" ဒါတွေကတော့ ကိုအုံ့မောင်ပဲစီစဉ်လိုက်ပါ၊ ကျွန်တော်ကတော့ လိုချင်တာအားလုံးရရင်ပြီးပြီ၊ ဒါတွေအားလုံးရပြီးရင် ငွေတွေအများကြီးရမှာ၊ အားလုံးကိုလည်း ထိုက်သင့်သလောက်ခွဲဝေပေးမှာပါ။ အဲဒီအခါကျရင် တစ်ခြား နိုင်ငံတစ်ခုမှာ သွားနေထိုင်တော့မယ် "

" ကဲ... ခင်ဗျားရဲ့တပည့်ကိစ္စအကြောင်းကို ပြန်ပြီးဆွေးနွေးရအောင် "

ဦးမုန်ထန်က သူ၏အနောက်တွင်ရပ်နေသော တပည့်ကိုလက်ဟန်ဖြင့် အနားသို့တိုးရန်ခေါ်လိုက်သည်။ ဦးမုန်ထန်၏နောက်တွင် လူနှစ်ဦးရပ်နေရာမှာ တစ်ဦးက

ဦးမုန်ထန်နားသို့ ကပ်လာသည်။

“ မာန်ဟုန်နဲ့ရန်လုံ့ကိုခေါ်ခဲ့ ”

‘ ဟုတ်ကဲ့ ဆရာကြီး ’

“ ကိုအုံ့မောင်ရဲ့တပည့်ကို သက်ညှာတဲ့အနေနဲ့ ကျွန်တော့်မှာရှိတဲ့ ခွေးနှစ်ကောင်ကို သူ့နောက်လိုက်ခိုင်းမယ်။ အချိန် ၁၅မိနစ်ပေးမယ်။ ၁၅မိနစ်အတွင်း ဒီရှေ့က တောလမ်းအတိုင်း ပြေးခိုင်းမယ် ”

ဦးမုန်ထန်က စကားကိုခေတ္တရပ်လိုက်သည်။ စစ်နိုင်ကတော့ ဦးမုန်ထန်၏စကားကို အထိတ်တလန့်နားစွင့်နေမိသည်။ သူ၏ဆရာဖြစ်သူ ဦးအုံ့မောင်ကိုယ်တိုင်က ဘာမှဝင်မပြောတော့ သူ့မှာမခံချိမခံသာဖြစ်နေသည်။

ဦးမုန်ထန်က ဆက်ပြီး -

“ ခွေးနှစ်ကောင်လိုက်လို့မမီရင် လွတ်လပ်ခွင့်ရပြီ၊ ခွေးနှစ်ကောင်ရဲ့လက်ကမလွတ်ရင်တော့ သူ့ထိုက်နဲ့သူ့ကံပေါ့၊ ကဲ ... ဘယ်လိုလဲ သဘောတူတယ်မဟုတ်လား ”

စစ်နိုင်တစ်ယောက် မာန်ဟုန်နှင့်ရန်လုံ့ကိုကြည့်ပြီး





ကျောချမ်းသွားမိသည်။ ခွေးနှစ်ကောင်က ခြင်္သေ့တွေလားထင်ရသည်။ အမှန်တကယ်ပင် စားမည့်ဝါးမည့်ပုံများပင်။

စစ်နိုင်မှာ ကြောက်လန့်ကာ -

‘ ဆရာကြီးရယ် ကျွန်တော့်ကိုဒီတစ်ခါတော့ ခွင့်လွှတ်ပါဗျာ ... ’

“ ငါက ပြောပြီးသားစကား၊ လုပ်ပြီးသားအလုပ်ကို ဘယ်တော့မှမပြင်တတ်ဘူး၊ မင်းသာလွတ်အောင်ပြေးပေါ့၊ မင်းကို သက်ညှာခွင့်ပေးထားတာပဲ ”

ဦးအုံ့မောင်ခမျာ သူ၏တပည့်ကို ဘယ်လိုမှ ကယ်လို့ရမှာမဟုတ်သည့်အတွက် ဆိတ်ငြိမ်စွာနေလိုက်ရသည်။ ထို့နောက် ဦးမုန်ထန်၏လူများက စစ်နိုင်ကိုရှေ့ကတောလမ်းဘက်သို့ တွန်းပို့လိုက်လေသည်။

ထိုအခါ စစ်နိုင်လည်း ဘယ်လိုမှတောင်းပန်လို့ရတော့မည်မဟုတ်တဲ့အတွက် ပြေးထွက်လာရတော့သည်။

စစ်နိုင်လည်း မိမိရသည့်အချိန်၁၅မိနစ်အတွင်း

ရှေ့မှလမ်းလေးကိုကြည့်ပြီး ပြေးနေရသည်။ ရှေ့က အကာကွယ်များကိုရှောင်ရင်း တောင်ကမူလေးတစ်ခုကိုကျော်ကာ အောက်သို့ ဆင်းလိုက်သည်။

ထိုအခါ ကမူအောက်နားတွင် လူတစ်ယောက်က သူ့ကိုဆွဲချလိုက်ပြီး ကျောက်တုံးနှစ်တုံးကြားသို့ ခေါ်သွားလေသည်။

၁၅မိနစ်ပြည့်၍ ဦးမုန်ထန်၏တပည့်များက မာန်ဟုန် နှင့်ရန်လုံကိုလွှတ်ပေးလိုက်သည်။ မာန်ဟုန်နှင့် ရန်လုံလည်း ကြိုးဖြေပေးလိုက်သောအခါ တဟုန်ထိုးပြေးထွက်ကာ စစ်နိုင်နောက်သို့ လွှားကနဲလွှားကနဲခုန်ကာလိုက်လေတော့သည်။

တောင်ကမူလေးကိုကျော်ကာ ကုန်းဆင်းတွင် အနံ့ခံလေသည်။ အနံ့က ဒီနားတွင်ပျောက်သွား၍ ရစ်သီရစ်သီဖြင့်ရှာနေလေသည်။

ထိုအခါ အသားတုံးနှစ်တုံး ဘယ်ကထွက်လာမှန်းမသိ၊ မာန်ဟုန်နှင့်ရန်လုံနားသို့ကျလာသည်။ မာန်ဟုန်နှင့်





ရန်လုံမှာ ထိုအသားတုံးကိုစားသောက်ကာ တအီအီဖြင့်လာလမ်းအတိုင်းပြန်ခဲ့ကြသည်။

အပြန်လမ်းတွင် မာန်ဟုန်နှင့်ရန်လုံမှာ ခြေလှမ်းများမမှန်တော့ဘဲ ဒယီးဒယိုင်ဖြင့် လမ်းတစ်ဝက်တွင် လဲကျသွားလေသည်။

ထိုအခါ ဦးမုန်ထန်နှင့် ဦးအုံ့မောင်အပါဝင် တပည့်များမှာ မာန်ဟုန်နှင့်ရန်လုံအဖြစ်ကိုကြည့်ကာ အံ့သြသွားကြပြီး ခွေးနှစ်ကောင်အနားသို့ ပြေးလာကြလေသည်။

ခွေးနှစ်ကောင်မှာ အဆိပ်မိပြီးသေဆုံးနေသည်ကိုတွေ့ရလေသည်။

" ဒီကောင် တော်တော်ဉာဏ်များတာပဲ၊ လုပ်ထားဦးပေါ့ကွာ၊ မင်းက ဦးသွားတာကိုးကွ "

ဦးမုန်ထန်မှာ သူ၏ခွေးနှစ်ကောင် သေဆုံးနေသည်ကိုကြည့်ပြီး နှမြောတသသဖြစ်ကာ စစ်နိုင်အားကြိမ်းဝါးနေလေတော့သည်။

ထို့နောက် အားလုံးစားပွဲနားသို့ပြန်လာကာ

နေရာယူကြလေသည်။ ဦးမုန်ထန်က စည်သူဘက်လှည့်ကာ စေ့စေ့ကြည့်လိုက်ပြီး -

" မင်း ဉာဏ်များမယ်မကြံနဲ့၊ မင်းရဲ့အစ်မက တို့လိုချင်တာရှာမပေးရင် မင်းကိုလည်း ငါကိုယ်တိုင်သတ်မှာ "

ဦးမုန်ထန်က ဒေါသထွက်ကာ စည်သူဘက်သို့လှည့်ရမ်းနေသည်။ ဦးအုံ့မောင်ကတော့ ဘာမှမပြောဘဲ သူ့တပည့်လေး သေသလားရှင်သလားမသိရ၍ စိတ်ပူနေမိသည်။

ပြီးနောက် ဦးမုန်ထန်က သူ့ဘေးနားတွင်ချထားသော ငွေသေတ္တာလေးကိုယူကာ ဦးအုံ့မောင်လက်သို့ပေးလိုက်သည်။

" ဒါကတော့ ခင်ဗျားရဲ့လုပ်ဆောင်ချက်တစ်ဝက်ပဲ၊ ကျန်တာရပြီးရင် ခင်ဗျားတောင်းထားတဲ့ငွေ အားလုံးပေးမယ်။ စည်သူကိုတော့ ခင်ဗျားရဲ့လက်ထဲထည့်ပေးလိုက်မယ် "

ဦးမုန်ထန်က စားစရာများကိုမစားတော့ဘဲ သူ၏





ခွေးနှစ်ကောင် အဆိပ်မိသေဆုံးသွားသည့်အတွက် စိတ်မကောင်းဖြစ်ကာ အိမ်ထဲသို့ဝင်သွားလေတော့သည်။

ဦးမုန်ထန် ဝင်သွားပြီးနောက် ဦးအုံ့မောင်နှင့် ကျန်တပည့်များမှာလည်း ဆက်လက်မနေရဲကြတော့ပဲ စားပွဲကိုအမြန်လက်စသပ်ကာ အလျှိုလျှိုဖြင့်ထွက်ခွာသွားကြလေတော့သည်။ ။

## အခန်း (၆)

## အကြပ်ကိုင်မှုနှင့်အကြပ်ရိုက်ခြင်း

ဒဏ္ဍာရီပြတိုက်တွင်း၌ ရဲများအလုပ်ရှုပ်နေကြသည်။ သေဆုံးနေသော ဦးဇမ္ဗူအောင်အလောင်းနားတွင် စုံထောက်အဖွဲ့က ခြေရာလက်ရာနှင့် သက်သေခံများရှာဖွေနေသည်။ အစောင့်များ သေဆုံးနေသည်ကိုတွေ့ရသဖြင့် သယ်သူကသယ် မှတ်တမ်းဓာတ်ပုံရိုက်သူက ရိုက်နေသည်။

ကွဲအက်သွားသောမှန်ပုံးကိုလည်း လက်ရာများရှာဖွေနေသည်။ ယမ်းအပျော့ဖြင့် မိုင်းခွဲသလိုခွဲခဲ့၍ ကျန်ရစ်





သောအစအနများကို လိုက်လံသိမ်းဆည်းသူက သိမ်းဆည်းနေသည်။

ထိုကဲ့သို့ရဲများ၊ စုံထောက်များ အလုပ်ရှုပ်နေချိန်တွင် ဒေါက်တာထိပ်တင်မိုးရောက်ရှိလာသည်။

" ကျွန်မက သေဆုံးသူဦးဇမ္ဗူအောင်ရဲ့အတွင်းရေးမှူးပါ၊ ဆရာသေဆုံးတယ်လို့ ဖုန်းဆက်လိုက်လို့ သိသိချင်း လာခဲ့တာပါ "

စုံထောက်အဖွဲ့မှတစ်ဦးက ဒေါက်တာထိပ်တင်မိုးကို သိနေ၍ အနားသို့လာပြီး -

' လာပါ ဒေါက်တာ၊ ဒေါက်တာကို ကျွန်တော်သိပါတယ်၊ ကျွန်တော့်နာမည် မင်းရာဇာပါ။ ကျွန်တော်လည်း စုံထောက်ဆိုပေမယ့် ရှေးဟောင်းအနုပညာပစ္စည်းတွေကို ဝါသနာပါပါတယ် '

' အခုလည်း ရှေးဟောင်းပစ္စည်းတစ်ခုကြောင့် ဦးဇမ္ဗူအောင် အသတ်ခံရတာပဲ '

ထိုအခါ ထိပ်တင်မိုးက ...

" ဟုတ်ပါတယ်၊ အခုယူသွားတဲ့ရှေးဟောင်းပစ္စည်းက ဆရာကိုယ်တိုင် အင်္ဂလန်ကလေလံဆွဲခဲ့တာပါ၊ ကျွန်မတို့ရဲ့ မြန်မာရှင်ဘုရင်တွေထဲက အင်မတန်ဘုန်းတန်ခိုးကြီးတဲ့ မင်းတစ်ပါးရဲ့ပစ္စည်းပါ၊ လူတစ်စုက လိုချင်လို့ဖြစ်ပါလိမ့်မယ်ရှင် "

" အဲဒီပစ္စည်းနဲ့ဆက်နွယ်တဲ့အကြောင်းအရာရှိသလို ဒီပစ္စည်းကို ခြေရာခံသဘောမျိုးနဲ့ လာယူတာလဲဖြစ်ပါလိမ့်မယ်"

ထိပ်တင်မိုးပြောပြသည်ကို သဘောကျသလိုဖြင့်-

' ဒေါက်တာက ဒီအကြောင်းတွေ တော်တော်သိထားပုံရတယ် '

" ဟုတ်ပါတယ်၊ ဆရာက ဒီပစ္စည်းရလာကတည်းက ကျွန်မကိုပြောပြခဲ့ပါတယ်။ ဒီပစ္စည်းမရခင်က ဆရာ့ဆီမှာ ဒီပစ္စည်းနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတစ်ခုကို ကျွန်မကိုပြခဲ့ပါတယ် "

" ဒါကိုဖတ်မိလို့လဲ ကျွန်မသိခဲ့တာပါ "





ထိပ်တင်မိုးက ဆက်ပြီးပြောလိုက်သည် -

" လူဆိုးတွေအနေနဲ့ကလည်း ဒီပစ္စည်းအကြောင်းကိုသိတဲ့လူ တစ်ဦးဦးရှိလိမ့်မယ်လို့ ကျွန်မထင်တယ် "

မင်းရာဇာက သူ၏ထင်မြင်ချက်ကို ပြောလိုက်ပြန်သည်။

' ဒါဆိုရင် ဒေါက်တာပြောချင်တာက သူတို့ထပ်ပြီးလာနိုင်သေးတယ်လို့ ဆိုချင်တာလား '

" ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပစ္စည်းနဲ့အတူ ကျန်ခဲ့တဲ့စာရွက်စာတမ်းက ပါမသွားဘူးလေ၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူတို့ပြန်လာလိမ့်မယ် "

" ဆရာ့ကိုလည်း သူတို့မသတ်ချင်ဘဲနဲ့ သတ်သွားတာဖြစ်လိမ့်မယ်၊ တနည်းအားဖြင့် ဆရာကခေါင်းမာလို့အေးရင်းနဲ့ ခြေလွန်လက်လွန်ဖြစ်သွားတာဖြစ်နိုင်တယ် "

ထိုအချိန် ဒေါက်တာထိပ်တင်မိုးထံသို့ ဖုန်းသံတစ်ခုဝင်လာသည်။ ထိပ်တင်မိုးလည်း ဖုန်းကိုကောက်ကိုင်ကာ နားထောင်လိုက်သည်။

" ဟဲလို ... ဟဲလို "

'ဒီမှာဒေါက်တာ ကျွန်တော်ပြောတာ သေသေချာချာနားထောင်ပါ၊ ဘာမှပြန်မမေးနဲ့ ဒေါက်တာရဲ့မောင်လေးစည်သူ ကျွန်တော်တို့လက်ထဲရောက်နေတယ် ...

'ကဲ ... နား ထောင်ကြည့်လိုက်ပါဦး '

တစ်ဖက်လူက စည်သူပါးစပ်နားသို့ ဖုန်းကပ်ပေးလိုက်သည်။

'မမ ကျွန်တော့်ကိုကယ်ပါဦး၊ မမဆီက သူတို့လိုချင်တာပေးလိုက်ပါနော်၊ ကျွန်တော်ကြောက်တယ် မမရယ် '

တစ်ဖက်လူက -

'ဒေါက်တာကြားတယ်နော် အဲဒီတော့ ဒေါက်တာနဲ့ ကျွန်တော်တို့ဆွေးနွေးချင်တယ်၊ ဆွေးနွေးပွဲကိုတော့ အေးအေးဆေးဆေး ဖြစ်စေချင်တယ်။ တစ်ခြားဘယ်သူမှ မသိစေချင်ဘူး၊ ဒေါက်တာကိုလည်း မနစ်နာစေချင်ဘူး၊ တကယ်လို့ ကျွန်တော်တို့လိုချင်တာ ဒေါက်တာဆီကရရင် ဒေါက်တာကိုလည်း အကျိုးအမြတ်ခံစားခွင့်ပေးမှာပါ '





'အဲ ... ဒေါက်တာက မသိဘူး၊ မပေးဘူးဆိုရင်တော့ ဒေါက်တာရဲ့မောင်လေး အသက်ဝိဉာဉ်ကင်းမဲ့နေတဲ့ ခန္ဓာကိုယ်ကိုတွေ့ရလိမ့်မယ် '

'အဲဒါ ဒေါက်တာစဉ်းစားပါ၊ မနက်ဖြန် ပြန်ပြီးဆက်သွယ်ပါ့မယ် '

ထိပ်တင်မိုး ဖုန်းပြောနေသည်မှာ ပြတင်းပေါက်နားတွင်ဖြစ်သည့်အတွက် ရဲများနှင့်စုံထောက်များမှာ တစ်ဖက်မှပြောသည့်စကားများကို မကြားကြပါ။

သို့သော် ထိပ်တင်မိုးရဲ့ အရိပ်အခြေကိုတော့ စုံထောက်တစ်ဦးဖြစ်သည့် မင်းရာဇာက အကဲခတ်နေသည်။ ထိပ်တင်မိုး ၏ အမူအယာမျက်နှာပျက်နေသည်ကိုလည်း သတိထားမိလိုက်သည်။ ဒါကိုတော့ ထိပ်တင်မိုး သိလိုက်ပါ။

တစ်ဖက်လူဆိုးများက စဉ်းစားဖို့အချိန်ပေးထားသည့်အတွက် သူမအနေဖြင့် စဉ်းစားရတော့မည်။ သူမတွေဝေနေမိသည်ကို ရုတ်တရက်သတိရမိ၍ စုံထောက်

မင်းရာဇာဘက်သို့ လှည့်ကြည့်မိသည်။

မင်းရာဇာကလည်း သူမကိုအကဲခတ်နေသည်နှင့် အကြည့်ချင်းဆုံသွားကြသည်။

ဒါကိုပင် ထိပ်တင်မိုးက မလုံမလဲဖြစ်ကာ မျက်နှာအမူအယာကို ချက်ချင်းပြင်လိုက်သည်။ မင်းရာဇာနားသို့ လျှောက်လာခဲ့သည်။ မင်းရာဇာကလည်း ထိပ်တင်မိုးအနေ ကြပ်သွားမှာစိုးသည့်အတွက် -

' ဒေါက်တာ အခုဘယ်လိုလုပ်မလဲ၊ ဆရာလည်းမရှိတော့ဘူးဆိုတော့ ဒေါက်တာဆီကို သူတို့မြှားဦးလှည့်လာမှာပဲ၊ ဒေါက်တာလည်းသတိထားနေပါ '

" ဟုတ်ပါတယ် အစ်ကို၊ အစ်ကိုထင်သလိုပါပဲ၊ အခုနက သူတို့ဆီကဖုန်းလာတယ် "

ထိပ်တင်မိုးလည်း ဘာမှမကွယ်မဝှက်တော့ဘဲ သူ့အတွက်အားကိုးစရာဆို၍ ရဲနှင့်စုံထောက်တွေသာရှိပါတော့သည်။

သူတို့နှင့်မှမတိုင်ပင်ရင်လည်း ဖြစ်လာမည့်ပြဿနာ





ကို ဘယ်သူဖြေရှင်းပေးမှာလဲ၊ ဒါကြောင့် မင်းရာဇာကို အကျိုးအကြောင်းပြောပြရတော့သည်။

" ကျွန်မမောင်လေး စည်သူကိုတန်ဆာခံလုပ်ထားတယ်၊ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ အကြံပေးပါဦး အစ်ကို "

' သူတို့က ဒေါက်တာကို ဘယ်လိုပြောလဲ '

ထိပ်တင်မိုးလည်း တစ်ဖက်မှပြောသည့်စကားအားလုံးကို မင်းရာဇာအား တစ်လုံးမကျန်ပြောပြလိုက်သည်။ ထိုအခါ မင်းရာဇာက စဉ်းစားသလိုလုပ်ကာ ခဏဆိတ်ငြိမ်သွားသည်။ ထိပ်တင်မိုးက မင်းရာဇာဆီမှ ဘာများပြောလာမလဲဆိုတာ ငံ့လင့်နေမိသည်။

ထိုအချိန်တွင် ရဲသားတစ်ဦးက -

' ဆရာ အားလုံးပြီးသွားပြီ၊ အလောင်းတွေကိုသယ်လို့ရပြီလား '

" အေး ... ငါလာခဲ့မယ် "

မင်းရာဇာလည်း ရဲသားနောက်လိုက်သွားသည်။

ထိပ်တင်မိုးမှာ မင်းရာဇာဆီမှ ဘာစကားသံမှမကြားရ၍ စိတ်ပျက်နေသည်။ မောင်လေးအတွက် စိတ်ပူနေမိသည်။ သူမ ဘာလုပ်ရမည်နည်း။

ဆရာပေးထားတဲ့ စာရွက်စာတမ်းတွေနဲ့ပဲ မောင်လေးကို ရွေးလိုက်ရမလားဆိုတာ စဉ်းစားမိသည်။ သို့သော် ဆရာ၏အကြံအစည်တွေ ပျက်သွားမှာကိုလည်း မလိုလားပေ။

ထိပ်တင်မိုးစဉ်းစားခန်းဝင်နေစဉ် သူမအနားသို့ မင်းရာဇာပြန်ရောက်လာသည်။

' ဒေါက်တာ ဘာမှစဉ်းစားမနေပါနဲ့၊ ကျွန်တော် ကူညီပေးပါ့မယ် '

သူမစဉ်းစားနေသည်ကို မင်းရာဇာသိသွား၍ သူမ အနေဖြင့် အံ့ဩနေမိသည်။

" ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်မနားမှာ ကူညီမယ့်သူဆိုလို့ အစ်ကိုပဲရှိပါတယ်၊ ကျွန်မတို့အကြောင်းသိတာလည်း အစ်ကိုပဲရှိတော့ အစ်ကို့ကိုပဲအားကိုးရတော့မယ် "





" ဒါဆို ဘယ်လိုဆက်လုပ်မလဲဆိုတာ ကျွန်မကို ပြောပြပါလားအစ်ကို "

' အချိန်ရပါသေးတယ်ဒေါက်တာ အိမ်ပြန်ပြီး အနားယူလိုက်ပါဦး၊ ကျွန်တော်လည်း ဘယ်လိုလုပ်သင့်တယ်ဆိုတာ စဉ်းစားလိုက်ပါ့မယ်၊ သူတို့ဆီကလည်း ဘာမှ မဆက်သွယ်သေးတော့ အချိန်တွေရှိပါသေးတယ် '

' နောက်ပြီး ဒေါက်တာရဲ့မောင်လေးကိုလည်း သူတို့ ဘာမှလုပ်မှာ မဟုတ်ပါဘူး။ သူတို့လိုချင်တဲ့ပစ္စည်းက ဒေါက်တာလက်ထဲမှာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒေါက်တာကို ဆက်သွယ်မှာပါ '

ထိပ်တင်မိုးသည် မင်းရာဇာ၏ အားပေးစကားကြောင့် ပူပင်ကြောင့်ကြမှုများ အနည်းငယ်လျော့ကျသွားလေသည်။

' ကဲ ဒေါက်တာပြန်ပြီးအနားယူလိုက်ပါ။ ကျန်တာတွေ ကျွန်တော်ဆက်ပြီးလုပ်လိုက်ဦးမယ် '

" ဟုတ်ကဲ့အစ်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ

ပြန်လိုက်ပါဦးမယ် ”

ထိပ်တင်မိုးလည်း အားလုံးကိုနှုတ်ဆက်ပြီး ပြန်ခဲ့လေတော့သည်။ အပြန်လမ်းတွင် ကားသာမောင်းနေသည်။ စိတ်ကတော့ ဆရာနှင့်သူ့ရှေ့လုပ်ငန်းစဉ်တွေ စီစဉ်ထားတာတွေကိုသာ အမှတ်ရနေမိသည်။

သည်မြို့လေးမှာ မန္တလေးမြို့နှင့်နီးသည်ဆိုသော်လည်း မိုင်အားဖြင့်ဝေးကွာလှသည်။ သို့သော် သည်မြို့လေးက ပတ်ဝန်းကျင်အခြေအနေသာယာပြီး ရှေးဟောင်းပစ္စည်းများစုစည်းရန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်ကတစ်ကြောင်း၊ နယ်စပ်နှင့်နီးသောကြောင့်လည်းပို၍အဆင်ပြေသည်။

ဒီနေရာလေးမှာ ဆရာဘာကြောင့် ပြတိုက်ဆောက်တာလဲဆိုတာ သူမ သိလိုက်သည်။ ရှေးဟောင်းပစ္စည်းများသယ်ယူရန်လွယ်ကူခြင်း၊ နိုင်ငံခြားသားများလာရောက်ရန်လွယ်ကူသောနေရာဖြစ်ခြင်းတို့ကြောင့် ဆရာ၏အကြံအစည်၊ လုပ်ဆောင်မှုအားလုံးမှာ စနစ်တကျစီစဉ်အကွက်ချ





လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရှိလိုက်ရသည့်အတွက် ဆရာအားမချီးကျူးဘဲ မနေနိုင်အောင်ဖြစ်ရသည်။

အခုတော့ ဆရာလည်းမရှိတော့။ သူမတစ်ယောက်သာ လုပ်ကိုင်ရတော့မည်။ ဆရာ့မှာ သားသမီးများရှိသည်ဟုလည်း သူမသိပါ။ ဆရာ့နောက်ကြောင်းကိုလည်း သူမမေးမိပါ။ ဆရာကလည်း သူ့ကိုဘာမှပြောမပြခဲ့။

ဘာပဲဖြစ်ဖြစ် ဆရာဖြစ်စေချင်သည့် လုပ်ငန်းစဉ်ကိုတော့ သူမဖြစ်ဖြစ်အောင်လုပ်ရပေမည်။

အခု လောလောဆယ်တွင်မူ သူမခေါင်လေးစည်သူအသက်ချမ်းသာရာရအောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲခေါင်းထဲမှာရှိနေသည်။

“ အစ်ကိုမင်းရာဇာရဲ့ ဆက်သွယ်မှုကိုပဲစောင့်ရတော့မယ်။ အစ်ကို့မှာ ဘယ်လိုအစီအစဉ်တွေရှိသလဲဆိုတာစောင့်ကြည့်ရမှာပဲ ”

ထိပ်တင်မိုး မိမိနေထိုင်ခဲ့သောအိမ်ရှေ့သို့ ကားလေးထိုးရပ်လိုက်သည်။ ကားပေါ်မှဆင်းပြီး အခန်းတံခါးသော့

ဖွင့်လိုက်သည်။

သို့သော် သော့ကမဖွင့်မီကတည်းက ပွင့်နေပြီးသား ဖြစ်နေသည်။ အခန်းထဲသို့ တစ်ဦးဦးဝင်သွားသည့်ပုံပင်။

မောင်လေးများဝင်ပြီးမှ ပြန်သွားတာလား ...

ဒါလည်းမဖြစ်နိုင်၊ သူဆီကပြန်သွားပြီးကတည်းက မောင်လေးအား လူဆိုးတွေဖမ်းသွားခဲ့သည်။ ဒါဆို အခန်းထဲကို ဘယ်သူများဝင်သွားပါလိမ့် ...

ထိပ်တင်မိုးစဉ်းစားရင်း အခန်းထဲရှိမီးခလုတ်ကို ဖွင့်လိုက်သည်။ အခန်းတစ်ခုလုံး ဖွာလန်ကျဲနေသည်။ ပစ္စည်းတစ်ခုခုကို ရှာထားသည့်ပုံစံဖြစ်သည်။ ပစ္စည်းအားလုံး မြင်မကောင်းလောက်အောင်ပင် ရှုပ်ပွနေသည်။

စာရွက်စာတမ်းကို လာရှာသည့်ပုံစံပင်။ သူတို့ ရှာတွေ့မသွား၍သာ မိမိကိုဆက်သွယ်တာဖြစ်မည်။ စာရွက်စာတမ်းများကို သူမကအိမ်တွင်မထားပါ။ ဆရာ့ရုံးခန်းထဲက အံဝှက်တစ်ခုထဲတွင် ထည့်ထားသည်။

ထိုနေရာကို သူမနှင့်ဆရာသာလျှင်သိသည်။ ခု





တော့ ဆရာလည်းမရှိတော့သဖြင့် သိသူမှာသူမတစ်ဦးသာ ရှိတော့သည်။

" ဒီလူတွေ ခြေလှမ်းတော်တော်ကျဲတာပဲ၊ ဒီရှေးဟောင်းပစ္စည်းရဲ့အကြောင်း၊ ဒီပစ္စည်းရဲ့ ဒဏ္ဍာရီနဲ့ပတ်သက်တဲ့ အကြောင်းအရာတော်တော်များများကို သိထားတယ်။

ဒီလူတွေကိုတော့ လျှော့တွက်လို့မရဘူး။ ငါ့ရဲ့ အသက်ကိုလည်း စိုးရိမ်ရတယ်၊ ဒါပေမယ့် ငါ့ကိုတော့ သူတို့သတ်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီ စာရွက်စာတမ်းတွေကို ဖတ်တတ်တဲ့သူဆိုလို့ ငါတစ်ယောက်ပဲ ရှိတယ်၊ သူတို့ဆက်သွယ်လာတာကိုပဲ စောင့်ရမှာပဲ "

ထိပ်တင်မိုးလည်း ဘာမှမစဉ်းစားတော့ဘဲ ပစ္စည်းများကိုနေရာတကျပြန်သိမ်းပြီး အဝတ်အစားလဲကာ ရေချိုးရန်ပြင်ဆင်လိုက်သည်။

မိမိအခန်းထဲသို့ဝင်လိုက်သည်၊ ရေချိုးရန်အတွက် မှန် တင်ခုံရှေ့တွင်ရပ်လိုက်သည်။ ပြီးနောက် အဝတ်အစားများချွတ်ကာ မိမိကိုယ်လုံးလေးကို သေသေချာချာကြည့်

လိုက်မိသည်။

" အင်း ...ငါလိုငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်နေရတဲ့ အလုပ်က ဘယ်လိုမှမလိုက်ဖက်ပါလား "

ဟုတွေးလိုက်မိသည်။

စို့နေသောရင်အစုံ ...စွင့်ကားနေတဲ့တင်တစ်စုံနဲ့ ငါးရံ့ကိုယ်လုံးလေးလို လှပကျော့ရှင်းနေတဲ့ မိမိကိုယ်လုံးလေးကို မခို့တရို့လေးလုပ်ကာ ကျေနပ်နေမိသည်။

ယခုအချိန်ထိ ချစ်သူတစ်ယောက်မှမရှိသေးဘူး ဆိုလျှင် ယုံနိုင်ပါ့မလား၊ ယုံတာမယုံတာ သူတို့အလုပ်... မရှိသေးတာက ငါ့အလုပ် ...

မှန်တင်ခုံရှေ့တွင် ထိပ်တင်မိုးတစ်ယောက် ကိုယ်လုံးလေးဟန်ရေးပြကာ မိမိရဲ့ခန္ဓာကိုယ်ကို ကျေနပ်နေမိသည်။ တဒင်္ဂမှာတော့ အန္တရာယ်များကိုမေ့သွားလေတော့သည်။ ကျေနပ်သောအမူရာအဖြင့် ပ်တိတွေဖြာကာ ရေချိုးရန် ရေချိုးခန်းထဲသို့ဝင်ခဲ့လေတော့သည်။ ။





## အခန်း (၃)

## ဆက်သွယ်မှုစီးကြောင်း

ထိပ်တင်မိုး ညနေစာစားနေသည်။ တကိုယ်တည်း ဖြစ်၍ အိမ်တွင်ရှိသည့် အသင့်အစားအစာများကိုသာ ဖြစ်သလို လုပ်စားလိုက်သည်။ စားသောက်ပြီး၍ ဆေး ကြောနေစဉ် ဖုန်းသံမြည်လာသည်။

' ကလင် ...ကလင် ...ကလင် '

ထိပ်တင်မိုး ဖုန်းရှိရာသို့လျှောက်လာပြီး ကောက် ကိုင်လိုက်သည်။

" ဟဲလို ထိပ်တင်မိုးပြောနေပါတယ် "

' ဒေါက်တာလား ကျွန်တော်မင်းရာဇာပါ။ ညနေစာ စားပြီးပြီလား '

" ဟုတ်ကဲ့ အခုပဲစားပြီးသွားပါပြီ "

' ဒါဆိုရင် အအေးလေးဘာလေးသောက်ရအောင် အပြင်ထွက်ခဲ့ပါလား၊ ကျွန်တော် အိမ်ရှေ့ကိုရောက်နေပြီ'

" အိမ်ကိုပဲလာခဲ့ပါလား၊ ကျွန်မ အပြင်မထွက်ချင်တော့လို့ပါ "

' ဒေါက်တာ တစ်ယောက်တည်းနေတဲ့အခန်းကို လာရမှာ ကျွန်တော်အားနာလို့ပါ '

" ရပါတယ်အစ်ကိုရယ် ကျွန်မ အစ်ကို့ကိုယုံပါတယ် အိမ်မှာပဲ အေးအေးဆေးဆေး ဆွေးနွေးရအောင် "

' ဟုတ်ပြီ ...ဒါဆိုကျွန်တော်လာခဲ့မယ် '

မင်းရာဇာလည်း ဖုန်းပိတ်ပြီး ထိပ်တင်မိုးရှိရာအခန်းသို့ လာခဲ့သည်။

မင်းရာဇာ အခန်းဝမှလူခေါ်ဘဲလ်ကိုနှိပ်လိုက်သည်။ ဘဲလ်မြည်သံကြောင့် ထိပ်တင်မိုးအခန်းတံခါးကိုဖွင့်ပေး





လိုက်သည်။

" ဟော အစ်ကို လာလေအထဲကိုဝင်ပါ "

မင်းရာဇာကို ထိပ်တင်မိုး သေသေချာချာကြည့်ဖြစ်သွားသည်။ နေ့ခင်းက အလုပ်ခွင်မှာမို့ အမှတ်တမဲ့ဖြစ်၍ မကြည့်ဖြစ်ခဲ့ပါ။

မကြည့်မိဆိုတာထက် သတိမထားမိတာက ပိုမှန်ပါလိမ့်မည်။

အင်း ...အစ်ကိုက သေသေချာချာကြည့်လိုက်မှ ခန့်ချောကြီးပဲ၊ အရင်က မင်းသားကြီးကျော်ဆွေလိုပုံစံမျိုးဖြစ်သည်။ ယောကျ်ားပီသသည်။ မျက်ခုံးထူပြီး မျက်လုံးကဝိုင်းနေသည်။ မျက်နှာမှာမူ မဝိုင်းမချွန်း အနေတော်လေးဖြစ်သည်။ အရပ်ကတော့ ၆ပေနီးပါးရှိမည်ဟု မှန်းရသည်။ ဝတ်စားဆင်ယင်မှုမှာလည်း စတိုင်ကျလို့လားမသိ၊ ကြည့်ကောင်းနေသည်။ ထိပ်တင်မိုးတစ်ယောက် ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်မှာ ဘယ်လောက်ကြာသွားမှန်းသေးပါ။

'ဒေါက်တာ ... ဒေါက်တာ'

မင်းရာဇာက ထိပ်တင်မိုးမိမိကိုကြည့်နေ၍ မနေ တတ်ဖြစ်ကာ ခေါ်လိုက်မိသည်။ နောက်တစ်ကြိမ် ထပ်ခေါ် လိုက်မှ -

"ဩော် ... အစ်ကိုရာဇာ လာပါထိုင်ပါ"

ထိပ်တင်မိုးမှာ လူမိခံရသလို ပျာပျာသလဲဖြစ်ကာ ပြောမိပြောရာပြောလိုက်မိသည်။ ဒါကို မင်းရာဇာကသိ၍ သူမရှက်သွားမှာစိုးသည့်အတွက် အလိုက်သင့်ပြောလိုက် ရသည်။

'ဒေါက်တာ ဘာတွေတွေးနေတာလဲ၊ ကျွန်တော် ခေါ်နေတာကိုမကြားဘူး၊ သိပ်လည်းမတွေးပါနဲ့၊ ဒေါက်တာ ရဲ့မောင်လေးစည်သူ ဘာမှမဖြစ်နိုင်ပါဘူး'

တကယ်တော့ မင်းရာဇာက သူ့ကိုထိပ်တင်မိုးကြည့် နေမှန်းသိသည်။ မသိသလိုလိုနှင့် ထိပ်တင်မိုးရှက်သွားမှာ စိုးသည့်အတွက် စကားလမ်းကြောင်းပြောင်းလိုက်ခြင်းဖြစ် သည်။





"ဟုတ်ကဲ့ ကျွန်မလဲ အဲဒါပဲဆုတောင်းနေပါတယ်၊ အစ်ကို ဘာသောက်မလဲ အအေးလား၊ အပူလား"

'ရပါတယ် လွယ်တာပဲလုပ်ပါ'

ထိပ်တင်မိုးလည်း မင်းရာဇာရှေ့မှထွက်ကာ ထမင်း စားခန်းထဲသို့ဝင်လိုက်သည်။

"ဟူး ... ခုမှပဲ စိတ်ထဲမှာလွတ်လပ်သွားတော့တယ်၊ အင်း ငါတစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး၊ အခုမှ ဘာကြောင့်ဖြစ် ရတာလဲ၊ အထူးသဖြင့် ကိုရာဇာနဲ့ကျမှ ငါ့စိတ်တွေ ဘယ် လိုဖြစ်တာလဲ၊ ငါ့ကိုငါလည်း မသိတော့ဘူး၊ ငါ့စိတ်ကို လှုပ် ရှားအောင်လုပ်နိုင်သူဟာ သူပဲလား"

စိတ်ကစဉ်းစားနေပေမယ့် လက်ကမင်းရာဇာနဲ့သူ သောက်ရန်အတွက် သံပုရာရည်ဖျော်နေမိသည်။

သံပုရာရည်ပုဂံလေးကိုကိုင်ကာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ မင်းရာဇာ၏ရှေ့သို့ တစ်ခွက်ချပေးသည်။ သူမက တစ်ခွက်ယူကာ မင်းရာဇာ၏ရှေ့တွင်ထိုင်လေ သည်။ ထိုအခါ မင်းရာဇာက စကားစလိုက်သည်။

' ဒေါက်တာဆီကို သူတို့ဖုန်းဆက်သေးလား '

" ဟင့်အင်း ... "

ထိပ်တင်မိုးက ခေါင်းပြလိုက်သည်။ သူမ ခေါင်းခါလိုက်တာကို မင်းရာဇာရဲ့အကြည့်နဲ့ဆုံကာ ရှက်ပြုံးဖြင့် ခေါင်းလေးငုံ့သွားလေသည်။

ဒါကို ရာဇာကမြင်လိုက်မိသည်။ သူမ၏ရှက် ရွံ့နေသောမျက်နှာလေးကို သဘောကျစွာကြည့်လိုက်ပြီး ပြုံးလိုက်မိသည်။ ဒါကိုလည်း ထိပ်တင်မိုးကမြင်လိုက်သည်။

" အစ်ကို ဘာပြုံးတာလဲ ... "

' ဒေါက်တာကို သဘောကျလို့ပါ '

" ရှင် "

ထိပ်တင်မိုးလန့်ဖျန့်ပြီး အာမေဍိတ်ပြုလိုက်မိသည်။ ဒါကို မင်းရာဇာကသူစကားပြော လောသွားမှန်းသိလိုက်၍-

' ဟော ကျွန်တော်စကားပြောတာလောသွားလို့ပါ၊ ဒေါက်တာကရှက်ပြီး ခေါင်းငုံ့လိုက်တာလေးကို သဘောကျလို့ပါလို့ပြောတာပါ '





' သူတို့ဆီက ဖုန်းမလာသေးဘူးဆိုတော့ ကျွန်တော်တို့ သူတို့ဆက်သွယ်တာကို အရင်စောင့်ရမှာပဲ၊ ဒါမှ သူတို့ဆီက စကားအသွားအလာကိုကြည့်ပြီး ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားကြာတာပေါ့ '

' အခုလည်း ကျွန်တော်လာရတာက ဖုန်းများလာပြီလားလို့သိချင်လို့ လာခဲ့တာပါ၊ ဖုန်းဆက်ပြီးမေးရတာထက်စာရင် ခုလိုတွေ့ပြီးမေးရတာ ပိုပြီးကောင်းမလားလို့ လာခဲ့တာပါ '

မင်းရာဇာပြောလိုက်သည့်စကားကို ထိပ်တင်မိုးသဘောကျမိသည်။ အဘယ်ကြောင့်ဆိုသော် သူမကိုဖုန်းနှင့်ပြောရတာထက် လူကိုယ်တိုင်တွေ့ပြီးပြောချင်နေသော မင်းရာဇာကြောင့်ပင်ဖြစ်ပါသည်။ သူမကလည်းရာဇာနှင့် တွေ့ချင်သလားဆိုတာကိုတော့ သူမကိုယ်တိုင်မသိပါ။

နှစ်ယောက်သား စကားပြောများရပ်သွားပြီး ခေတ္တငြိမ်သက်သွားသည်။ မင်းရာဇာကစတင်ပြီး တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်သည်။

' ဒေါက်တာဆီကို ဖုန်းဆက်လာရင် သူတို့ဆီကို ဆက်သွယ်ဖို့လမ်းကြောင်းကို သေချာမှတ်ထားပါ၊ စကားကိုလည်း မတင်မကျလေးပဲပြောထားပါ၊ စဉ်းစားပါအုံးမယ်ဆိုပြီး ကျွန်တော့်ဆီကို ဆက်သွယ်လိုက်ပါ '

" ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်မအလျှင်စလို မဆုံးဖြတ်ပါဘူး၊ အစ်ကိုနဲ့တိုင်ပင်မှာပါ "

ထိုအခါ ရာဇာက နာရီကိုလှမ်းကြည့်လိုက်လေသည်။ အချိန်က ည(၈)နာရီသို့ပြနေသည်။ အခုလိုအချိန်မျိုးတွင် အမျိုးသမီးတစ်ယောက်တည်းရှိသည့်အိမ်၌ သူစိမ်းယောကျ်ားလေးတစ်ဦးရှိမနေသင့်တော့ပါ။ ဒါကြောင့် ပြန်ရန်နှုတ်ဆက်လိုက်သည်။

' ကဲ ... ဒေါက်တာ ကျွန်တော်ပြန်ပါဦးမယ်၊ ဒေါက်တာလည်း တစ်နေကုန်ပင်ပန်းနေတာ အနားယူလိုက်တော့၊ ကျွန်တော်ရောက်လာလို့ အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ပါဗျာ '

" ရပါတယ်အစ်ကိုရယ် ကျွန်မတို့က အလုပ်ကိစ္စ





ဆွေးနွေးတာပဲ ဘယ်လိုမှသဘောမထားပါဘူး "

မင်းရာဇာလည်း ထိုင်ရာမှထကာ ထိပ်တင်မိုးဆီမှ ပြန်ခဲ့လေသည်။ ရာဇာထွက်လာသည်ကို လမ်းဘေးတစ်ဖက်တွင်ရပ်ထားသော ကားလေးတစ်စီးထဲမှ လူနှစ်ယောက်က အကဲခတ်နေသည်။ ဒါကို မင်းရာဇာမသိလိုက်ပါ။ ရာဇာလည်း ကားလေးကိုမောင်းပြီး မိမိအခန်းရှိရာသို့ ပြန်လာခဲ့လေသည်။

' ကလင် ... ကလင် ... ကလင် '

တယ်လီဖုန်းသံမြည်လာသည်။ ထိပ်တင်မိုးလည်း ဖုန်းရှိရာသို့ထလာခဲ့သည်။ အစ်ကိုများ ပြောစရာကျန်သေးလို့ ဖုန်းဆက်တာများလားဟု အထင်ရောက်ကာ ကောက်ကိုင်လိုက်မိသည်။

" ဟဲလို ထိပ်တင်မိုးပြောနေပါတယ် '

" ဒေါက်တာ အခုကျွန်တော်ပြောတဲ့စကားကို သေသေချာချာနားထောင်ပါ၊ ဒေါက်တာဆီမှာရှိတဲ့ စာရွက်စာတမ်းနဲ့ ဒေါက်တာမောင်လေးကိုရွေးဖို့ကိစ္စပါ၊ ဒါပေမယ့်

တခြားသူစိမ်းတွေ၊ မလိုအပ်တာတွေ ပါမလာစေချင်ဘူး၊ အဲဒါ ဒေါက်တာ နားလည်ပါတယ်နော်၊ အခု ကျွန်တော်တို့ အေလာမြို့ကိုရောက်နေတယ် '

'ဒေါက်တာအနေနဲ့ မနက်ဖန်လေယာဉ်နဲ့ လိုက်လာစေချင်တယ်၊ လေယာဉ်ဆိုက်တာနဲ့ ကျွန်တော်ရဲ့လူတစ်ယောက်က ဒေါက်တာကိုလာကြိုလိမ့်မယ်၊ ကျွန်တော့်လူက ဒေါက်တာကိုသိတယ်၊ ဒေါက်တာလာရင် တစ်ယောက်တည်းလာပါ၊ ကျွန်တော်တို့မှာထားတဲ့ စာရွက်စာတမ်းတွေ အပြည့်အစုံ ပါပါစေ၊ ကောင်းသောညပါ ဒေါက်တာ ...'

တစ်ဖက်မှပြောပြီးဖုန်းချသွားသည်။ ထိပ်တင်မိုးလည်း ဘာပြန်ပြောရမှန်းမသိဘဲ စဉ်းစားနေမိသည်။ အစ်ကိုမှာထားသလို အစ်ကို့ဆီကိုပဲ ဖုန်းဆက်အကြောင်းကြားပြီး အကြံဉာဏ်ယူရရင် ကောင်းမလား ...

တွေးရင်းဖြင့် သက်ပြင်းတစ်ချက်ကို ခိုးချလိုက်မိလေတော့သည်။ ။





## အခန်း (၈)
## ခရီးတစ်ခုစတင်ခဲ့ပြီ

" အေလာလေဆိပ် "

လေယာဉ်တစ်စီး မြေပြင်သို့ငှက်တစ်ကောင်အလား ပြေးလမ်းပေါ် ဆင်းလာနေသည်။ လေယာဉ်ပြေးလမ်း တစ်နေရာအရောက် လေယာဉ်အရှိန်လျော့ကာ ရပ်သွားသေသည်။ လေယာဉ်ပေါ်မှခရီးသည်များ တစ်ယောက်ပြီး တစ်ယောက် ဆင်းလာသည်။

ထိုအထဲတွင် ထိပ်တင်မိုးလည်းပါလာသည်။

ထိပ်တင်မိုး လေယာဉ်ကွင်းအဆောက်အဦထဲသို့

ရောက်လာသည်။ လေယာဉ်အဆောက်အဦမှာ မကျဉ်း မကျယ်ဖြစ်သည်။ သူမကို လာကြိုမည်ဟုပြောထားသောသူကို ရှာနေမိသည်။

ထိုအချိန် သူမအနားသို့ လူငယ်တစ်ဦးကပ်လာသည်။ သူမထက်ငယ်ပုံရသည်။ လူငယ်က -

' အစ်မက ဒေါက်တာထိပ်တင်မိုးလား '

" ဟုတ်ပါတယ် "

' ဒါဆို ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ ကျွန်တော့်မှာကားပါလာတယ် '

လူငယ်ကဦးဆောင်ပြီး ရှေ့ကသွားသည်။ ထိပ်တင်မိုးက နောက်မှခရီးဆောင်အိတ်ဆွဲကာ လိုက်ခဲ့သည်။ လေယာဉ်ရုံး အဆောက်အဦရှေ့ရှိ လင့်ရိုဗာကားနားသို့ ရောက်သောအခါ လူငယ်က ထိပ်တင်မိုးကို ကားတံခါးဖွင့်ပေးလိုက်သည်။

ထိပ်တင်မိုးလည်း ကားထဲဝင်ထိုင်လိုက်သည်။ ပြီးနောက် လူငယ်ကကားလေးကို မောင်းထွက်လာခဲ့သည်။





' အေလာမြို့မှကြိုဆိုပါ၏ ' ဟူသောဆိုင်းဘုတ်လေးကို လေယာဉ်ကွင်းအထွက်တွင် တွေ့လိုက်ရသည်။ တကယ်တမ်းကျတော့ ဤမြို့ကလေးမှာ သူမအနေဖြင့် မစိမ်းလှပါ။ ဒုတိယအကြိမ်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

ပထမအကြိမ်က ရှေးဟောင်းပစ္စည်းများလာရောက်ရှာဖွေ၍ ဆရာနှင့်အတူရောက်ခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ ဆရာမပါဘဲ သူမတစ်ဦးတည်းရောက်ခဲ့ရပြန်ပြီ။

ဒီတစ်ခါလာခြင်းက သူမမောင်လေးကိုလာတွေ့ဖို့၊ လာရွေးဖို့အတွက်ဟုဆိုလျှင် ပိုပြီးမှန်လိမ့်မည်။ လမ်းဘေး ဝဲယာတစ်လျှောက် ရှုခင်းများကိုကြည့်နေစဉ် ...

' ဒေါက်တာ ဘာမှမစားရသေးဘူးနဲ့တူတယ် '

ထိပ်တင်မိုးကဂရုမစိုက်သလို၊ မကြားသလိုနေလိုက်၏။

" ကျွန်မမောင်လေးစည်သူ ဘယ်မှာလဲ "

' ဘာမှမဖြစ်ပါဘူး၊ ကောင်းကောင်းမွန်မွန်ရှိပါတယ်'

" အခု ဘယ်ကိုသွားနေတာလဲ "

' ဒေါက်တာ ရှခင်းတွေကြည့်ပြီး အေးအေးဆေး ဆေးလိုက်ခဲ့ပါ '

" ကျွန်မကို ဘယ်ခေါ်သွားနေတာလဲ "

' ဟိုရောက်ရင် သိမှာပါ '

ကားမောင်းသည့်လူငယ်လေးက ထိပ်တင်မိုးမေး သည်ကိုဖြေနေရသလို ကားကိုလည်း ဂရုတစိုက်မောင်းနေ ရသည်။

ထိုအခါ နောက်မှကားတစ်စီးလိုက်လာသည်ကို တွေ့လိုက်ရသည်။ လူငယ်က -

' နောက်မှာ ကျွန်တော်တို့နောက်ကို ကားတစ်စီး လိုက်နေတယ်၊ ဒေါက်တာဝပ်နေပါ၊ ကျွန်တော်ကားကို လမ်းကြောင်းပြောင်းပြီးမောင်းမယ် '

ထိပ်တင်မိုးလည်း ကားမောင်းသည့် လူငယ်ပြော လိုက်မှ နောက်သို့လှည့်ကြည့်လိုက်မိသည်။ ကားလေးက ဝေးနေ၍ သိပ်ပြီးသဲသဲကွဲကွဲမမြင်ရ။ တဖြည်းဖြည်းနှင့်နီး





လာသောအခါ သူမစီးလာသောကားက အရှိန်မြှင့်ပြီးလမ်း ကြောင်းပြောင်းကာ မြို့ပြင်သို့ဦးတည်လိုက်လေသည်။

နောက်မှကားကလည်း ထပ်ချပ်မကွာလိုက်လာ သည်။ ကားနှစ်စီးမှာ နီးလာလိုက်၊ ဝေးသွားလိုက်ဖြစ်နေ သည်။ ထိပ်တင်မိုးစီးလာသောကားလေးသည် မြို့ပြင် တစ်နေရာရှိ ခြံကျယ်ကြီးဘေးလမ်းသို့ မောင်းဝင်လိုက် လေသည်။

ပြီးနောက် ထောင့်ချိုးတစ်နေရာတွင်ရပ်ကာ ကား မောင်းသူက ကားတံခါးဖွင့်ကာဆင်းလိုက်ပြီး နောက်ကားကို စောင့်နေသည်။

ထိပ်တင်မိုးကလည်း ကားထဲတွင်မနေဘဲ ကားထဲမှ ဆင်းကာ အနီးဆုံးရှိဂိုဒေါင်တစ်ခုနားသို့ကပ်သွားသည်။ ဂိုဒေါင်တံခါးကိုတွန်းဖွင့်ကာဝင်လိုက်ပြီး ပုန်းနေလိုက်သည်။

နောက်မှလိုက်လာသောကားလေးသည် ရှေ့ကား ဆိုက်လာပြီး ကားရပ်ထားသည်ကိုတွေ့လိုက်ရသဖြင့် ခပ် လှမ်းလှမ်းတွင်ရပ်ကာ အခြေအနေကိုကြည့်နေသည်။

ထိပ်တင်မိုးစီးလာသည့်ကားပေါ်မှလူငယ်က သူ့တွင်ပါလာသည့်သေနတ်ဖြင့် နောက်မှကားကို လှမ်းပစ်လိုက်သည်။

နောက်ကားပေါ်တွင် လူနှစ်ယောက်ပါလာသည်။ သူကတစ်ယောက်တည်း။ အခြေအနေမဟန်တော့မှန်းသိသည့် လူငယ်က ပြေးပေါက်ရှာလိုက်သည်။

ထိုအချိန် သူ့ဘေးမှကုန် တင်ကားတစ်စီးမောင်းလာသည်ကို တွေ့လိုက်ရသည်။

လူငယ်လည်း စဉ်းစားမနေတော့ဘဲ ကုန်ကားထဲသို့ ဝင်ပုန်းကာလိုက်လာခဲ့လေသည်။ နောက်မှလိုက်လာသူ နှစ်ယောက်လည်း အခြေအနေငြိမ်သက်သွားသဖြင့် မသင်္ကာစိတ်ဖြင့် ရှေ့သို့တရွေ့ရွေ့တိုးလာခဲ့သည်။

လင့်ရှိုဘာကားနားရောက်သောအခါ ကားထဲသို့ရှာဖွေသော်လည်း မည်သူ့ကိုမျှမတွေ့သဖြင့် ဘေးပတ်ဝန်းကျင်ကို ရှာဖွေနေသည်။

ခပ်လှမ်းလှမ်းသို့ ရောက်သွားသည့် ကုန်ကားတစ်စီး





ကိုသာမြင်လိုက်ရသည်။

နောက်မှလိုက်လာသူနှစ်ယောက်က ဘေးပတ်ဝန်းကျင်ကိုအကဲခတ်ကာ တစ်ယောက်က ကားဂိုဒေါင်တစ်ခုတွေ့၍ ဝင်ရန်တံခါးကိုတွန်းအဖွင့် -

' ဒုံး '

" အား "

ဂိုဒေါင်တံခါး ရုတ်တရက်ဆောင့်ဖွင့်လိုက်သံကြောင့် တံခါးဖွင့်ရန် လက်ကိုင်လိုက်သောသူ၏ နှာရိုးကိုထိသွားသည်။ ဂိုဒေါင်ထဲမှ အမျိုးသမီးတစ်ဦးထွက်လာသည်။

သူမက ဆက်ပြီးတိုက်ခိုက်ရန်ပြင်ဆင်နေစဉ် နောက်တစ်ဦးရောက်လာပြီး လက်ကိုဖမ်းဆွဲလိုက်သည်။

" ဟင် ... အစ်ကို "

ထိပ်တင်မိုးလည်း အံ့ဩကာကြောင်ပြီးကြည့်နေမိသည်။ သူမ၏ကားနောက်မှလိုက်လာသူမှာ မင်းရာဇာတို့ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

" အစ်ကိုတို့က ဘယ်လိုဖြစ်ပြီး အေလာရောက်နေ

တာလဲဟင် "

'ဒီလိုပဲပေါ့ ဒေါက်တာကိုသူတို့လက်ထဲမရောက်စေ ချင်လို့ အချိန်မီလိုက်လာတာပါ'

" ဒါဆို အစ်ကိုတို့ကြိုသိနေတယ်ပေါ့ "

'ဟုတ်ပါတယ်'

ထိုအချိန်တွင် နာရီကိုထိသွားသောသူက သူတို့နား သို့ရောက်လာသည်။

ထိုအခါ ရာဇာက -

'ဒေါက်တာ သူကကျွန်တော့်ရဲ့သူငယ်ချင်း၊ ဒီမြို့မှာ တာဝန်ကျတဲ့သူပါ၊ သူ့ရဲ့အကူအညီနဲ့ အခုလို ဒေါက်တာ နောက်ကိုလိုက်လာနိုင်တာပါ၊ သူ့နာမည်က ဇော်ရှင်းပါ'

" စိတ်မကောင်းပါဘူးရှင် ကျွန်မက လူဆိုးအောက် မေ့လို့ အခုလိုလုပ်လိုက်တာ တောင်းပန်ပါတယ် "

'ရပါတယ်ဗျာ ဒါကလဲဖြစ်တတ်ပါတယ်'

ထို့နောက် ဇော်ရှင်းက ...

'ကဲ ဒေါက်တာ ဟိုကောင်တော့မရှိတော့ဘူး





ပြေးပြီ ဒေါက်တာရဲ့ပစ္စည်းတွေ ကျွန်တော်တို့ကားထဲ ပြောင်းထည့်ရ အောင်၊ ပြီးတော့ ကျွန်တော်တို့ ကားပြောင်း ပြီးသွားရဦးမယ်၊ ကျွန်တော်ရဲ့သူငယ်ချင်းတစ်ယောက် နဲ့တွေ့ဖို့ တစ်နေရာမှာချိန်းထားတယ်၊ ကျွန်တော်တို့က အရင်ရောက်နေရင်ပိုကောင်းမယ်'

သူတို့သုံးယောက်စလုံး သူတို့မောင်းလာခဲ့သည့်ကား လေးဖြင့် မြို့ပြင်ရှိတံတားအောက်သို့မောင်းလာခဲ့လေသည်။

" အစ်ကိုက ကျွန်မအေလာကိုလာမယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲဟင် "

'ဒါကလွယ်ပါတယ် လေဆိပ်၊ ကားဂိတ်တွေမှာ ကြို ပြီးမှာထားတာပေါ့၊ ပြီးတော့ ဒေါက်တာတို့နောက်မှာ ကျွန်တော့်လူတစ်ယောက်လွှတ်ထားတယ်'

ထိပ်တင်မိုး ခေါင်းငြိမ့်လက်ခံလိုက်ရလေသည်။

'ပြီးတော့ ဒေါက်တာ့ကိုသူတို့လက်ထဲမရောက်ခင် ဒေါက်တာဆီမှာပါတဲ့ စာရွက်စာတမ်းတွေကို ကျွန်တော်တို့ လည်း သိထားချင်လို့ပါ၊ ဒီပစ္စည်းတွေက ရှေးဟောင်းပစ္စည်း

ဖြစ်တာကတစ်ကြောင်း၊ ဒဏ္ဍာရီဆန်ပြီး အန္တရာယ်ဖြစ်မှာ လည်းစိုးရိမ်လို့ပါ '

" ဟုတ်တယ်အစ်ကို ဒီပစ္စည်းတွေကို သူတို့လက်ထဲ အထူးသဖြင့် မော်ဝင်ဓားကို သူတို့လက်ထဲမရောက်စေချင်ဘူး၊ မော်ဝင်ဓားကြောင့် မော်ဝင်ဓားမှာစောင့်ရှောက်နေတဲ့ ခေါင်းသုံးလုံးနဲ့ခွေးဘီလူးက တွေ့တဲ့လူတိုင်းကို အန္တရာယ်ပေးမှာကို စိုးရိမ်လို့ပါ "

" တစ်ချိန်တုန်းက ဒီဓားအကြောင်းကိုသိတဲ့လူနှစ်ယောက်လည်း အသေဆိုးနဲ့သေခဲ့ရတယ် "၊

' ဘာဖြစ်လို့လဲ '

ထိပ်တင်မိုးက ထိုလူနှစ်ဦး၏ဖြစ်ပျက်ပုံအစုံကို အစအဆုံးပြောပြလိုက်သည်။

" ဒါကလဲ သူတို့ရဲ့အကြောင်းကိုသိလိုက်ရတဲ့ လူတစ်ဦးက လက်တွေ့မြင်တွေ့ခဲ့ပြီး မှတ်တမ်းရေးခဲ့လို့ သိရတာပါ။ အခုသူလည်း မရှိတော့ပါဘူး။ ဆုံးသွားပါပြီ။ အဖြစ်အပျက်က ဒီလိုပါအစ်ကို ..."





## အခန်း (၉)

## ဂန္ဓဝင်တောင်သို့

အေလာမြို့သို့ လူ(၃)ဦးရောက်လာသည်။ သူတို့ ...ဦးမှာ လူစိမ်းများဖြစ်နေကြသဖြင့် မြို့ခံလူများက အကဲ ...ကြည့်နေကြသည်။ ထိုလူ(၃)ဦးသည် မြို့လယ်ကောင်ရှိ ...သောက် ဆိုင်တစ်ခုထဲသို့ဝင်လာကြသည်။ သူတို့သုံးဦး ...မှာ ကျောတွင်ခရီးဆောင်ကျောပိုးအိတ်များ လွယ်ထား ...သဖြင့် ခရီးသွားများဖြစ်ကြောင်း မေးရန်ပင်မလိုပါ။ ဝတ် ...သည်ကလည်း သုံးဦးစလုံး ဘောင်းဘီများဝတ်ထားကြ ...။ ဆိုင်ထဲရှိလူတစ်ဦးက-

' လာပြန်ပြီ နောက်တစ်ဦး၊ ဒဏ္ဍာရီဓားကိစ္စ
ဖြစ်မယ်၊ သူတို့လာတာက အကြောင်းမဟုတ်ဘူး၊ ဒီဓားက
ကျိန်စာဓားဖြစ်နေတာ သူတို့မသိဘူးလား၊ ဒါမှမဟုတ်
သိရက်နဲ့များလာကြတာလား၊ ဘယ်နေ့မှာ အသေဆိုး
သေမလဲဆိုတာ စောင့်ကြည့်ရမှာပဲ '

ယခုကဲ့သို့ပြောနေသူမှာ အဘိုးကြီးတစ်ဦးဖြစ်ပြီး
သူ့ဘေးမှ လူတစ်ဦးကိုပြောနေခြင်းဖြစ်သည်။ ဒီဓားရဲ့အ
ကြောင်းကို တော်တော်သိနေသည့်ပုံဖြစ်ပြီး အတွေ့အကြုံ
လည်းရှိပြီးသား၊ ကြုံဖူးပြီးသားဆိုတာသိသာသည်။

ထိုအချိန် ခရီးသွားသုံးဦးသည် အဘိုးကြီးနားသို့
ရောက်လာသည်။ အဘိုးကြီး၏စားပွဲနားရှိ စားပွဲတစ်လုံး
တွင် ဝင်ထိုင်လိုက်ကြသည်။ စားစရာများကို မှာယူစား
သောက်နေကြသည်။ စားစရာများစားသောက်ပြီးနောက်
ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်သည်။ မိမိတို့စားပွဲနားတွင်
အဘိုးကြီးတစ်ယောက်ထိုင်နေသည်ကိုတွေ့လိုက်ရသည်။

ထိုခရီးသွားသုံးဦးထဲမှတစ်ဦးက အဘိုးကြီးရှိသည့်





စားပွဲသို့ထလာကာ ...

' ဒီမှာ ... အဘ၊ အကူအညီတစ်ခုတောင်းချင်လို့ပါ
ခင်ဗျာ'

" ဘာများလဲကွယ့် "

' ဒီမြို့ကနေပြီး ဂန္ထဝင်တောင်ကို ဘယ်လိုသွားရ
သလဲဆိုတာ သိချင်လို့ပါ '

" မောင်ရင်တို့က ဂန္ထဝင်တောင်ကို ဘာသွားလုပ်
လို့လဲကွ "

' ဒီလိုပါခင်ဗျာ ကျွန်တော်တို့ သမိုင်းသုတေသီ
တွေပါ၊ လွန်ခဲ့တဲ့နှစ် ၅၀၀က ရှေးဟောင်းပစ္စည်းတစ်ခု
ဂန္ထဝင်တောင်မှာရှိတယ်ဆိုတာ သိထားလို့ပါ။ အဲဒါ ကျွန်တော်
တို့ရှာဖော်ယူပြီးတော့ ပြတိုက်မှာထားချင်လို့ပါ၊ ပြီးတော့ လေ့
လာစရာတွေရှိတာကိုလည်း သုတေသနလုပ်ချင်လို့ပါ '

" အဘ အကြံတစ်ခုပေးပါရစေ "

' ဟုတ်ကဲ့ပြောပါ အဘ... '

" ဂန္ထဝင်တောင်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းဆိုတာ

လွှန်ခဲ့တဲ့နှစ်ငါးရာက ဗိုလ်မှူးလေးနရသခ်သူရဲ့ ဒဏ္ဍာရီ ဓားတစ်ချောင်းပဲရှိတယ်။ အဲဒီဓားဟာ ကျိန်စာမိနေတဲ့ဓား ပဲ၊ မောင်ရင်တို့ကိုသွားမယူစေချင်ဘူး၊ ဒီဓားမှာအစောင့်ရှိ တယ်၊ ဒီဓားကိုရတဲ့လူဟာ ဓားကိုစောင့်နေတဲ့ ခေါင်းသုံးလုံး နဲ့ခွေးဘီလူးက ကိုက်စားလိုက်ကြတယ် "

" ဒီဂန္ဓဝင်တောင်ကို ရောက်တဲ့လူတွေဟာလည်း အပြန် လမ်းဆိုတာမရှိကြဘူး၊ အဘရဲ့ သက်ရှိထင်ရှားရှိနေ စဉ်အချိန်မှာပဲ လူနှစ်စုသွားခဲ့ကြတယ်။ တစ်ဦးမှလည်း ပြန် လာတာမတွေ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီတောင်ရဲ့ အသွားလမ်းနဲ့ အပြန်လမ်းဟာ ဒီမြို့ကပဲဖြတ်သွားရလို့ပဲ"

" အခုလဲ မောင်ရင်တို့နဲ့ပါဆိုရင် (၃)ကြိမ်မြောက်လူ တွေပဲ၊ အဘက မောင်ရင်တို့ကို ဘာမှမဖြစ်စေချင်လို့ပါ "

ထိုအခါ မေးလိုက်သည့်လူက -

' ကျွန်တော်တို့ကတော့ ဒါတွေအယုံအကြည်မရှိ ပါဘူး၊ ခုလိုသိပ္ပံခေတ်မှာ ဒဏ္ဍာရီဆိုတာ ဟိုအဝေးမှာ ကျန်ခဲ့ပါပြီ၊ အဘရဲ့စေတနာကို ကျွန်တော်လေးစားပါတယ်





ကျွန်တော်တို့က သမိုင်းသုတေသနကဆိုတော့ အချို့ကိစ္စရပ် တွေကို နားလည်သဘောပေါက်ထားပါတယ် '

' ဒါပေမယ့်အဘရယ် ကျွန်တော်တို့ ဒီဒဏ္ဍာရီဓားကို ရရင် ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ်ကို ဆောင်နိုင်မှာပါ၊ အဲဒီ ခေတ်ကာလက လူတွေရဲ့အကြောင်းတွေကိုပါ သိနိုင်ပါ လိမ့်မယ်၊ ကျွန်တော်တို့ မှတ်တမ်းပြုစုချင်လို့ပါ၊ ဒါကြောင့် ကျွန်တော်တို့ကို ကျေးဇူးပြုပြီး လမ်းလေးပဲညွှန်ပြပေးပါ။ ကျန်တာတွေကိုတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ဒီစဉ်သွားပါ့မယ် '

" အေးလေ မောင်ရင်တို့က သိပ်ပြီးဆန္ဒရှိနေမှတော့ အဘလည်း မတားတော့ပါဘူး၊ လမ်းညွှန်ပေးလိုက်ပါ့မယ်၊ မောင်ရင်တို့ ကံကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ် ကွယ်"

လူသုံးဦးဖြစ်သည့် ခင်ဇော်ဦး၊ နိုင်မျိုးဦးနှင့် စိုးလင်း တို့ သမိုင်းသုတေသီသုံးဦးသည် အဘိုးကြီးလမ်းညွှန်သည့် အတိုင်း အေးလာမြို့မှ စတင်ခရီးထွက်ခဲ့ကြသည်။ အေးလာ

မြို့တွင် တစ်ညတာနားခဲ့ကြပြီး မနက်နေမထွက်ခင် ခရီးစခဲ့ကြသည်။ ဂန္ဓဝင် တောင်သို့ ညနေ(၄)နာရီတွင် ရောက်ခဲ့ကြသည်။

ဂန္ဓဝင်တောင်ဆိုသည့်အတိုင်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိတ်ထဲတွင်ထူးဆန်းနေသလို ထင်ရသည်။ အဘယ်ကြောင့် ဆိုသော် ဂန္ဓဝင်တောင်ဟုသာဆိုရသည်။ တောင်မှာ ထီးထီးကြီးသာဖြစ်သည်။

တောင်မှာလည်း သိပ်မမြင့်လှ၊ ပေ(၆၀၀/၇၀၀) ခန့်သာရှိသည်။ တောင်တစ်ခုလုံးမှာ ခြုံနွယ်များဖြင့်ပြည့်သိပ်နေသည်။ တောင်ပတ်ပတ်လည်တွင် ပန်းမျိုးစုံဖူးပွင့်နေကြသည်။ ပန်းများမှာလည်း အမျိုးစုံလှသည်။ အပွင့်သေးမှအပွင့်ကြီးထိ ရောင်စုံလှသည်။

ခင်ဇော်ဦးက တောင်ပေါ်သို့တက်ရန် လမ်းကြောင်းကိုလိုက်ကြည့်သည်။ တောင်၏ညာဘက်တွင် လမ်းကြောင်းလေးတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ထိုနေရာကို မိမိတွင်ပါလာသော ဂေါ်ရခါးဓားဖြင့်ရှင်းလိုက်သည်။





ထင်သည့်အတိုင်းပင် လှေကားထစ်လေးဖြစ်နေသည်။ သူ့သူငယ်ချင်း နိုင်မျိုးဦးနှင့်စိုးလင်းတို့ကို လှမ်းခေါ်လိုက်သည်။

" နိုင်မျိုးဦးနဲ့စိုးလင်းတို့ရေ ဒီကိုခဏလာပါဦး "

' ဘာဖြစ်တာလဲ ခင်ဇော်ဦး '

" ဒီမှာ လှေကားထစ်တွေ့ပြီကွ အပေါ်တက်လို့ရပြီ ဒီတောင်ကိုတက်ဖို့ လမ်းကြောင်းရှာတာတွေ့ပြီ၊ ဒီတောင်က ထူးဆန်းတယ်ကွ၊ ဂန္ဓဝင်တောင်ဆိုတဲ့အတိုင်း ဂန္ဓဝင်များဖြစ်နေမလား "

' ငါဒီကိုမလာခင်တုန်းက ဂန္ဓဝင်တောင်ဆိုတာ အရမ်းမြင့်မယ်ထင်တာ အခုတော့ ပေ၆၀၀/၇၀၀ လောက်ပဲမြင့်တယ်။ ဒါပေမယ့် တောင်ပေါ်တက်ဖို့ကြည့်ပြန်တော့ တောင်တစ်ခုလုံး ခြုံနွယ်တွေနဲ့ပြည့်နေတော့ ဘယ်ကစတက်ရမှန်းမသိဘူး၊ အခုမှ လမ်းကြောင်းတွေ့တယ် '

" ဒီတောင်ကိုတက်ဖို့ လမ်းကြောင်းဖောက်ထားပေးတယ်ဆိုတော့ ဒီတောင်ဟာ တောင်အစစ်တော့မဖြစ်နိုင်ဘူး၊

လူတွေဖန်တီးထားတဲ့တောင်သာဖြစ်ရမယ် "

ခင်ဇော်ဦးက သူ့ထင်မြင်ချက်ကိုပြောနေသလို ကျန် နှစ်ယောက်ကလည်း ထင်မြင်ချက် အသီးသီးပေးနေကြ သည်။ သူတို့ သုံးဦးစလုံး တောင်ပေါ်မတက်သေးဘဲ တောင်နှင့်မနီးမဝေးတွင် ယာယီတဲထိုးကာ နားနေကြသည်။ မနား၍လည်းမဖြစ်ပါ။

ညနေစောင်းပြီဆိုတော့ ပတ်ဝန်းကျင်ကမှောင်ရီ သမ်းလာပြီး ချမ်းအေးစပြုလာပြီဖြစ်သည်။

ယာယီတဲထိုးပြီးသည်နှင့် ညနေစာစားရန် ပြင်ဆင် ကြသည်။ ပတ်ဝန်းကျင်ကိုအကဲခတ်ကာ ရေရနိုင်မည့်နေရာ ကိုရှာကြည့်ကြသည်။ တဲနားတွင် ခင်ဇော်ဦးက ကျန်နေရစ် ခဲ့ပြီး မီးမွေးနေလေသည်။ အနီးအနားရှိ ထင်းခြောက် ထင်း တုံးများကိုစုနေသည်။

နိုင်မျိုးဦးနှင့်စိုးလင်းက ရေရှာထွက်လာခဲ့ရာ တစ်ဖာ လုံနှစ်ဖာလုံခန့်ရောက်သော စမ်းချောင်းရေစီးသံကိုကြား လိုက်ရသည်။ နိုင်မျိုးဦးက ဝမ်းသာသွားသည်။





နှစ်ယောက်သား စမ်းချောင်းလေးရှိရာသို့ ရောက် လာကြသည်။ စမ်းချောင်းသာဆိုသော်လည်း ရေကန် အသေးစားလေးဖြစ်နေသည်ကိုတွေ့ရသည်။

တောင်ဘက်တွင် ရေတံခွန်ငယ်တစ်ခုမှ ရေစီးသံ ကြောင့် စမ်းချောင်းလေးဟုထင်ခဲ့မိသည်။ သို့သော် သူတို့လို ချင်သည့်ရေရဖို့က အဓိကမဟုတ်ပါလား။

နှစ်ယောက်သား ရေကန်လေးမှရေကို ရေဘူးတွင် ဖြည့်ကာပြန်ခဲ့ကြသည်။ ယာယီတဲနားသို့ရောက်သော် ခင်ဇော်ဦးက မီးမွေးပြီးသားဖြစ်နေသည်။

နောက် ညနေစာစားရန်ပြင်ဆင်ကြလေသည်။ စား သောက်ရင်း ခင်ဇော်ဦးက စောစောကပြောခဲ့သည့် သူ့ စကားကိုဆက်ပြန်သည်။

" ဒီတောင်ကို လူဖန်တီးထားတယ်ဆိုရင် တောင်ထဲ မှာ တစ်ခုခုတော့ ထူးခြားမှာအမှန်ပဲ၊ တို့ ဒီတောင်ပေါ် တက်ခဲ့ရင် အရမ်းမတက်ကြဘဲ လေ့လာရဦးမယ် "

" နောက်ပြီး ဒီတောင်က သဘာဝတောင်မဟုတ်ဘဲ

ကျောက်တောင်ဖြစ်ရင်ဖြစ် ဒါမှမဟုတ် ဂဝံတောင်ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ဂဝံလမ်းတွေပဲ တွေ့ခဲ့တယ် "

" တစ်ချို့လမ်းဘေးတစ်လျှောက်မှာလဲ ဂဝံတောင်ကမူတွေကိုတွေ့ခဲ့ရတယ်။ ဒီတော့ ပတ်ဝန်းကျင်ကိုလေ့လာလိုက်ရင် ဒီတောင်ကို ဂဝံတောင်မျိုးနွယ်တစ်ခုအဖြစ် ဖန်တီးထားတာဖြစ်ရမယ်။ နှစ်ပေါင်းကြာလာတော့ အောက်ခံဂဝံတောင်ဟာ ရေညှိတက်ပြီး ခြုံနွယ်တွေကြောင့် သဘာဝတောင်အစစ်လိုဖြစ်ခဲ့ရတယ်လို့ထင်တယ် "

' ဘာပဲဖြစ်ဖြစ်လေ ရှေးခေတ်က မင်းမျိုးမင်းနွယ်တွေဟာ သူတို့အရှင်သခင်ရဲ့အုတ်ဂူကို ဘယ်တော့မှ ဖြစ်ကတတ်ဆန်းမလုပ်ကြဘူး။ အန္တရာယ်တစ်ခုခုက ကာကွယ်ဖို့အတွက် တစ်ခုခုတော့ ဖန်တီးထားတတ်ကြတယ် '

' ဥပမာပြောရရင် ယန္တရားတစ်ခုဖြစ်ရင်ဖြစ် မဟုတ်ရင် ကျိန်စာတစ်ခုခုတိုက်ထားတတ်ကြတယ်။ သူတို့ရဲ့ကျိန်စာတွေကလည်း မှန်ကန်တတ်ကြတယ် '





" တို့တွေလာတုန်းက အေသင်မြို့က အဘိုးကြီးပြောသလို ကျိန်စာတိုက်ထားတယ်ဆိုတာ ဖြစ်နိုင်တယ် "

ခင်ဇော်ဦး၏ထင်မြင်ချက်ကို ကျန်နှစ်ယောက်ကလည်း ထောက်ခံကြသည်။

စိုးလင်းက -

' ဒါဆိုရင် မင်းပြောတာက ဒီတောင်ဟာဂဝံတောင်လို့ ဆိုလိုတာလား '

" ဆိုလိုတာမဟုတ်ဘူး ဂဝံတောင်အစစ်ဖြစ်ကိုဖြစ်ရမယ် "

နိုင်မျိုးဦးက စားစရာများပြင်ဆင်နေသည်။ သူတို့နှစ်ဦးပြောနေသည့်စကားများကို ကြားသော်လည်း ဘာမှဝင်ရောက်ဆွေးနွေးပြောဆိုခြင်းမရှိပါ။

' ကဲ ... ဘော်ဒါတို့ စားဖို့အသင့်ဖြစ်ပြီ၊ စားကြစို့ '

နိုင်မျိုးဦးက သူတို့နှစ်ယောက်ကိုခေါ်လိုက်သည်။ သုံးယောက်သား ပါလာသည့်စားစရာများဖြင့် ဖြစ်သလိုစားလိုက်ကြသည်။

အချိန်ကလည်း ည(၇)နာရီကျော်လာပြီ။ ညသည်လည်းမှောင်လာပြီဖြစ်သည်။ ပတ်ဝန်းကျင်မှ တစ်ခါတစ်ရံတွင် သစ်ရွက်ခြောက်များနင်းသံလိုလို ကြားရသည်။ ဒါကလဲ တောကောင်ငယ်လေးများ အစာရှာထွက်သည့် အသံများလည်း ဖြစ်နိုင်သည်။

တောကောင်ကြီးများတော့ မရှိနိုင်ဟုထင်ရသည်။ အဘယ့်ကြောင့်ဆိုသော် တောကသိပ်မနက်သောကြောင့်တော ကောင်ကြီးကြီးမားမားတော့ မရှိနိုင်ဟုထင်ရသည်။

သုံးဦးစလုံးမအိပ်ကြသေးဘဲ မီးဖိုဘေးတွင်သာထိုင်နေကြသည်။

ခင်ဇော်ဦးက -

" မင်းတို့နှစ်ယောက် အိပ်ချင်အိပ်ကြလေ ငါအရင်စောင့်ပေးမယ် "

ထိုအခါ စိုးလင်းက -

' မင်းတစ်ယောက်တည်း ပျင်းနေမှာပေါ့၊ ငါလဲစကားပြောရင်း ကူစောင့်မယ်လေ '





' ဒါဆိုလဲ ဘာထူးတော့မှာလဲ ငါတစ်ယောက်ထဲအိပ်ရမှာပေါ့၊ ငါလဲမအိပ်ချင်သေးဘူး '

နိုင်မျိုးဦးက တစ်ယောက်ထဲ အိပ်ရမှာဖြစ်သည့်အတွက် မအိပ်ဘဲစကားထိုင်ပြောနေကြလေသည်။

ဉာဥ့်နက်လာတော့မှ တစ်ယောက်တလှည့် ကင်းစောင့်ကာ အိပ်ကြလေတော့သည်။ ။

## အခန်း (၁၀)
## ခေါင်းသုံးလုံးနှင့်မိစ္ဆာခွေး

မနက်(၈)နာရီလောက်မှ အိပ်ရာမှနိုးကြလေသည်။ အိပ်ရာမှထပြီး စားစရာများစားသောက်ကာ တောင်ပေါ်သို့ တက်ကြလေသည်။ မနေ့က ခင်ဇော်ဦးတွေ့ခဲ့သော လှေကားထစ်မှတက်ခဲ့ကြသည်။

ရှေ့ဆုံးမှတက်သောသူက လမ်းရှင်းပေးသည်။ လှေကားလိုဖြစ်နေသောကြောင့် တက်ရလွယ်ကူသည်။ သည်လိုနှင့် တောင်ထိပ်ကိုရောက်လာကြသည်။

တောင်ထိပ်တွင် အမှတ်အသားလိုလို အရာတစ်ခု





ကိုတွေ့လိုက်ရသည်။ ထိုနေရာတွင် အပေါက်တစ်ခုကိုတွေ့ရသည်။

ထိုအပေါက်သည် လူတစ်ယောက်စာလောက်ကျယ်ဝန်းသည်။ ခင်ဇော်ဦးက အောက်သို့ငုံ့ကြည့်လိုက်သည်။ အောက်တွင်လှိုဏ်ဂူလိုမျိုးဖြစ်နေပြီး ဘာမှမမြင်ရပါ။

ထို့ကြောင့် သူ့တွင်ပါလာသည့် မီးကျည်တောက်တစ်ခုကိုထုတ်ပြီး ခလုတ်ဖွင့်ကာ အောက်သို့ကြိုးဖြင့်ဖြည်းဖြည်း ချကြည့်လိုက်သည်။

မီးရောင်ဖြင့်မြင်ရသည်မှာ ဂူထဲတွင်အန္တရာယ်မရှိကြောင်းတွေ့လိုက်ရသည်။

ခင်ဇော်ဦးက -

" ကဲ သူငယ်ချင်းတို့ အောက်ကိုဆင်းဖို့ပြင်ကြ "

စိုးလင်းဦးက အိတ်ထဲမှကြိုးများထုတ်ကာ ချည်မည့်နေရာကိုရှာလိုက်သည်။ ပြီးနောက် ကြိုးတစ်စကို ငုတ်တစ်ခုတွင်ချည်လိုက်သည်။ ကျန်ကြိုးတစ်စကို ကျင်းထဲသို့ချလိုက်လေသည်။

ကျင်းမှာ ပေသုံးလေးဆယ်ခန့်နက်သည်။

ပထမဦးဆုံး ခင်ဇော်ဦးက လိုအပ်သည်များယူဆောင်ကာ ကျင်းထဲသို့ဆင်းလိုက်သည်။ ပြီးနောက် စိုးလင်းနှင့်နိုင်မျိုးဦးတို့ ဆင်းခဲ့ကြသည်။

ဂူအတွင်းသို့ သုံးဦးသားရောက်ပြီး အကဲခတ်လိုက်သည်။ သူတို့စဆင်းခဲ့သည့် အချိန်မှာ နေ့လည် ၁၀နာရီနှင့် ၁၁နာရီကြား ဖြစ်သောကြောင့် အချို့နေရာများတွင် နေရောင်က ဂူထဲသို့ဖြာကျနေသည်။

ထိုအလင်းရောင် ဖြာကျနေသောနေရာများတွင် အပေါက်ကလေးများ ဖြူလုပ်ထားသည်ကိုတွေ့ရလေသည်။ ဒါကလည်း ရှေးမြန်မာမင်းများ၏ ဂူထဲသို့အလင်းရောင်ရောက်အောင် ပြုလုပ်ခြင်းတစ်ခုပင်။

ခင်ဇော်ဦးတို့လည်း ပထမဆုံးလုပ်ဆောင်ရမည့် အချက်များကို သိရှိရန်အတွက် အိတ်ထဲမှစာရွက်စာတမ်းများထုတ်ကာ ရှာဖွေလိုက်သည်။

ပြီးနောက် ဂူတံခါးပေါက်ကိုရှာဖွေရာ သူတို့နှင့်





ါးလံခန့်အကွာတွင်ရှိနေသည်ကို တွေ့လိုက်ရသည်။

သူတို့သုံးဦးလည်း ဂူတံခါးကိုတွေ့ရ၍ဝမ်းသာနေသည်။ သို့သော် ဂူတံခါးကိုဖွင့်ရန်အတွက် ခလုတ်ကိုရှာရာ မတွေ့ဘဲဖြစ်နေသည်။

ဂူတံခါး၏ရှေ့တွင် စကြာပုံကျောက်ချပ် ၉ ချပ်ကို တွေ့လိုက်ရသည်။ ထိုစကြာပုံကျောက်ချပ်များမှာ ဂူရှေ့၌ ၂ ချပ်၊ ဘေးတစ်ဖက်တစ်ချက် ဘယ်ညာ ၂ ချပ်စီနှင့် ရှေ့နောက် ၂ ချပ်စီ,စီထားပြီး အလယ်တွင် ၁ ချပ်တည်းဖြစ်နေသည်။

ထိုတစ်ချပ်တည်းဖြစ်နေသောစကြာပုံ ကျောက်ချပ်ကို စက်ဝိုင်းတစ်ခုကဝိုင်းထားလေသည်။

ထိုအခါ ခင်ဇော်ဦးက ၎င်းစကြာပုံကျောက်ချပ်များ ဘည်ဆောက်ပုံ ထူးဆန်းနေ၍ သူကပင်စတင်ကာ ၎င်းကျောက်ပြားနားသို့လာခဲ့သည်။ ၎င်းကျောက်ချပ် များသည် ပေါက်မှ ၅ ပေအကွာတွင် တည်ရှိနေသည်။

စိုးလင်းနှင့်နိုင်မျိုးဦးတို့က ခလုတ်များလိုက်ရှာ

နေသည်။ ပြီးနောက် ခင်ဇော်ဦးဘာများလုပ်ဦးမလဲဆိုတာကို လိုက်ကြည့်နေကြသည်။ ခင်ဇော်ဦးက ကျောက်ချပ်များနား သို့လာကာ အလယ်ကျောက်ချပ်ပေါ်သို့ မတ်တတ်ရပ်လိုက် သည်။ ထိုအခါ အသံတစ်သံပေါ်လာသည်။ ထိုအသံမှာ ကျောက်တံခါးများကို တွန်းဖွင့်လိုက်သောအသံဖြစ်သည်။ ၎င်းအသံပေါ်လာ၍ နိုင်မျိုးဦး နှင့်စိုးလင်းတို့ ဂူတံခါးဆီသို့ ကြည့်လိုက်ကြသည်။

ခဏကြာသော် ဂူတံခါးတဖြည်းဖြည်း ပွင့်လာသည် ကိုတွေ့လိုက်ရသည်။ သုံးယောက်သား ဂူထဲသို့ဝင်ခဲ့ကြ လေသည်။

ဂူထဲရောက်၍ကြည့်လိုက်သောအခါ အလယ်တည့် တည့်တွင် ကျောက်ခေါင်းတလားကြီးကို တွေ့လိုက်ရသည်။ ၎င်း ကျောက်ခေါင်း၏အပေါ်တည့်တည့်မှ အလင်းရောင် များဖြာကျနေသည်ကိုတွေ့ရသည်။

ခင်ဇော်ဦးက အချိန်ကိုကြည့်လိုက်ရာ ၁၂ နာရီ ထိုးနေပြီကိုတွေ့လိုက်ရသည်။





"ကဲ သူငယ်ချင်းတို့ ကျောက်ခေါင်းကိုဖွင့်ရအောင်"

သုံးဦးသားကျောက်ခေါင်းကို ပြိုင်တူဖွင့်လိုက်ကြ သည်။ ကျောက်ခေါင်းတလားပွင့်လာသည်။ အခေါင်းထဲသို့ ပြိုင်တူကြည့်လိုက်ကြသောအခါ အရိုးကျနေပြီဖြစ်သော အလောင်း တစ်လောင်းကိုတွေ့ရသည်။ ထိုအလောင်းပေါ် တွင် ရွှေရောင်ဓားတစ်ချောင်းကိုတွေ့ရသည်။

ရွှေရောင်ဆိုသော်လည်း ကြပ်ခိုးများနှင့်ဖုံများတွယ် ကပ်နေ၍ အရောင်မှာညစ်ထေးသော အဝါရောင်ဖြစ်နေ သည်။ အရိုးစုမှာလည်း တစ်ချို့နေရာများတွင် အမှုန့် များပင်ဖြစ်လျက် ရှိနေသည်။ အမှုန့်မဖြစ်သေးသောအရာ မှာ ဦးခေါင်းတစ်ခုသာကျန်တော့သည်။

ခင်ဇော်ဦးက အဆိုပါဓားကိုကောက်ကိုင်လိုက် သည်။ ဓားကိုကောက်ကိုင်လိုက်သည့်အချိန်မှာပင် ခင်ဇော် ဦး၏စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ ဖုံများကို သုတ်သင် ကာ သေသေချာချာကြည့်လိုက်မိသည်။

ဓားမှာ အရှည်သုံးပေကျော်မည်။ ဓားရိုးပေါ်တွင်

ကန့်လန့်ဖြတ် လက်ကိုင်အခံတစ်ခုရှိသည်။ ဓားရိုးတစ်ခုလုံးကို ကျောက်သံပတ္တမြားများ စီခြယ်ထားသည်ကို တွေ့ရလေသည်။

မှော်ဝင်ဓားဖြစ်မည်ဆိုလည်း ဖြစ်ထိုက်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် ဓားကိုကျကျနနကိုင်ကြည့်လိုက်သောအခါ ခင်ဇော်ဦးမှာ ဘယ်လိုခံစားရမှန်း မသိအောင်ဖြစ်လာသည်။ စိတ်ထဲတွင်လည်း သူကိုယ်သူဗိုလ်မှူးလေးနရသခ်သူလို့ ခံစားလိုက်ရသည်။

ထိုအချိန် နိုင်မျိုးဦးက ...

' သူငယ်ချင်း ဘာကြည့်နေတာလဲ၊ လုပ်လေ ဓားရပြီ မဟုတ်လား၊ ငါတို့ပြန်ထွက်ရအောင် '

" ဩော် ... အေး ငါလဲဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ လာသွားကြမယ် "

သူတို့သုံးဦး ဂူထဲမှပြန်ထွက်ရန် တံခါးနားရောက်သောအခါ အပေါက်ဝတွင် ဘယ်အချိန်ကရောက်နေမှန်း မသိသည့် ခေါင်းသုံးလုံးနှင့် ခွေးဘီလူးက ဆီးကြိုနေသည်။





သူတို့လည်း ရုတ်တရက်ဆိုတော့ ...

' ဟာ ... ဟင် ... ဘာကောင်ကြီးလဲ '

စိုးလင်းက အံ့ဩသောစိတ်ဖြင့် မေးလိုက်သည်။ ထိုအချိန် ခင်ဇော်ဦးကဓားဖြင့် ခွေးဘီလူးကိုခြောက်လှန့်နေသည်။ သို့သော် ခွေးဘီလူးကသူ့ကိုဂရုမစိုက်ဘဲ နိုင်မျိုးဦးနှင့် စိုးလင်းတို့ကိုသာ ကြည့်နေသည်။

စိုးလင်းဦးက ဘယ်ဘက်သို့ခွဲထွက်ကာ ပြေးဖို့ဟန်လုပ်လိုက်သည်။ ထိုအခါ ခွေးဘီလူးက စိုးလင်းကိုခုန်ပြီး အုပ်လိုက်လေသည်။ စိုးလင်းမှာ အော်ချိန်ပင်မရလိုက်ပါ။ ခေါင်း ပြတ်ကာပါသွားလေသည်။

နိုင်မျိုးဦးလည်း စိုးလင်းအဖြစ်ကိုမြင်လိုက်ရ၍ ကြောင်စီစီဖြစ်နေစဉ် ခွေးဘီလူးက နောက်တစ်ကြိမ် ခုန်အုပ်ကာ ကိုက်လိုက်ပြန်သည်။ နိုင်မျိုးဦးလည်း ခွေးဘီလူးပါးစပ်ထဲသို့ခေါင်းပါသွားပြန်သည်။

ထိုအချိန် ခင်ဇော်ဦးမှာ တစ်ယောက်တည်းကျန်တော့မှန်းသိ၍ ကြောက်လန့်ပြီးဓားကိုပစ်ချကာ ထွက်ပြေးဖို့

ကြိုးစားလေသည်။

သို့သော် ခင်ဇော်ဦးနောက်ကျသွားပေပြီ။ သူ့နောက်မှ ခွေးဘီလူးကထက်ချပ်မကွာ လိုက်လာသည်။

ခင်ဇော်ဦးမှာ ပြေးပေါက်မရှိဘဲ နံရံတွင်ကပ်နေရသည်။ ထိုအခါ ခွေးဘီလူးက သူ့အနားသို့ တဖြည်းဖြည်းချင်းကပ်လာပြီး သူ့ကိုသေသေချာချာကြည့်နေသည်။

ခင်ဇော်ဦးမှာ ဘာလုပ်ရမှန်းမသိဘဲ ငြိမ်နေရသည်။ လျှပ်တပြက်အတွင်းမှာပင် ခွေးဘီလူးက လှမ်းဟပ်လိုက်ရာ ပါးစပ်ထဲတွင်တန်းလန်းကြီး ပါသွားလေတော့သည်။

ခင်ဇော်ဦးတို့၏ကံကြမ္မာက ဒီနေ့တွင်အဆုံး သတ်သွားလေသည်။ ခွေးဘီလူးများမှာလည်း မိမိအရှင်သခင်၏ ဓားကို လာယူသူမှန်သမျှကို တိုက်ခိုက်မှုပြီးဆုံးလျှင် အလိုလိုပျောက်ကွယ်သွားကာ မှော်ဝင်ဓားမှာလည်း သူ့နေရာသို့ အလိုလိုပြန်ရောက်သွားလေတော့သည်။ ။





## အခန်း (၁၁)

## ***ဗီတာရကျော့နှင့်သွေးသောက်ဓား***

ထိပ်တင်မိုးက ထိုအဖြစ်အပျက်ကိုပြောပြလိုက်ရာ မောသွား၍ရေသန့်ဘူးထုတ်ကာ မော့သောက်နေသည်။

‘ ဒါဆိုဒေါက်တာ ဒီဓားကိုဘယ်သူမှ မရသေးဘူးပေါ့’

“ ဟုတ်ပါတယ် ဒီဓားကအခုထိ သူ့နေရာမှာရှိနေတုန်းပဲ”

‘ ဒါနဲ့ ဒီဓားကဘာများ အစွမ်းထက်လို့လဲ ’

“ ဒီဓားက ဒဏ္ဍာရီဓားဖြစ်တော့ ရတဲ့သူဟာ တုတ်၊

ခား၊ သေနတ်ပြီးတယ်လို့ပြောကြတယ်။ ပြီးတော့ ခွန်အား ဗလလည်း အလိုလိုပြည့်နေတယ်လို့ပြောတယ် "

" အဲ ... ဒါပေမယ့် ဒီဓားဟာ သွေးသောက်ပြီဆိုရင်တော့ ဆက်တိုက်သွေးသောက်တော့တာပဲ၊ ဒီဓားကို နိုင်ငံ့အတော်များများကသိထားတော့ တန်ဘိုးကြီးကြီးပေးပြီး ဝယ်မယ်လို့ သတင်းပေးထားတယ်။ ဒေါ်လာသန်းချီပြီးပေးဝယ်တယ် "

" ဒါကိုသိထားတဲ့ လောဘသားတွေဟာ ဒီဓားရှိတဲ့နေရာကို လာခဲ့ကြတာပေါ့ "

' ဒီဓားနဲ့ပတ်သက်တဲ့အကြောင်းအရာကို ဒေါက်တာဆီမှာ ပြည့်ပြည့်စုံစုံလမ်းညွှန်ရှိနေတယ်ဆိုတာသိတဲ့လူက ဒေါက်တာ့ကိုအန္တရာယ်ပေးမှာ မကြောက်ဖူးလား '

" အန္တရာယ်ပေးမှာကြောက်တာပေါ့၊ ဒါပေမယ့် သူတို့ ကျွန်မကိုမသတ်ရဲဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီဓားနဲ့ပတ်သက်တဲ့လျှို့ဝှက်ချက်ကို ဆရာနဲ့ကျွန်မသာသိလို့ပဲ၊ အခုတော့ ဆရာကရုတ်တရက်ဆုံးသွားတော့ ကျွန်မတစ်





ယောက်သာရှိတော့တာပေါ့ "

" ဒါကြောင့်လဲ အခုကျွန်မမောင်လေးနဲ့ အကြုံကိုင်တာပေါ့၊ ကျွန်မတို့မောင်နှမကြားမှာ အခုအစ်ကိုရာဇာလည်း အဆစ်ပါလာပြီ.. ဘယ်လိုလဲ ကျွန်မနဲ့ပူးပေါင်းမှာလား "

ထိုအခါ မင်းရာဇာက သူ၏ကျောပိုးအိတ်ကိုဖွင့်ကာ အထဲမှဓာတ်ပုံ ၄/၅/၆/ပုံကိုထုတ်ပြလိုက်သည်။

ဓာတ်ပုံများကို ထိပ်တင်မိုးကယူကြည့်လိုက်ရာ ဦလ်မှုလေးနရသခ်သူ၏ ချပ်ဝတ်တန်ဆာနဲ့ဦးခေါင်းပုံ၊ နောက်တစ်ပုံက ဒဏ္ဍာရီဓားတို့ဖြစ်သည်။

ထိပ်တင်မိုးလည်း ရာဇာထုတ်ပြသောဓာတ်ပုံများကိုကြည့်ပြီး အံ့ဩကာ ...

" အစ်ကို ဒီပုံတွေဘယ်ကရတာလဲ "

' ဒီပုံတွေကို ဒေါက်တာဦးဇမ္ဗူအောင် မသေခင်ကဘည်းက အင်္ဂလန်နိုင်ငံက ရှေးဟောင်းပစ္စည်းစုဆောင်းသူပီတာဂျော့ဆီက ရထားတဲ့ဓာတ်ပုံတွေပဲ '

'သူက အမှတ်တရ အဖြစ်သိမ်းထားတာ။ ချပ်ဝတ်တန်ဆာနဲ့ဦးဆောင်းပုံသာ သူ့ဆီမှာရှိခဲ့တယ်။ ဒဏ္ဍာရီဓားကတော့ ဓာတ်ပုံပဲရှိတယ်။ တကယ့်ဓားအစစ်ကတော့ မရှိခဲ့ဘူး '

'တကယ်တော့ ပီတာဂျော့က ဒီချပ်ဝတ်တန်ဆာနဲ့ ဦးဆောင်းကို မြန်မာနိုင်ငံသားဖြစ်တဲ့ ဒေါက်တာဦးဇမ္ဗူအောင်ကို ရောင်းခဲ့တာပဲ၊ ဒါမှလည်း သူကဦးဇမ္ဗူအောင်နဲ့ရင်းနှီးအောင်လုပ်ပြီး မြန်မာနိုင်ငံထဲဝင်ထွက်မယ်၊ ဒဏ္ဍာရီဓားကို တနည်းတဖုံ သူရှာဖွေမယ်လို့ စိတ်ကူးထားခဲ့တာ '

'ပြီးတော့ ပီတာဂျော့က ဦးဇမ္ဗူအောင်နဲ့ပူးပေါင်းမယ်လို့စိတ်ကူးရှိခဲ့တယ်နဲ့တူတယ်၊ ဒီချပ်ဝတ်တန်ဆာနဲ့ ဦးဆောင်း၊ ဗိုလ်မှူးလေးနရသခ်သူအကြောင်း၊ ဒဏ္ဍာရီဓားအကြောင်း အားလုံးကိုပြည့်ပြည့်စုံစုံ မှတ်တမ်းတွေထားခဲ့တယ် '

'အဲဒီအကြောင်းအရာအားလုံးကို သူကသိမ်းထားခဲ့တယ်လေ '





'တစ်နေ့တော့ သူ့မှာအန္တရာယ်တွေရှိလာတယ်ဆိုတာ သူသိလိုက်တယ်၊ သူ့ဆီကို ခြိမ်းခြောက်စာတွေပို့တယ်။ ဒါနဲ့ သူလည်း စိတ်ဒုက္ခတွေခံစားလာရတယ်။ အသက်ကလဲ ရလာတော့ နှလုံးရောဂါပါရလာတယ် '

'ဒါကြောင့် ဒီအကြောင်းအရာတွေ သူသေသွားရင် ဘယ်သူ့မှမရလိုက်ဘဲ အလကားဖြစ်သွားမှာစိုးတဲ့အတွက် ဒေါက်တာဦးဇမ္ဗူအောင်ဆီကို မှတ်တမ်းနဲ့လျှို့ဝှက်ချက်အားလုံးပါတဲ့ စာရွက်စာတမ်းတွေကို ပို့လိုက်တာပဲ '

'ဒါကို လူဆိုးတွေကသိသွားတော့ တစ်ဖက်လှည့်နဲ့ မြန်မာနိုင်ငံသားဖြစ်တဲ့ ဦးအံ့မောင်ကိုရွေးချယ်ပြီး အသုံးချလိုက်တာပဲ၊ သူကတော့ နိုင်ငံခြားသားတစ်ဦးဆိုတာတော့သိတယ်။ အခုထိ ဘယ်သူမှန်းမသိရသေးဘူး '

'ကျွန်တော်တို့လဲ ဒီဓာတ်ပုံရထားတဲ့အတွက် ရှေးဟောင်းပစ္စည်းကိုင်တွယ်လုပ်ဆောင်နေတဲ့ ဒေါက်တာဦးဇမ္ဗူအောင်နောက်ကိုလိုက်နေတာပဲ၊ အခုတော့ ဒေါက်တာဦးဇမ္ဗူအောင်က လုပ်ကြံခံလိုက်ရတယ် '

' သူ့ရဲ့ အတွင်းရေးမှူးဒေါက်တာတစ်ယောက်ပဲ ကျန်တော့တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က ဒေါက်တာနောက်လိုက်ပြီး စောင့်ရှောက်နေတာပါ '

ထိုသို့စကားပြောနေစဉ် ပေါင်မုံ့ကားတစ်စီး သူတို့ရှိရာသို့မောင်းလာသည်ကိုတွေ့ရသည်။

ထိုအခါ ထိပ်တင်မိုးက -

" ဟိုမှာ ကားတစ်စီးလာနေပြီ "

' ဒါ ကျွန်တော်တို့လူပါ။ သူတို့ ဒီလိုကားမျိုးတစ်စီးရှာပြီး လိုက်လာဖို့မှာထားတာပဲ '

ထိုအခါ ပေါင်မုန့်ကားလေးက မင်းရာဇာတို့အနားသို့ရောက်လာပြီး စက်သတ်လိုက်သည်။

" ဟော့ကောင်သော်က အားလုံးလမ်းကြောင်းရှင်းရဲ့လား "

' ရှင်းပါတယ် အစ်ကို၊ ကျွန်တော်အိုကေအောင်လုပ်လာခဲ့ပါတယ် '

တကယ်တော့ သူတို့တွေက စုံထောက်အရာရှိ





များဖြစ်ကြသည်။ အပြင်မှာ ညီအစ်ကိုလိုပြောကြဖို့ မှာထားတာကြောင့် စစ်တပ်အသုံးအနှုန်းများ မသုံးကြပါ။

" ကားထဲမှာ ဆီအပြည့်ဖြည့်ထားလား "

' ဟုတ်ကဲ့အစ်ကို သွားဖို့အဆင်သင့်ပဲ '

" ကဲ ဒေါက်တာ ဒေါက်တာပစ္စည်းတွေ ကားပြောင်းပြီးထည့်ရအောင်၊ ကျွန်တော်တို့အားလုံး ဒီကားနဲ့ပဲသွားရမယ် "

' ကျန်ခဲ့တဲ့ကားကို ဘယ်လိုလုပ်မှာလဲ '

ထိပ်တင်မိုးက စိတ်ပူပြီးပြောလိုက်မိသည်။ ထိုအခါ ဇော်ရှင်းက -

' ဒေါက်တာ မပူပါနဲ့ ဒါက ကျွန်တော်တို့ရုံးကလာယူသိမ့်မယ် '

သော်ကသည် ပစ္စည်းများကား ပြောင်းထည့်နေသည်။ ပြီးနောက် သူတို့အားလုံးပေါင်း(၄)ယောက် ပေါင်မုန့်ကားလေးဖြင့် ထွက်လာခဲ့ကြလေသည်။

ဇော်ရှင်းက ရှေ့ခန်းမှာဝင်ထိုင်လိုက်သည်။ နောက်

ခန်းထဲတွင် မင်းရာဇာနှင့်ထိပ်တင်မိုးတို့ လိုက်ပါလာကြလေသည်။ နှစ်ဦးသား အတူယှဉ်ထိုင်ရင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စူးစိုက်ကြည့်မိကြသည်။ ကားလေးနှင့်အပြိုင် နှစ်ဦးသားရင်ခုန်နှုန်းပြိုင်မိသည်။

ကားလေးဦးတည်ရာကား ဂန္ဓဝင်တောင်နှင့်အနီးဆုံးရွာလေးသို့ဖြစ်လေသည်။ ။





## အခန်း (၁၂)

## ဦးမုန်ထန်၏အမျက်ဒေါသ

ဦးမုန်ထန်တစ်ယောက် သူ၏တပည့် သူခိုင်းလိုက်သည့်လုပ်ငန်း မအောင်မြင်၍ဒေါသူပုန်ထနေသည်။

ဒေါက်တာထိပ်တင်မိုးကို ကြိုဖို့လွှတ်လိုက်သော ကားသမား သူ့တပည့်၏မျက်နှာမှာ ဆီးစေ့လောက်သာရှိတော့သည်။

" ကဲ ပြောစမ်းမိုက်ကယ် ကောင်မလေးကို ဘယ်သူတွေက ခေါ်သွားတာလဲ "

' ကျွန်တော်လဲမသိဘူးဆရာ၊ ကျွန်တော့်နောက်ကို ဘစ်ခါမှမမြင်ဘူးတဲ့လူလိုက်နေတာကိုတွေ့လို့ ကျွန်တော်

လည်း လမ်းကြောင်းပြောင်းပြီး မောင်းခဲ့တယ်၊ မြို့ပြင်ခြံနားမှာကားရပ်ပြီး သူတို့ကိုသေနတ်နဲ့ လှမ်းပစ်လိုက်တယ်။ သူတို့မှာလဲ သေနတ်ပါတယ် '

' သူတို့နှစ်ယောက်ကလည်း သေနတ်နဲ့ပြန်ပစ်တာနဲ့ ကျွန်တော်လည်းပြန်ပြေးခဲ့ရတယ်။ ကောင်မလေးက ကားပေါ်ကထွက်ပြေးပြီး ဘယ်မှာပုန်းပြီးကျန်ခဲ့မှန်းမသိဘူး '

မိုက်ကယ်လည်း သူသိသမျှကို ဆရာကြီးဆိုသူဦးမုန်ထန်ကိုပြောပြနေသည်။ ဆရာကြီးက မိုက်ကယ်ကိုအပြစ်တော့မမြင်ပါ။

ဒါပေမယ့် ကောင်မလေးမပါခဲ့သည့်အတွက် ဒေါသတော့ဖြစ်နေမိသည်။ သူကိုယ်တိုင် သေသေချာချာစီစဉ်ထားလျက်နှင့် တစ်ကွက်မှားသွားသည်။ ဦးမုန်ထန်တစ်ချက်စဉ်းစားလိုက်သည်။

ဒါပေမယ့် ကောင်မလေးကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့မောင်လေးကိုလာကယ်မယ်ဆိုတာ သိနေသည်။ သူ့မောင်လေးကိုသာ သတိဝီရိယနဲ့စောင့်ကြည့်ဖို့လိုသည်။





" ကဲ ကိုအုံ့မောင် ဒီကောင်လေးကို ခင်ဗျားတာဝန်ယူပေတော့၊ ကျန်တဲ့ကိစ္စတော့ ခင်ဗျားဘာသာစီစဉ်ပေတော့၊ ကျွန်တော်ကတော့ ဒီဒဏ္ဍာရီဓားကိုရရင်ကျေနပ်ပြီ၊ ခင်ဗျားနဲ့ကျွန်တော် အပေးအယူလုပ်ထားတာကိုလဲ မမေ့နဲ့ဦး "

' ကောင်းပါပြီ ကျွန်တော့်တာဝန်ထားလိုက်ပါ။ ဒီကောင်လေးကို ကျွန်တော်ခေါ်သွားမယ် '

ဦးအုံ့မောင်တစ်ယောက် ဦးမုန်ထန်၏နေအိမ်မှ ထိပ်တင်မိုး၏မောင်လေး စည်သူကိုခေါ်ထုတ်ကာ ကား၏အနောက် ခန်းထဲသို့ထည့်လိုက်သည်။

ကားပေါ်သို့အားလုံးရောက်ပြီးသည်နှင့် ကားလေးကိုမောင်းထွက်ခဲ့ကြသည်။

ဦးအုံ့မောင်၏ကားလေးက အေလာမြို့သို့ဦးတည်နေသည်။ ထိုအချိန်တွင် ထိပ်တင်မိုးတို့ပါလာသော ကားလေးသည် မြို့ထဲသို့ရောက်လာလေသည်။

မြို့ထဲသို့ရောက်သည်နှင့် နေဝင်ပြီဖြစ်သည့်အတွက်

အသွားအလာ သိပ်မရှုပ်တော့ပေ။

မင်းရာဇာတို့လေးဦး ကားပေါ်မှဆင်းကာ သူတို့သွားရမည့်လမ်းကြောင်း ရှာဖွေနေမိသည်။ ထိပ်တင်မိုးက သူ၏ကျောပိုးအိတ်ထဲမှ စာရွက်လေးတစ်ရွက်ကို ထုတ်လိုက်သည်။

ပြီးနောက် စာရွက်ထဲတွင်ပါသော လူတစ်ဦး၏နာမည်ကိုလိုက်ရှာနေသည်။

ဟော တွေ့ပါပြီ သူတို့ရပ်နေသောနေရာနှင့် သိပ်မကွာပါ။ စာရွက်ထဲတွင်ပါသော အဆောက်အဦနံပါတ်ကိုတွေ့လိုက်ရသည်။

ဒီမြို့ဆိုတာတော့ ကိုန်းသေသွားပြီ။

" အစ်ကို ဟောဟိုမှာတွေ့ပြီ က္ကစိတ်ဂေဟာ၊ ဒီအဆောက်အဦရဲ့နာမည်နဲ့ခုနှစ်ဟာမှန်နေပြီ ဒီနားကဆိုင်တစ်ဆိုင်ထဲဝင်ပြီး စုံစမ်းရအောင် "

' ဒေါက်တာပဲကြည့်လုပ်လေ၊ ကျွန်တော်တို့က နောက်ကလိုက်ပေးမယ်၊ ဒေါက်တာက ဒီအကြောင်းတွေ





ကျွမ်းပြီးသားပဲလေ '

ထိပ်တင်မိုးက မင်းရာဇာဒီလိုပြောလိုက်သောအခါ မျက်စောင်းလေးတစ်ချက်ထိုးလိုက်သည်။ ဒါကို ဇော်ရှင်းက တွေ့လိုက်သည်။ ပြီးတော့ ပြူးကာတစ်ဖက်သို့ လှည့်သွားသည်။

သူတို့သုံးယောက် နီးစပ်ရာစားသောက်ဆိုင်တစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။ ဆိုင်ထဲသို့ရောက်သော် လွတ်နေသောစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။

ဆိုင်ထဲရှိလူများက သူတို့လေးဦးဝင်လာကတည်းက အကဲခတ်နေကြသည်။ သူတို့ကိုလည်း ဒီမြို့တွင်တစ်ခါမှ မမြင်ဘူးကြသည့်အတွက် စောင့်ကြည့်နေကြသည်။

ထိုအချိန်တွင် စားပွဲထိုးတစ်ဦးက သူတို့စားပွဲနားသို့ ရောက်လာပြီး -

' ဘာများသုံးဆောင်ကြမလဲခင်ဗျာ '

ထိပ်တင်မိုးက ထမင်းစားချိန်ဖြစ်၍ ထမင်းနှင့်ဟင်းများကိုမှာယူလိုက်သည်။ ပြီးနောက်သောက်စရာ အအေးပါ

မှာလိုက်သည်။

စားပွဲထိုးလေးက စားသောက်စရာများကိုမှတ်ယူပြီး ထွက်သွားသည်။

ထိုအခါ ဇော်ရှင်းက -

' ကိုရာဇာ ဟိုဒေါင့်မှာထိုင်နေတဲ့အဘိုးကြီးကို ကျွန်တော်တို့လမ်းညွှန်မေးကြည့်ရင် ကောင်းမလား '

" အေး ကောင်းသားပဲ ဒီအဘိုးကြီးက အသက်ကြီးပြီဆိုတော့ ဒီနားတစ်ဝိုက်က နေရာဒေသကိုသိနိုင်တယ်။ မင်းပဲ ကြည့်လုပ်လိုက်တော့ ... "

ထိုအခါ ဇော်ရှင်းကတွံ့ဆိုင်းမနေတော့ဘဲ အဘိုးကြီးနားသို့ထလာသည်။

" အဘ ကျွန်တော့်ကိုထိုင်ခွင့်ပြုပါ "

' အေး ... ထိုင်ပါ '

" ကျွန်တော့်နာမည် ဇော်ရှင်းပါ၊ ကျွန်တော်တို့လေးဦးစလုံး သမိုင်းသုတေသနဦးစီးဌာနကပါ၊ ကျွန်တော်တို့ဂန္ဓဝင်တောင်ကိုသွားချင်လို့ အဘများသိရင်လမ်းညွှန်





ပေးဖို့ တောင်းဆိုချင်လို့ပါ "

ထိုအခါ အဘိုးကြီးက ဇော်ရှင်းတို့လေးဦးစလုံး စဝင်လာကတည်းက လူစိမ်းတွေဖြစ်ကြောင်း၊ ဒီကိုလာတဲ့လူတွေကလည်း ဂန္ဓဝင်တောင်ကိုပဲ လာကြသူများသာဖြစ်ကြောင်း သိထားပြီးဖြစ်၍ မအံ့ဩတော့ပါ။

ထို့ကြောင့် ဇော်ရှင်းအမေးကို ပြုံးပြီးဖြေလိုက်သည်။

' မောင်ရင်တို့က ဂန္ဓဝင်တောင်ကို ဘာကြောင့်သွားချင်ရတာလဲ '

" ကျွန်တော်တို့ ပစ္စည်းတစ်ခု၊ ပစ္စည်းဆိုတာထက် ရှေးအလွန်ကျတဲ့ ရှေးဟောင်းပစ္စည်းတစ်ခုရှာချင်လို့ပါ "

' ဒဏ္ဍာရီဓားမဟုတ်လား '

အဘိုးကြီးက ပွင့်ပွင့်လင်းလင်းပဲမေးလိုက်သဖြင့် ဇော်ရှင်းအံ့ဩသွားသည်။

" အဘက ဒီအကြောင်းတွေသိထားတာပေါ့ ... ဟုတ်လား "

' အေး ... သိတယ် '

" ဒါဆို အဘ ဒီဓားနဲ့ပတ်သက်ပြီး သိထားတာတွေကို ပြောပြပါလား "

' အေး သိထားတာကတော့ အများကြီးပဲ၊ နောက်ပြီး ဒီဓားကိုလာရှာတဲ့ လူမှန်သမျှလည်း ပြန်လမ်းမရှိခဲ့ဘူး၊ မောင်ရင်တို့အရင်က လူသုံးစုလည်း ပြန်လာတာမတွေ့ရဘူး၊ တကယ်လို့များဒီဓားကိုရခဲ့ရင်လည်း အဲဒီလူဟာ အသေဆိုးနဲ့သေရတယ် '

' အသေးဆိုးဆိုတာက မကောင်းဆိုးဝါးသတ္တဝါတစ်ကောင်ရဲ့ သတ်ဖြတ်ခြင်းကိုခံရတာပဲ၊ ဒီဓားမှာ ကျိန်စာဆိုလား၊ အောက်လမ်းဆိုလားတိုက်ထား တယ်။ ပြီးတော့ ဒီဓားကိုလိုချင်တဲ့လူတွေဟာလဲ လောဘကြောင့်ပဲဖြစ်လိမ့်မယ်ဆိုတာသိတယ် '

" အဘပြောမှပဲ ကျွန်တော်တို့ဒီဓားအကြောင်း သိရတော့တယ်။ ကျွန်တော်တို့ကတော့ ဒီဓားကိုလာယူတာ လောဘကြောင့်မဟုတ်ပါဘူး၊ နိုင်ငံတော်မှာ ရှေးဟောင်းသမိုင်းဝင်အဖြစ်နဲ့ ပြတိုက်မှာထားချင်လို့ပါ၊ ဒီဓားပိုင်ရှင်ဖြစ်





တဲ့ ဗိုလ်မှူးလေးရဲ့ ချပ်ဝတ်တန်ဆာနဲ့ဦးဆောင်းကိုလည်း ပြန်ရချင်လို့ပါ "

' ဘာပြောတယ်၊ ဗိုလ်မှူးလေးရဲ့ ချပ်ဝတ်တန်ဆာနဲ့ ဦးဆောင်းဟုတ်လား '

" ဟုတ်ပါတယ် အဘ၊ ဒီပစ္စည်းတွေ အခိုးခံလိုက်ရတယ်၊ ဒီပစ္စည်းတွေခိုးသွားတဲ့လူတွေကလည်း ဒီဓားအကြောင်းသိထားတဲ့လူတွေဖြစ်လို့ သူတို့လည်း ဒီကိုရောက်လာကြမှာ၊ သူတို့မရောင်ခင် ကျွန်တော်တို့ကဦးအောင်ယူထားပြီး ပစ္စည်းအားလုံး တစ်စုတစ်ဝေးတည်းထားချင်လို့ပါ။ တကယ်တော့ ဒီဓားဟာ အခုလိုတောတောင်ထဲမှာ ရှိမနေသင့်ဘူးလေ "

ထိုအခါ အဘိုးကြီးကခေတ္တစဉ်းစားနေသည်။ သူ့အနေနှင့်လည်း ဒီအကြောင်းတွေ သိသင့်သလောက်သိထားသည်။ ဇော်ရှင်းပြောနေသည်ကို တွေဝေ၍စဉ်းစားနေသည်။ ပြီးနောက် လမ်းညွှန်ကိုပြောပြလိုက်လေသည်။

ဇော်ရှင်းပြောပြလိုက်သော ချပ်ဝတ်တန်ဆာနှင့် ဦး

ဆောင်းကရှိပြီးသားဆိုတော့ ဒီဓားပါပေါင်းလိုက်ရင် ဗိုလ်မှူးလေးရဲ့ပစ္စည်းများ တစ်စုတစ်ဝေးတည်း မြင်ချင်နေမိသည်။ ပြီးတော့ ဇော်ရှင်းတို့လေးဦးဝင်လာကတည်းက သူတို့၏ ဥပဓိရုပ်များကိုကြည့်ကာ လူကောင်းများဖြစ်သည်ဆိုတာ သိလိုက်သည်။ ယခုကဲ့သို့ပြောပြလိုက်တော့ ပိုပြီးယုံကြည်သွားသည်။

အရင်လာကြတဲ့လူတွေကတော့ လောဘသမားများဖြစ်ကြတယ်ဆိုတာ သူသိခဲ့သည်။ အခုတော့ သူတို့လည်း သူတို့ကံကြမ္မာသူတို့ ဖန်တီးသွားခဲ့ကြပြီမဟုတ်ပါလား။

ဇော်ရှင်းလည်း လမ်းညွှန်ရခဲ့၍ အဘိုးကြီးကို ကျေးဇူးတင်ကြောင်းပြောကာ သူတို့ထိုင်သောစားပွဲသို့ပြန်လာခဲ့သည်။

" ဟော့ကောင် ဇော်ရှင်းအဆင်ပြေခဲ့ရဲ့လား "

ရာဇာကမေးလိုက်သည်။ ပြီးတော့ အဘိုးကြီးကို လှမ်းကြည့်လိုက်သည်။ အဘိုးကြီးက သူ့ကိုပြုံးပြလိုက်သည်။ ထိပ်တင်မိုးကိုလည်း ပြုံးပြလိုက်သည်။





သူတို့လေးဦး စားသောက်စရာများစားသောက်ပြီး သည်တစ်ညအတွက် အနီးအနားရှိတည်းခိုခန်းတစ်ခုတွင် ညအိပ်ကြရမည်ဖြစ်သည်။ မနက်မိုးလင်းမှ ခရီးဆက်ကြရန် သဘောတူလိုက်ကြသည်။

ပြီးနောက် တည်းခိုခန်းတစ်ခုရှာလိုက်သည်။ ' ဆုံဆည်းရာ ' တည်းခိုခန်းကိုတွေ့လိုက်ကြသည်။ ၄င်းတည်းခိုခန်းသို့ သူတို့လေးဦးဝင်ရောက်ငှားရမ်းကာ တည်းခိုလိုက်ကြလေသည်။ ။

## အခန်း (၁၃)

## ဂန္ဓဝင်တောင်ခရီးအစ

မင်းရာဇာတို့အုပ်စု အေလာမြို့မှ စတင်ထွက်ခွာခဲ့ကြသည်။ သူတို့သွားရမည့်လမ်းကို အဘိုးကြီးညွှန်လိုက်သည့်အတိုင်း အမှားအယွင်းမရှိဘဲထွက်လာခဲ့ကြသည်။

ပထမဦးဆုံးတောလမ်းလေးကို စတင်ဝင်ရောက်လာခဲ့သည်။ တောရိပ်ကြောင့်လားမသိ။ အေးစိမ့်သလိုခံစားရသည်။

ရှေ့ဆုံးမှဇော်ရှင်းက လမ်းရှင်းသူအဖြစ် ဓားရှည်တစ်ချောင်းကိုကိုင်ကာ ရှေ့မှလမ်းရှင်းပေးသွားသည်။





ဓားရှည်ဆိုသော်လည်း ဓားမှာတစ်ပေခွဲလောက်သာရှိလိမ့်မည်။

တောလမ်းအတိုင်း သူတို့ေ ႏဦးလျှောက်လာခဲ့ကြသည်မှာ နာရီဝက်ခန့်ရှိပြီဖြစ်သ ည်။

တောလမ်းလေးမှာ တစ်ချို့နေရာများတွင်ကျယ်သလို တစ်ချို့နေရာများတွင် လူတစ်ယောက်စာသာ ကျယ်ဝန်းလေသည်။ အကွေ့အကောက်များသည်။

သူတို့လာရာလမ်းတစ်လျှောက်တွင် တောကောင်ကြီးများ ကြီးကြီးမားမားဆို၍ မျောက်များသာတွေ့ရသည်။ အမျိုးအမည်မသိ ငှက်များကိုလည်း များစွာတွေ့ရသည်။

တစ်ခါတစ်ရံ သစ်ပင်ကိုင်းများတွင် မြွေများကိုတွေ့ရတတ်သည်။ ကြည့်ရသည်မှာ လူသွားလူလာ နည်းပါးကြောင်းသိသာလှသည်။

တစ်နာရီခန့်ကြာသောအခါ ရေစီးသံကိုကြားလိုက်ရသည်။

'ကိုရာဇာ ရှေ့နားမှာစမ်းချောင်းတစ်ခုဖြတ်နိုင်တယ်၊

ရေစီးသံကြားတယ် '

" ဒါဆိုရင် ဒီစမ်းချောင်းလေးနားမှာ ခဏနားရအောင် "

၁၅မိနစ်ခန့်လျှောက်ပြီးနောက် စမ်းချောင်းလေးတစ်ခုကိုတွေ့ရသည်။ ချောင်းလေးမှာ ကြည်လင်နေသည်။ ချောင်းလေးမှာ ၁၀ပေခန့်သာကျယ်သည်။ အထက်ဖက်တွင် ရေစီးကြမ်း၍ အောက်နားရောက်လျှင် ရေစီးညင်သာလှသည်။

သူတို့လေးဦးစလုံး အဆင်ပြေသောနေရာတစ်ခုကိုရွေး၍နားလိုက်ကြလေသည်။

ဇော်ရှင်းက စားစရာများထုတ်ကာ စားသောက်ရန်ပြင်ဆင်ကြလေသည်။ စားစရာများကို မင်းရာဇာတို့ကကြိုတင်ပြင်ဆင်လာကြခြင်းဖြစ်သည်။

ရာဇာက ထိပ်တင်မိုးနားသို့လျှောက်လာသည်။ ထိပ်တင်မိုးမှာ စမ်းချောင်းလေးတစ်ဖက်သို့ကြည့်ပြီး ငေးနေမိသည်။





ရာဇာသူ့နားရောက်နေသည်ကို မသိလိုက်ပါ။

" ဒေါက်တာ ဘာတွေစဉ်းစားနေတာလဲ "

ရာဇာက ရုတ်တရက်မေးလိုက်သဖြင့် စဉ်းစားခန်းဝင်နေသော ထိပ်တင်မိုးမှာလန့်သွားသည်။ သူမ၏ လန့်သွားပုံလေးကိုကြည့်ပြီး ရာဇာပြုံးမိသည်။ ထိပ်တင်မိုး၏ အပြစ်ကင်းသည့် မျက်နှာလေးကိုလည်း စွဲမက်စွာကြည့်လိုက်မိသည်။

' ဘာမှမဟုတ်ပါဘူး၊ ဒီအချိန် မောင်လေးကိုသူတို့ဘာများလုပ်လိုက်ကြပြီလဲဆိုတာ စိတ်ပူနေမိတယ် '

" ဒေါက်တာက မောင်လေးကိုအရမ်းချစ်တာပဲနော် "

ရာဇာစကားကြောင့် ထိပ်တင်မိုးမှာကြေကွဲစွာဖြင့် ပြောလိုက်သည် -

' ကျွန်မတို့မှာ ဒီမောင်နှမနှစ်ယောက်ထဲပဲရှိတော့တယ်။ ကျွန်မကပဲ အစ်မလို အမေလိုပြုစုခဲ့ရတာ၊ အရွယ်ရောက်တဲ့အထိပါပဲ '

" ဒေါက်တာရယ် ဘာမှစိတ်မပူပါနဲ့ သူတို့ ဒေါက်တာမောင်လေးကို ဘာမှလုပ်လို့ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စာရွက်စာတမ်းနဲ့ သူတို့သိချင်တာတွေက ဒေါက်တာနဲ့တွေ့မှဖြစ်မှာလေ "

" အခုထိ ဒေါက်တာက သူတို့နဲ့မတွေ့သေးတော့ ဒေါက်တာလာတဲ့အထိ သူတို့စောင့်မှာပါ၊ ဒါမှမဟုတ် ဒေါက်တာနောက်ကို သူတို့ခြေရာခံလိုက်မှာပဲ၊ ကံကောင်းရင်တော့ ဒီထိလိုက်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ် "

' အစ်ကိုပြောသလိုပဲဖြစ်ပါစေလို့ ကျွန်မဆုတောင်းပါတယ်၊ ဒါပေမယ့် ဒဏ္ဍာရီဓားကို သူတို့လက်ထဲပါသွားလို့ မဖြစ်ဘူး၊ သူတို့က တိုင်းတပါးကိုရောင်းစားမှာ '

" ဒေါက်တာက ဒီထိတွေးထားတာကိုး၊ ဒီဒဏ္ဍာရီဓားကိုပဲတွေ့ပါစေဦး၊ ဒီဓားက လာရောက်ယူတဲ့လူတွေများပြီ၊ ဘယ်သူမှမရကြဘူးလေ၊ ဒါကလဲ ဒေါက်တာလောက် အစဆုံး သိထားတာမဟုတ်တော့ သူတို့မှာဆောင်ရန်ရှောင်ရန်တွေမရှိခဲ့တာပေါ့ "





' အစ်ကိုပြောသလိုပဲဖြစ်ပါစေ၊ ကျွန်မကတော့ ဒီဓားကို ဘယ်သူ့လက်ထဲမှ မပါစေချင်ဘူး၊ သူ့နေရာမှာပဲ သူရှိစေချင်တာ။ အခုလာရတာလဲ ဆရာ့ရဲ့ဆန္ဒပြည့်စေချင်လို့ပါ '

' ကိုရာဇာတို့ စားလို့ရပြီ ... စားကြရအောင် '

ဇော်ရှင်း၏ခေါ်သံကြောင့် နှစ်ယောက်သား စကားလက်စဖြတ်ကာ ထမင်းစားရန်လျှောက်လာခဲ့ကြလေသည်။

## အခန်း (၁၄)

## လူတစ်စုနဲ့ဒဏ္ဍာရီများ

တောလမ်းကလေးတစ်ခု လူ(၅)ဦး၊ ရှေ့မှသွားခဲ့သောလူများကို မျက်ခြေပြတ်သွားမည်စိုးသဖြင့် အလျင်အမြန်လိုက်နေသည်။ သူတို့မှာ ရှေ့မှသွားသောလူများသိမှာကိုလည်း စိုးရိမ်နေကြသည်။

သူတို့ငါးဦးထဲမှ ခေါင်းဆောင်လုပ်သူက အရိပ်အခြေကိုကြည့်ကာ နောက်မှလိုက်လာကြသော သူ့လူများကိုလက်ဟန်ခြေဟန်များဖြင့် အချက်ပြကာဦးဆောင်နေသည်။





သူတို့၏ဦးတည်ချက်ကလည်း ဒဏ္ဍာရီများဆီသို့ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သူမှာ ဦးအံ့မောင်ဖြစ်ပြီး ရှေ့မှသွားနေသည့် ထိပ်တင်မိုးတို့ကို မျက်ခြေမပြတ်အောင်လိုက်နေသည်။

တကယ်တော့ ဦးအံ့မောင်တို့အုပ်စုမှာ ထိပ်တင်မိုးတို့ကို အေလာမြို့မှာကတည်းက အခြေအနေစောင့်ကြည့်နေခြင်းဖြစ်သည်။

ထိပ်တင်မိုးတို့ ဒီနေရာကိုလာမည်ကိုသိသော်လည်း လမ်းကြောင်းမသိသည့်အတွက် သူတို့နောက်မှလိုက်ခဲ့ခြင်းဖြစ်သည်။ ထိပ်တင်မိုးတို့အဖွဲ့နားလျှင် သူတို့လည်းလိုက်နားလေသည်။

ထိပ်တင်မိုးတို့သည် တစ်နာရီခန့်နားပြီးနောက် ခရီးဆက်ရန်ပြင်ဆင်ကြလေသည်။ ညနေစောင်းတွင် ဂန္ဓဝင်တောင်ခြေသို့ရောက်လာခဲ့ကြသည်။

တောင်ခြေသို့ရောက်သော် မှောင်ရီသမ်းနေပြီဖြစ်သဖြင့် တောင်ခြေတွင်နားလိုက်ကြသည်။ မနက်မှလုပ်ငန်း

စရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့လေးဦး စားသောက်ရန်အတွက်ပြင်ဆင်ကြသည်။ ဇော်ရှင်းက သူတို့တွင်ပါလာသည့် ရိက္ခာနှင့်ရေဘူးများချကာ စားသောက်ကြလေသည်။

ညသည် တဖြည်းဖြည်းနက်လာသည်။ ပတ်ဝန်းကျင်၏ငြိမ်သက်မှုကြောင့် တောကောင်များ၏အစာရှာသည့်အသံများ၊ ညဥ့်ငှက်များအော်သံများ၊ တစ်ခါတစ်ရံ တောတိုးလမ်းလျှောက်သံများကိုကြားရသည်။

ဂန္ဓဝင်တောင်နားပတ်ဝန်းကျင်သည် ညဥ့်နက်လာ၍ လားကောင်များရှိနေတတ်သည်။ ထို့ကြောင့် ထိပ်တင်မိုးတို့မှာမီးဖိုကာ မီးဖိုဘေးမှဘယ်မှမသွားကြရန် မင်းရာဇာက သတိပေးထားသည်။ မည်သူမျှမအိပ်ကြသေးဘဲ မီးဖိုဘေးတွင်ထိုင်ကာ စကားပြောနေကြသည်။

" အစ်ကို မအိပ်သေးဘူးလား "

' မအိပ်ချင်သေးဘူး ဒေါက်တာ '

ထိုအချိန် ဇော်ရှင်းနှင့်သော်ကတို့နှစ်ယောက်မှာ





အနီးရှိသစ်ပင်ကိုမှီကာ မေးနေကြလေသည်။

" အစ်ကို့ကိုပြောရဦးမယ်၊ ကျွန်မကို ဒေါက်တာလို့ မခေါ်ပါနဲ့တော့၊ အခုဆိုရင် ရင်းနှီးတဲ့လူတွေဖြစ်နေပြီပဲ၊ ရင်းရင်းနှီးနှီး မိုး လို့ပဲခေါ်ပါ "

' ဒေါက်တာက ခွင့်ပြုရင်တော့ခေါ်မှာပေါ့၊ ကျွန်တော်က အစကတည်းက ခေါ်ချင်နေတာ၊ ကာယကံရှင်က မကြိုက်မှာစိုးလို့ ... '

ထိပ်တင်မိုးက မင်းရာဇာပြောလိုက်သောစကားကို အဓိပ္ပါယ်တစ်မျိုးပေါက်ကာ ရှက်သွားလေသည်။ ဒါကို မင်းရာဇာကရိပ်မိ၍ -

' ကဲ ... မိုးလို့ပဲကျွန်တော်ခေါ်ကြည့်မယ်နော် ဒေါက်တာ '

ထိပ်တင်မိုးက မင်းရာဇာ အပြောကိုသဘောကျသလို မျက်လွှာလေးပင့်ကြည့်လိုက်သည်။

' မိုး ... မိုး '

မင်းရာဇာက အစမ်းသဘောခေါ်လိုက်ပေမယ့်

ရင်ထဲမှခေါ်လိုက်သောအသံဟုထင်မှတ်ကာ ထိပ်တင်မိုး တစ်ယောက် နှလုံးများခုန်ကာ ရင်တုံနေသလို ခံစားလိုက်ရသည်။ နှစ်ဦးစလုံး မျက်လုံးချင်းဆုံကာ ခဏတာမျှငြိမ်သက်သွားလေသည်။

ထို့နောက် မင်းရာဇာက ထိပ်တင်မိုးနားသို့ တိုးကပ်သွားကာ ထိပ်တင်မိုး၏လက်ကလေးကို အုပ်ကာကိုင်လိုက်သည်။ ထိပ်တင်မိုးလည်း ရာဇာကလက်ကိုကိုင်လိုက်၍ ရင်ထဲဒိန်းကနဲနေအောင် ဖြစ်သွားရသည်။ သို့သော် လက်ကိုမူမရုန်းမိဘဲ ငြိမ်နေလိုက်သည်။

' မိုး ...မိုး ကိုချစ်တယ် '

မင်းရာဇာက အရင်းမရှိအဖျားမရှိ ဒုံးဒိုးကြီးပြောချလိုက်လေသည်။

' အစ်ကို့ရင်ထဲ အသဲထဲကစကားပါ။ အခုအချိန်မှာ အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့နော် '

ထိပ်တင်မိုးမှာ မင်းရာဇာပြောနေသော စကားများကို ခေါင်းလေးငုံ့ကာနားထောင်နေသည်။ ထိုနည်းတူ သူတို့





ပြောနေသောစကားများကို ဇော်ရှင်းတစ်ယောက် မျက်လုံးမှိတ်ကာ အိပ်ချင်ယောင်ဆောင်ပြီး နားထောင်နေသည်။

သူ့အစ်ကို ရာဇာတစ်ယောက် ဒီတစ်ခါတော့ ဘကယ် စွံပြီဟုတွေးမိကာ ဆက်ပြီးအိပ်ချင်ယောင်ဆောင်နေလိုက်သည်။

ထိပ်တင်မိုးလည်း ရာဇာ၏တောင်းဆိုမှုမပြုဘဲ ချစ်ခွင့်ပန်သဖြင့် ဘာမှပြန်မပြောဘဲနေလိုက်လေသည်။ သူမအနေနှင့်လည်း မင်းရာဇာလိုယောကျ်ားပီသသော အနေအထားရှိသည်ကတစ်ကြောင်း၊ သူမကိုအသက်စွန့် အနစ်နာခံကာ စောင့်ရှောက်ကူညီပေးနေသည်ကတစ်ကြောင်းယခုလိုချစ်ခွင့်ပန်လာတော့ သူမ,မငြင်းရက်ပါ။ အားကိုမိသည်ကတော့ အမှန်ပါ။

' အစ်ကို့အနေနဲ့ မိုးဆီကဘာမှမတောင်းဆိုချင်သေးဘူး၊ အစ်ကိုတို့လုပ်ငန်းစဉ်အားလုံး အောင်မြင်တော့မှ၊ အေးချမ်းသွားမှပဲ မိုးဆီကအဖြေတောင်းတော့မယ် '

ထိပ်တင်မိုးက မင်းရာဇာထံမှထွက်ပေါ်လာသော

စကားကြောင့် ရင်ထဲတစ်မျိုးဖြစ်သွားသည်။ တစ်ချို့ယောကျ်ားများသည် ချစ်ခွင့်ပန်ပြီး အဖြေတောင်းချင်ကြသည်။ အစ်ကိုကတော့ ဒီလိုမဟုတ်ပါလား၊ ရင်ထဲမှာ မျိုသိပ်နိုင်စွမ်းရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ အခွင့်အရေးမယူတဲ့ယောကျ်ားပဲ၊ ဒါပေမယ့် မိန်းမသားဖြစ်တဲ့ ကျွန်မမှာတော့ ဘာမှပြောပိုင်ခွင့် ချစ်ပိုင်ခွင့်မပြုလိုက်ရတဲ့အတွက် တအုံနွေးနွေးကြီးခံစားနေရသည်။

" အင်း ရှင်တို့ယောကျ်ားတွေဟာ သူတို့ပြောချင်တာဖြစ်ချင်တာပဲသိတယ်၊ မိန်းမသားတွေရဲ့ရင်ထဲမှာ ဘယ်လိုခံစားရသလဲဆိုတာ မသိကြပါလား "

ထိပ်တင်မိုးတစ်ယောက်စဉ်းစားရင် ရာဇာဆီမှဘာစကားများထွက်လာဦးမလဲဆိုကာ ငံ့လင့်နေမိသည်။

' ကဲ မိုး အိပ်ချင်အိပ်တော့လေ၊ အစ်ကို စောင့်ပေးပါ့မယ် '

ထိပ်တင်မိုးက မင်းရာဇာကိုရွှန်းလဲ့ရီဝေသောအကြည့်ဖြင့်ကြည့်ကာ ခေါင်းငုံ့သွားသည်။ သူမအနေဖြင့်





ယခုထိဘယ် ယောကျ်ားလေးတစ်ဦး၏ ချစ်ခွင့်ပန်မှုကို မခံစားခဲ့ရသော်လည်း မင်းရာဇာနဲ့ကျမှ ရင်ခုန်တတ်၊ ခံစားတတ်လာသည်။

ပထမအကြိမ် အိမ်ကိုလာစဉ်ကလည်း ဒီလိုခံစားမှုမျိုးခံစားခဲ့ရသည်။

အခု ဒုတိယအကြိမ်ခံစားရပြန်သည်။ ဒါပေမယ့် သူမအနေဖြင့် အချစ်ကိုဦးစားပေးခံစားနေရမည့်အချိန်မဟုတ်သည့်အတွက် ဒီမျှနှင့်ပဲမြိုသိပ်ထားလိုက်ရသည်။ အိပ်လိုက်တာပဲ ကောင်းပါတယ်ဟုတွေးရင်း အိပ်လိုက်လေသည်။

မင်းရာဇာလည်း ထိပ်တင်မိုးမှာ အိပ်ရန်ပြင်နေသည့်အတွက် အလိုက်သိစွာ သူမနားမှမခွာဘဲ သစ်ကိုင်းတစ်ခုချိုးကာ ယပ်ခတ်ပေးနေသည်။ မီးပုံကိုလည်း မီးမပြတ်စေရန် ထင်းတုံးများထပ်ထည့်လိုက်လေသည်။

ပြီးနောက် သူ့အပေါင်းအသင်းများကို လှမ်းကြည့်လိုက်သည်။ ဇော်ရှင်းမှာ နှစ်ခြိုက်စွာအိပ်မောကျနေသည်။

ထိုအခါ ဇော်ရှင်းခေါင်းအထက်မှ လျှောဆင်းလာသည့် အရာတစ်ခုကို တွေ့လိုက်ရသည်။ လျှောဆင်းလာသည့် အရာမှာ မြွေကြီးတစ်ကောင်ဖြစ်သည်ကို မီးရောင်ဖြင့်မြင် လိုက်ရသည်။

လုံးပတ်ခြောက်လက်မခန့်ရှိမည်ဟုထင်ရသော မြွေကြီးတစ်ကောင်က ဇော်ရှင်းခေါင်းပေါ်သို့ ဆင်းလာ နေခြင်းဖြစ်သည်။ ဇော်ရှင်းမှာ အိပ်မောကျနေသောကြောင့် မြွေကြီးဆင်းလာသည်ကိုမသိလိုက်ပါ။

မြွေကြီးက သူ့ခေါင်းအထက် ၂ပေခန့်အကွာသို့ ရောက်သောအခါ မင်းရာဇာကခါးကြားမှ ဓားမြှောင်တစ် ချောင်းကို အလျှင်အမြန်ထုတ်လိုက်ပြီး -

‘ ဝှီး ... ဒုတ် ’

ဓားပေါက်လိုက်သံနှင့် မြွေ၏ဦးခေါင်းကို ထိလိုက်သံ တို့သည် စက္ကန့်ပိုင်းသာခြားမည်ဟုထင်ရသည်။ တည့်လိုက် သည့်လက် ပစ်မှတ်ကိုတိတိကျကျထိမှန်သွားသည်။ မြွေ၏ ဦးခေါင်းမှာ သစ်ပင်တွင်ဓားမြှောင်နှင့်အတူ စိုက်ဝင်နေ





သည်။

မင်းရာဇာ၏ လှုပ်ရှားမှုအားလုံးကို ထိပ်တင်မိုးက အစအဆုံးမြင်လိုက်ရသည်။ ဇော်ရှင်းကတော့ လန့်နိုးလာပြီး ဘာဖြစ်တာလဲဆိုသည့်အကြည့်ဖြင့် မင်းရာဇာကိုကြည့် လိုက်သည်။

ရာဇာက ဇော်ရှင်းခေါင်းပေါ်သို့ လက်ညှိုးထိုးပြ လိုက်သည်။

ဇော်ရှင်းအပေါ်ကိုမော့ကြည့်လိုက်ပြီး -

‘ ဟာ ... ဟင် ... ’

အလန့်တကြားဖြင့် ထခုန်လိုက်သည်။

“ ကဲ ... သူငယ်ချင်းတို့ မြွေသားစားချင်ရင်တော့ အရေခွံဆုတ်လိုက်ပေါ့ ”

‘ ဟင့်အင်း ... ဟင့်အင်း မစားချင်ဘူး ’

အားလုံးက မစားချင်ကြောင်းငြင်းကြသည်။

“ ဒါဆို ဒီမြွေကိုမြေမြှုပ်လိုက်တော့ ”

ဇော်ရှင်းက မြွေကိုသစ်ပင်မှဖြုတ်ယူကာ သော်က

ကူးကားသောကျင်းထဲသို့ထည့်ကာ မြေဖို့လိုက်ကြသည်။

'ကျေးဇူးတင်ပါ အစ်ကိုရာဇာ အစ်ကိုသာမကယ်ရင် ကျွန်တော်မြွေပေါက်ခံနေရပြီ'

မင်းရာဇာက ဇော်ရှင်းကိုပြုံးပြကာ ခေါင်းညိတ်လိုက်သည်။ သူတို့အားလုံးမှာ အိပ်မပျော်ကြတော့ဘဲ တစ်ညလုံး စကားထိုင်ပြောရင်း အချိန်ကုန်သွားကြလေသည်။ ။





အခန်း (၁၅)

# အန္တရာယ်ဂူ

မင်းရာဇာတို့အုပ်စုသည် တောင်ခြေကိုအခြေအနေအကဲခတ်ကြည့်လိုက်သည်။ တစ်နေရာတွင် တောင်ပေါ်သို့တက်သောလမ်းကြောင်းလိုလို နေရာလေးကိုတွေ့မိသည်။ ဇော်ရှင်းက ဓားရှည်ဖြင့်ခုတ်ထွင်ရှင်းလင်းလိုက်သည်။

ပြီးနောက် -

'အစ်ကိုရာဇာ ဒီမှာလမ်းကြောင်းလေးတစ်ခုတော့တွေ့တယ်၊ ဒီနေရာကတက်ရင် ကောင်းမယ်ထင်တယ်'

ရာဇာလည်း ဇော်ရှင်းပြသောနေရာကို လာကြည့်

သည်။ ရာဇာကကြည့်ပြီး အခြေအနေကောင်းမွန်သော ကြောင့် လမ်းကြောင်းလေးအတိုင်း သူတို့လေးဦးတောင် ပေါ်သို့တက်ခဲ့ကြသည်။

တစ်နာရီကျော် တက်လိုက်သောအခါ တောင်ပေါ် သို့ ရောက်သွားသည်။ တောင်ထိပ်ကိုရောက်သောအခါ ခဏအမောဖြေရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက် သည်။

တစ်နေရာတွင် ကျောက်တိုင်လိုလိုအရာတစ်ခုကို တွေ့ရသည်။

မင်းရာဇာလည်း ထိုအရာကို လက်ဖြင့်အမှိုက်များ၊ ချုံနွယ်များကိုရှင်းလိုက်သောအခါ ကျောက်တိုင်ပေါ်တွင် အမှတ်အသားတစ်ခုကို တွေ့ရလေသည်။

ခုနှစ်သက္ကရာဇ်တစ်ခုကို ရေးထားခြင်းဖြစ်ပြီး စာလုံး များမှာပျက်လုနီးပါးဖြစ်နေ၍ သိပ်မပီပြင်တော့ပါ။

ထိုအချိန် ထိပ်တင်မိုးရောက်လာပြီး -

' အစ်ကို ဘာတွေတွေ့လို့လဲ '





" ကျောက်စာတစ်ခုတွေ့လို့ပါ၊ စာလုံးကတော့ သိပ် မပီပြင်တော့ဘူး "

ထိုအခါ ထိပ်တင်မိုးလည်း ထိုကျောက်စာကို သူ၏မှတ်တမ်းစာအုပ်လေးထုတ်ကာ ရှာကြည့်မိသည်။

မှတ်တမ်းစာအုပ်လေးမှာလည်း နှစ်ပေါင်းကြာမြင့် ပြီဖြစ်သည်။ စာအုပ်ထဲရှိစာလုံးများနှင့်တိုက်ဆိုင် စစ်ဆေး ကြည့်လိုက်သောအခါ -

' ဟော ဒီမှာတွေ့ပြီအစ်ကို ဒါ နရသခ်သူရဲ့ အုတ်ဂူ အမှတ်အသားပဲ၊ ဒါဆိုရင်တော့ ဒီတောင်ဟာမိုးတို့ရှာနေ တဲ့နေရာအမှန်ပဲ၊ ဒီမှာရေးထားတာတစ်ခုရှိသေးတယ်၊ ကျောက်တိုင်နဲ့ ပေ ၅၀ အကွာမှာ ဝင်ပေါက်တစ်ခုရှိလိမ့် မယ်တဲ့ '

ထိုအခါ မင်းရာဇာနဲ့ဇော်ရှင်းက ကျောက်တိုင်ရဲ့ နောက် ပေ ၅၀ အကွာကိုလျှောက်သွားကြည့်သည်။

ထိုနေရာသို့ရောက်သော် ကျောက်ချပ်နံရံလိုလို တောင်နံရံတစ်ခုလိုလို ကမူလေးတစ်ခုကိုတွေ့ရသည်။

သို့သော် ကမ္မူလေးက တစ်ခုတည်းမဟုတ်ပါ။ သုံးလေးခုဖြစ်နေသည်။

ဒါကို ရာဇာက ပထမဆုံးတွေ့သည့်ကမ္မူလေးကို အကဲခတ်ကြည့်လိုက်သည်။

ကျောက်တိုင်၏အနောက်တည့်တည့်တွင် ကျနေသည့်အတွက် ထိုကမ္မူလေးကိုပဲရွေးချယ်လိုက်သည်။

ရာဇာက ထိုကမ္မူလေးကို ချုံနွယ်များဖယ်ရှားလိုက်သည်။ ထိုအခါ ကျောက်ချပ်ပြားလိုလို တံခါးတစ်ခုလိုလို အရာတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။

ထိုကျောက်ချပ်ကို သေသေချာချာကြည့်လိုက်သောအခါ လေဝင်ပေါက်တစ်ခုဖောက်ထားသည်ကိုတွေ့ရလေသည်။

လေဝင်ပေါက်မှာ လေးလက်မပတ်လည် အပေါက်တစ်ခုဖြစ်နေသည်။

ရာဇာလည်း ၎င်းအပေါက်လေးကို သေသေချာချာရှင်းပြီး အတွင်းသို့ကြည့်လိုက်သည်။





ထိုအပေါက်မှ မြေအောက်သို့ ဆင်းသောလှေကားထစ်များကို တွေ့လိုက်ရသည်။

ထိပ်တင်မိုးလည်း ကျောက်တံခါးကိုဖွင့်ရန်အတွက် ဇော်ရှင်းနဲ့သော်ကကို ချုံနွယ်များကိုရှင်းလင်းစေသည်။

ဘယ်လိုဖွင့်ရမလဲဆိုသည်ကို သူမအနေဖြင့် ခလုတ်တစ်ခု(သို့) ဖွင့်စရာတစ်ခုခုတော့ ရှိလိမ့်မည်ဟု ထင်မြင်မိသည်။ ထိုခလုတ်ကို ရှာရဦးမည်မဟုတ်ပါလား။

ထိုအချိန်တွင် ရာဇာကလည်း တံခါးတစ်ခုလုံးကို ဘယ်မှာခလုတ်တပ်ထားသလဲဆိုသည်ကို ရှာဖွေနေသည်။

သို့သော် ဘယ်သူမှမတွေ့ကြပါ။

ထိုအခါ ထိပ်တင်မိုးကမှတ်တမ်းစာအုပ်လေးကို ထုတ်ကြည့်ပြီး ထူးခြားချက်များကိုရှာနေသည်။

မှတ်တမ်းစာအုပ်၏ စာမျက်နှာတစ်ခုတွင် ကြောပုံအမှတ်အသားပါ အဝိုင်းပေါက်လေးသုံးခုကို တွေ့ရသည်။

ဒါဟာထူးခြားချက်တစ်ခု ဖြစ်လိမ့်မည်ဟုတွေးမိသည်။

ထို့ကြောင့် ထိပ်တင်မိုးက ဘယ်သူ့ကိုမှမပြောဘဲ ထိုစကြာပုံသုံးခုကိုရှာနေသည်။

သူမ၏ခေါင်းပေါ် တည့်တည့်တွင် စကြာပုံအဝိုင်းပေါက်သုံးခုကို တွေ့လိုက်ရသည်။

ထိပ်တင်မိုးက ...

' ကိုဇော်ရှင်း ဒီနေရာကိုအမှိုက်တွေရှင်းပေးပါ '

သော်က က ဓာတ်မီးလေးထိုးကာ ဇော်ရှင်းကထို အဝိုင်းသုံးခုကိုရှင်းပေးလိုက်သည်။

ထိပ်တင်မိုးက အဝိုင်းပေါက်သုံးခုကို သေသေချာချာကြည့်လိုက်သောအခါ သူမ,ရှာဖွေနေသော စကြာပုံ အဝိုင်းသုံးခုဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိပ်တင်မိုးက ၄င်းအပေါက်ထဲသို့ နံပါတ်အစဉ်လိုက် လက်ညှိုးလေးနဲ့တွန်းကြည့်သည်။ ပထမပေါက်တွင် လက်ညှိုးထိုးထည့်လိုက်သောအခါ ဘာမှမထူးခြားပါ။

ဒုတိယအပေါက်ကို ထိုးကြည့်သည်။ ဒုတိယလည်း ဘာမှထူးခြားမှုမရှိပါ။





တတိယအပေါက်ကို ထိုးကြည့်ပြန်သည်။ ၄င်းလည်း ဘာမှထူးခြားမှုမရှိသည်ကို တွေ့ရလေသည်။

ထိပ်တင်မိုး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

ထိုအခါ မင်းရာဇာက မကျေနပ်၍ ထိပ်တင်မိုးကို ဖယ်ခိုင်းကာ သူကိုယ်တိုင်ပဲ ပထမပေါက်ကိုအားသွင်းပြီး ထိုးထည့်ကြည့်သည်။

ထိုအခါ ယောကျ်ားအားကြောင့်လား ဒါမှမဟုတ် ယောကျ်ားတစ်ယောက်ဖွင့်မှ ရလို့လားဆိုတာတော့မသိပါ။

အပေါက်ကလေးမှာ အပေါ်သို့ထိုးတက်သွားသည်။ ဒါပေမယ့် ဘာမှတော့ ထူးခြားမလာပါ။

ဒုတိယအပေါက်ကိုထပ်ပြီး တွန်းကြည့်ပြန်သည်။ ဒုတိယအပေါက်လည်း ပထမအပေါက်ကဲ့သို့ အပေါ်သို့ထိုးတက်သွားသည်။

နောက် တတိယအပေါက်ကို ထပ်ထိုးကြည့်သည်။ တတိယအပေါက်လည်း အပေါ်သို့တက်သွားသည်။

သုံးပေါက်စလုံးပြီးဆုံးသွား၍ အခြေအနေကို စောင့်

ကြည့်သောအခါ -

'ဂျိမ်း ... ဂျိမ်း ... ဂျိမ်း '

ဟူသော အသံများထွက်ပေါ်လာကာ တံခါး ကျောက်ချပ်ပြားမှာပွင့်လာသည်။ တံခါးမှာ တွန်းတံခါးပုံစံမျိုး အလည်ဝင်ရိုးပေါ်တွင် ပြုလုပ်ထား၍ လူတစ်ယောက်ဝင်ရုံ လောက်ပွင့်သွားလေသည်။

တံခါးပွင့်သွား၍ သူတို့လေးယောက်မှာ ဝမ်းသာ သွားကာ တံခါးဘေးမှကပ်ကာ လှေကားအတိုင်းအောက် သို့ဆင်းလာခဲ့ကြသည်။

လှေကားမှာ ကြောင်လိမ်လှေကားဖြစ်၍ ပတ်ပြီး အောက်သို့ဆင်းရသည်။

သူတို့လေးဦးလှေကားအတိုင်း ဆင်းလာခဲ့ကြသည်။ လှေကားအောက်သို့ရောက်သော် တောင်ကမူများ၊ ကျောက် တုံးများ ထိုးထိုးထောင်ထောင်နှင့် ကျောက်ဂူတစ်ခုဖြစ်နေ သည်ကို တွေ့ရလေသည်။

ကျောက်ဂူပတ်ပတ်လည်ကို ကြည့်လိုက်ရာ ဆက်





သွားရန်လမ်းကြောင်းမရှိဘဲ လမ်းကြောင်းပျောက်နေသည် ကိုတွေ့ရလေသည်။

ဘယ်ကိုသွားရမည်ကိုမသိဖြစ်နေသည်။ စဉ်းစား ရင်း ထိပ်တင်မိုးက သူ့လက်ထဲမှ မှတ်တမ်းစာအုပ်လေးကို ဖွင့်ကြည့်လိုက်ပြန်သည်။

မှတ်တမ်းစာအုပ်တွင် အလင်းရောင်တန်းတစ်ခုက အပေါ်တည့်တည့်မှ မြေကြီးပေါ်သို့ အဝိုင်းပုံသဏ္ဍာန်တစ်ခု ကျနေသည်ကို ပြထားသည်ကိုတွေ့ရလေသည်။

ထိုအခါ ရာဇာက အမိပ္ပါယ်တစ်ခုပေါက်ကာ သူ၏ လက်ထဲမှနာရီကိုကြည့်လိုက်သည်။

၁၂ နာရီထိုးရန် နာရီဝက်ခန့်လိုသေးသည်။

'မိုး ... အစ်ကိုတို့ ၁၂နာရီထိစောင့်ကြည့်ရအောင်၊ ဘာဖြစ်လို့လဲဆိုတော့ သူက အပေါ်တည့်တည့်က အလင်း တန်းတစ်ခုပုံဆွဲပြထားတော့ ဒီအလင်းတန်းပေါ်မပေါ် စောင့်ကြည့်ရအောင် '

'တကယ်လို့သာ အလင်းတန်းပေါ်ခဲ့ရင် အစ်ကိုတို့

ဆင်းတာမှန်ရင် အဲဒီအတိုင်းပဲ ဆက်လုပ်ကြတာပေါ့ '

ထိပ်တင်မိုးလည်း ရာဇာပြောသည့်အတိုင်း လိုက်နာသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သူတို့လေးယောက် ခဏနားလိုက်ကြသည်။

၁၂ နာရီထိုးသောအခါ နေရောင်တစ်ခုက အပေါ်တည့်တည့်မှ အလင်းတန်းတစ်ခု သူတို့ရှေ့ ၁၀ပေကွာသော နေရာတွင် အဝိုင်းတစ်ဝိုင်းဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုအဝိုင်းနေရာကိုမှတ်သားကာ ဂေါ်ပြားပေါက်တူးများ ထုတ်ကာ တူးဖော်ကြလေသည်။

မကြာမီ အပေါက်ကြီးတစ်ခုဖြစ်ကာ အောက်ကို လှမ်းမြင်နေရသည်။ အောက်ကိုလှမ်းကြည့်လိုက်သောအခါ ပေ၂၀ လောက်ရှိမည်ဟု ခန့်မှန်းရသည်။

ဇော်ရှင်းက မိမိတို့တွင်ပါလာသောကြိုးကို နံရံတစ်ခု၏အစွန်းတွင် ပတ်ချည်လိုက်သည်။ ကျန်တစ်ဖက်ကို မိမိတို့တူးထားသော အပေါက်ထဲသို့ချလိုက်သည်။

ပထမဦးစွာ ဇော်ရှင်းကအောက်သို့ အရင်ဆင်း





သည်။ နောက် ရာဇာကဆက်ပြီးဆင်းသည်။

ပြီးနောက် ထိပ်တင်မိုးက လိုက်ဆင်းသည်။ သော်ကတစ်ယောက်သာ ကျန်ခဲ့သည်။

ဇော်ရှင်းက ရှေ့သို့အနည်းငယ်ဆက်ပြီးလျှောက်သည်။ ရှေ့တွင် ကျောက်သားနံရံများက လူတစ်ကိုယ်စာဝင်လို့ရသည်။ သူတို့ ဆက်ပြီးဝင်လာခဲ့ကြသည်။

နံရံတစ်ခု၏တစ်ဖက်သို့အထွက် ရာဇာ၏လက်မောင်းသို့ ဆူးတစ်ချောင်းက အလိုလိုလာစိုက်သည်။

' အား ... '

မင်းရာဇာ၏အော်သံကြောင့် ထိပ်တင်မိုးကကြည့်လိုက် ရာ လက်မောင်းတွင် ဆူးတစ်ချောင်းစိုက်နေသည်ကို တွေ့လိုက်ရသည်။ ထိပ်တင်မိုးက ဆူးကိုဆွဲနှုတ်ပေးလိုက်သည်။

ဆူးကို သေချာကြည့်လိုက်သောအခါ အဆိပ်လူးထားသည့် ဆူးတစ်ချောင်းဖြစ်နေသည်ကို တွေ့ရသည်။

" အဆိပ်လူးထားတဲ့ဆူးပဲ၊ အစ်ကို ဘယ်လိုနေ

သေးလဲ"

ထိုအခါ ဇော်ရှင်းက -

' ဆူးက အဆိပ်လူးထားတာ နှစ်ပေါင်းများစွာကြာနေပြီပဲ၊ အဆိပ်တွေပြယ်လောက်ပါပြီ၊ ဒီလောက်နှစ်အကြာကြီးခံတဲ့ အဆိပ်မရှိလောက်ပါဘူး '

" ဟုတ်တယ် ကိုဇော်ရှင်းပြောတာဖြစ်နိုင်တယ် "

ထိပ်တင်မိုးက အားပေးစကားပြောလိုက်သည်။

ရာဇာကတော့ ဘာမျှထင်မြင်ချက်မပေးဘဲ ခေါင်းသာညိတ်လိုက်မိသည်။

သုံးဦးသားဆက်ပြီး လျှောက်လာကြသည်။

ထိုစဉ် ထိပ်တင်မိုးက -

' ဒါနဲ့ ကိုသော်ကတစ်ယောက် ဘယ်မှာကျန်ခဲ့တာလဲမသိဘူး၊ နောက်ကလည်း ပါမလာဘူး '

ထိုအခါ ဇော်ရှင်းက -

" ဘာမှမပူပါနဲ့ သူလိုက်လာပါလိမ့်မယ်၊ သူ့ကိုယ်သူကာကွယ်နိုင်စွမ်းရှိပါတယ် "





သူတို့ဆက်လျှောက်လာကြသည်။ ကျောက်တုံးကျောက်စွန်းများကိုကျော်ဖြတ်ကာ မြေပြန့်လိုလို အနည်းငယ် ကျယ်လာသည်ကို တွေ့ရလေသည်။

ဇော်ရှင်းက သူ့တွင်ပါလာ သောခါတ်မီးဖြင့် ကျောက်နံရံတစ်ခုကို ထိုးလိုက်သောအခါ ရှေ့တွင် ကျောက်တံခါးသုံးချပ်ကို တွေ့လိုက်ရသည်။

ထိပ်တင်မိုးက သူ့မလက်ထဲမှ မှတ်စုစာအုပ်လေးကိုဖွင့်ကြည့်လိုက်ပြန်သည်။

" ဟော ... တွေ့ပြီ .. တွေ့ပြီအစ်ကိုရာဇာ "

ထိပ်တင်မိုးက သူ့စာအုပ်ထဲမှစာရွက်တစ်ရွက်ကိုပြလိုက်သည်။ ပြီးနောက် ဘယ်ဘက်ရှိကျောက်နံရံကို လှည့်ကြည့်လိုက်သောအခါ မြွေလိုလို နဂါးလိုလိုရုပ်ထုတစ်ခုကို တွေ့လိုက်ရသည်။

ညာဘက်သို့ဆက်ပြီး ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါ မိစ္ဆာခေါင်းသုံးလုံးပုံကို တွေ့ရသည်။ မိစ္ဆာကြီး၏ကိုယ်လုံးမှာ ခြေသေ့လား၊ ခွေးလားမသိ။ သွားအစွယ်များ

အဖွေးသားနှင့် ကြောက်စရာကောင်းလှသည်။

" အစ်ကိုရာဇာ မိုးတို့ရောက်နေတဲ့နေရာမှန်နေပြီ၊ ဒါဆိုရင် ရှေ့ကတွေ့ရတဲ့နံရံဟာ ကျောက်တံခါးသုံးချပ်ဆိုတာ ကျိန်းသေသွားပြီ "

' ဒါဆိုရင် ... ဒီကျောက်တံခါးကိုဖွင့်ဖို့ အဖြေရှာရမယ် '

သူတို့သုံးယောက် ကျောက်တံခါးနားသို့ကပ်လာကြသည်။ ကျောက်တံခါးနားမရောက်မီ ကျောက်တံခါးရှေ့ မြေနင်းနေရာကို ထိပ်တင်မိုးက အကဲခတ်ကြည့်လိုက်သောအခါ ဗဟုဂံပုံ ၅ ခုကို ဆက်လျက်တွေ့ရသည်။

ဗဟုဂံ ၅ ခု၏အလယ်တွင် တိရစ္ဆာန် ၅ မျိုးကိုတွေ့ရသည်။ မြွေ၊ တောဝက်၊ နဂါး၊ သိမ်းငှက်၊ ဝက်ဝံတို့ဖြစ်ကြသည်။

အဆိုပါတိရစ္ဆာန် ၅ မျိုးနှင့် ကျောက်တံခါးသုံးချပ်မှာ မည်ကဲ့သို့ဆက်စပ်နေပါသနည်း။

" တိရစ္ဆာန် ၅ ကောင်နဲ့တံခါး ၃ ချပ်ကို အရွှေမမှားဖို့ လိုတယ်နော် "

ရာဇာက ရှေ့သို့ခြေတစ်လှမ်းတိုးကာ ကျောက်ပြားတစ်ချပ်ကိုနင်းကြည့်လိုက်သည်။ ထိုအခါ ကျောက်ပြားချပ်က အောက်သို့ကျွံဝင်သွားသလိုဖြစ်သွားပြီး -

' ကျွိ ... ကျွိ '

မင်းရာဇာလည်း အလန့်တကြား နောက်ပြန်ဆုတ်လိုက်သည်။ ထိုအခါ ထိပ်တင်မိုးက -

" ဒီကျောက်ပြားတွေက ဘာအန္တရာယ်မှမရှိပါဘူး၊ ဟို ရှေ့မှာမြင်ရတဲ့ တိရစ္ဆာန်ငါးကောင်ရဲ့ ကျောက်ပြားတွေကိုတော့ မှားမနင်းဖို့လိုတယ်။

မိုး ပြောသလို အစ်ကိုလိုက်နင်းပါ "

" ကဲ ... စမယ် "

ရာဇာကျောထဲ စိမ့်ကနဲဖြစ်သွားသည်။ အကယ်၍ မှား၍သာ နင်းမိမည်ဆိုပါက မတွေးရဲစရာပါလား။

ထိုတိရစ္ဆာန်ငါးမျိုးကို မှန်အောင်နင်းပြီးမှသာ ကျောက်ဂူသုံးချပ်မှ တစ်ချပ်သာပွင့်မည်ဖြစ်သည်။

ဂူထဲတွင် ထောင်ချောက်တွေဆင်ထားမည်မှာ သေချာသည်။ ရာဇာမှာ စိတ်ထဲကတော့ ကြောက်စိတ်ဖြစ်မိသည်မှာ အမှန်ပင်။ သို့သော် မနင်း၍လည်းမဖြစ်။

ထိုအခါ ထိပ်တင်မိုးက -

" အစဉ်လိုက်နင်းရမယ်နော် မမေ့နဲ့ဦး "

" တဲ ...စတော့မယ်၊ တောဝက် ...မြွေ ..နဂါး (ခြေစုံရပ်ပါ) ...

" သိန်းငှက် ...ဝက်ဝံ "

ဝက်ဝံမှာခဏရပ်ကာ အခြေအနေကိုစောင့်ကြည့်နေကြသည်။ ထိုအခါ ဂူတံခါးအလယ်တစ်ချပ် ပွင့်သွားသည်။

ထိပ်တင်မိုးနှင့်ဇော်ရှင်းတို့လည်း ဂူပေါက်ရှေ့ကိုရောက်လာကြသည်။ သူတို့သုံးယောက် ဂူပေါက်ရှေ့ကိုရောက်လာသော်လည်း ယခုထိသော်ကတစ်ယောက်ရောက်မလာသေးပါ။

သော်ကတစ်ယောက် တစ်ခုခုများဖြစ်နေပြီလား





မသိ။ မင်းရာဇာ သော်ကအတွက် စိုးရိမ်သွားမိသည်။ သို့သော် နောက်ကြောင်းပြန်လှည့်၍လည်း မဖြစ်တော့ပေ။

သုံးယောက်သား အထဲကိုဝင်လိုက်ကြသည်။ ဂူထဲတွင် အပေါ်ဘက်မှ အလင်းရောင်တန်းများ ဖြာကျနေသည်ကို တွေ့လိုက်ရသည်။ ဘယ်နေရာက ဘယ်လိုကျနေမှန်းမသိရပါ။

ဂူပေါက်မှ ရှေ့ကိုလှမ်းကြည့်လိုက်သောအခါ ကျောက်သေတ္တာတစ်လုံးကို တွေ့လိုက်ရသည်။

သူတို့နှင့် ပေ ၅၀ လောက်သာ ဝေးတော့မည်ဟုထင်သည်။ သူတို့လည်း ကျောက်သေတ္တာနားသို့ လျှောက်လာခဲ့ကြသည်။ ကျောက်သေတ္တာ၏အဖုံးပေါ်တွင် ပုံတစ်ပုံကို ထွင်းထုထားသည်ကို တွေ့ရသည်။

ကျောက်ချပ်တွင် ကျောက်ဆစ်ပညာဖြင့်ပုံဖော်ထားခြင်းဖြစ်၍ အလွန်တရာလက်ရာမြောက်ကာ ယခုတိုင်မပျက်စီးဘဲ ရှိနေခြင်းဖြစ်သည်။

ဇော်ရှင်းနှင့်ထိပ်တင်မိုးက ကျောက်သေတ္တာပေါ်ရှိ

အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ထုတ်လိုက်ကြသည်။ အမှိုက်များကိုရှင်းလင်းလိုက်သောအခါ ပုံမှာပိုမိုပေါ်လွင်လာသည်။ ဗိုလ်မှူးလေး နရသခ်သူ၏ပုံကို ထွင်းထုထားခြင်းဖြစ်မည်ဟု ယူဆရသည်။

မင်းရာဇာက -

' ကဲ အဖုံးကိုဖွင့်ကြည့်ကြရအောင် '

သုံးယောက်သား တစ်ပြိုင်နက် ကျောက်အဖုံးကို အရှေ့ဖက်မှတွန်းကြသည်။ ထိုအခါ ကျောက်အဖုံးမှာ တဖြည်းဖြည်းချင်းပွင့်လာကာ ဇော်ရှင်းနှင့်ရာဇာက အဖုံးကို အောက်သို့အသာ မ,ယူ၍ချလိုက်ကြသည်။

ကျောက်သေတ္တာထဲကို ကြည့်လိုက်သောအခါ အလွန်အံ့ဩဖွယ်ရာတွေ့လိုက်ရသည်။

အထဲတွင် အရိုးခေါင်းသာကျန်ပြီး အရိုးမှုန့်များဖြစ်နေသော လူအရိုးစုတစ်ခုကိုတွေ့လိုက်ရသည်။ အရိုးမှုန့်များပေါ်တွင် ဓားတစ်ချောင်းက မပျက်မစီးဘဲရှိနေသည်။

ရာဇာက-

' ဒီဓားကို ဒီအတိုင်းထားရင် ဘာမှအသုံးဝင်မှာ





မဟုတ်ဘူး၊ ပြတိုက်မှာထားရင် နောင်လာနောက်သားတွေအတွက် လေ့လာစရာတစ်ခု တိုးလာတာပေါ့ '

ရာဇာက ထိုသို့ပြောလိုက်စဉ်မှာပင် ...

' ဟား ...ဟား ...ဟား '

' အခုတော့ ငါပဲအရင်လေ့လာလိုက်ဦးမယ်ကွာ '

ရယ်သံများထွက်လာသည့်နေရာသို့ သုံးဦးသားပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ အားလုံး မမျှော်လင့်သောလူများကို တွေ့လိုက်ရသည်။ ထိုလူများထဲတွင် သော်ကလည်း ပါနေသည်ကိုတွေ့လိုက်ရ၍ အံ့ဩသွားသည်။

ဦးအံ့မောင်က -

' ခုနက ရာဇာပြောသလိုပဲ ဒီဓားကိုဒီအတိုင်းထားရင် ဘာမှအသုံးဝင်မှာမဟုတ်ဘူး၊ ဒီတော့ အသုံးဝင်သွားအောင် ငါ့ဆီကိုပေးလိုက် '

' ဟောဒီမှာ မင်းတို့လိုချင်တဲ့ ဒေါက်တာရဲ့ မောင်လေးနဲ့ လဲလှယ်ကြတာပေါ့ '

ဦးအံ့မောင်၏တပည့်တစ်ယောက်က စည်သူ၏

ပါးစပ်တွင်ပိတ်ထားသော ပလာစတာကိုဖွင့်ပေးလိုက်သည်။

ထိုအခါ စည်သူက -

' မမ ကျွန်တော့်ကိုကယ်ပါဦး၊ သူတို့လိုချင်တာကို ပေးလိုက်ပါနော် '

ထိပ်တင်မိုးလည်း သူမ၏မောင်လေး ကြောက်ရွံ့နေသည်ကိုတွေ့ရ၍ ရင်ထဲသနားသွားမိသည်။

မင်းရာဇာဘက်ကို လှည့်လိုက်ပြီး ဓားကိုပေးလိုက်ရန် တောင်းဆိုလိုက်သည်။မင်းရာဇာကလည်း မိမိလက်ထဲမှ ဓားထက် လူတစ်ယောက်၏အသက်ကပို၍ တန်ဘိုးကြီးမှန်းသိသဖြင့် -

" ရော့ ကိုအံ့မောင် ခင်ဗျားလိုချင်တဲ့ဓား "

မင်းရာဇာက သူ၏လက်ထဲမှဓားကို ဦးအံ့မောင်ဆီသို့ ပစ်ပေးလိုက်သည်။ ဓားမှာ ဦးအံ့မောင်လက်ထဲရောက်သွား၏။ ဦးအံ့မောင်က ဓားကိုသေသေချာချာကြည့်လိုက်သည်။

' ဟာ သိပ်ကောင်းတဲ့ဓားပဲ၊ ဒီလိုဓားမျိုး ငါတစ်ခါမှ





မကိုင်ဖူးဘူး '

ဦးအံ့မောင်မှာ လိုချင်တာကိုရ၍ စည်သူကိုလွှတ်ပေးရန် တပည့်တစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။ ထိုအခါ တပည့်က စည်သူကိုကြိုးဖြည်ပေးပြီး ထိပ်တင်မိုးဆီသို့ တွန်းလွှတ်လိုက်သည်။

ဦးအံ့မောင်မှာ လက်ထဲတွင်ရှိနေသော ဓားကို တဆဆလှုပ်ကြည့်ရင်း စိတ်ထဲတွင်စိတ်ရိုင်းများ ဝင်လာသည်။ သတ်ချင်ဖြတ်ချင်စိတ်များ ပေါ်လာသည်။

သူသတ်ချင်သည့်လူကို ရှာကြည့်လိုက်သောအခါ သော်ကကိုတွေ့လိုက်ရသည်။ ဦးအံ့မောင်က သော်ကနားသို့ ရောက်သွားပြီး ဓားဖြင့်စလွယ်ခုတ်လိုက်သည်။

' ဂွီး ... ဒုတ် '

' အား ... '

သော်ကတစ်ယောက် လည်ပင်းမှသွေးများပန်းထွက်ကာ နေရာမှာပင်လဲကျသွားသည်။

' ဟာ ... ဟင် '

ရာဇာနှင့်ထိပ်တင်မိုးတို့မှာ အံ့ဩကာကြက်သေသေ နေကြသည်။ သူတို့မှာ ဘာမှလုပ်နိုင်သည့် အင်အားလည်း မရှိကြတော့။ ဒီအတိုင်း လက်ပိုက်ကြည့်နေမိသည်။ သူငယ်ချင်းဖြစ်သူ သော်ကမှာ အသက်ငင်နေ၏။

ဦးအံ့မောင်က -

' မင်းတို့အားလုံး ဒီဂူထဲမှာကျန်ခဲ့တော့ ငါတို့ဂူကို ပိတ်ပြီးထားခဲ့မယ်။ မင်းတို့ကို ငါမသတ်ဘူး၊ မင်းတို့ဟာမင်းတို့ အသက်ရှူပိတ်၊ အစာငတ်ပြီးသေကြပေါ့ကွာ '

' ဟား ... ဟား ... ဟား '

ဦးအံ့မောင်တို့လူစုမှာ ဓားရှဲ့ဂူပေါက်မှထွက်ရန် ဟန် ပြင်နေကြသည်။ မင်းရာဇာတို့ချခဲ့သောကြိုးမှတက်ရန် ပြင်ဆင်လိုက်ကြသည်။ အပေါ်မှတစ်ယောက်က ကြိုးကိုဆွဲတင်ပေးနေသည်။

ထိုအချိန် ဂူနံရံတစ်ခုမှ အလင်းရောင်တစ်ခု ဖြာထွက်လာသည်ကို တွေ့လိုက်ရသည်။ ဘာများပါလိမ့်ဟု သိချင်စိတ်ဖြင့်ကြည့်နေစဉ်မှာပင် -





' ဝေါင်း ... ဝေါင်း '

ဟူသောအသံနှင့်အတူ ဦးအံ့မောင်၏တပည့်နှစ်ယောက်ကို ကိုက်ဆွဲလိုက်သည်ကိုမြင်လိုက်ရသည်။ ထိုအခါကျမှ ဦးအံ့မောင်မှာ -

' ဟင် ... ခေါင်းသုံးလုံးနဲ့ မိစ္ဆာခွေးဘီလူးပါလား၊ ဘယ်ကနေရောက်လာတာပါလိမ့် '

ထိုအချိန်တွင် ခွေးဘီလူးက နောက်တစ်ယောက်ကို ကိုက်ဆွဲလိုက်ပြန်သည်။ ထိုလူလည်း ခွေးဘီလူး၏ပါးစပ်ထဲသို့ပါသွားပြန်သည်။ ဦးအံ့မောင်နှင့် တပည့်တစ်ဦးသာ ကျန်တော့သည်။

တပည့်ဖြစ်သူမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပြေးပေါက်ရှာနေသည်။ သို့သော် ပြေးပေါက်မရှိမှန်းသိသဖြင့် ကျောက်နံရံတွင်သာကပ်နေလိုက်သည်။

ဦးအံ့မောင်မှာ ဓားကိုကျောတွင်လွယ်လိုက်ပြီး ဂူပေါ်မှလူကို ဆွဲတင်ရန်အချက်ပြလိုက်သည်။ အပေါ်မှလူက ဦးအံ့မောင်ကို ဆွဲတင်လိုက်သည်။ ခွေးဘီလူးက တပည့်ဖြစ်

သူ၏အနားသို့ရောက်လာပြီး ခုန်ဟပ်လိုက်လေသည်။

' ဝေါင်း ... '

' အား '

ဦးအံ့မောင်၏ နောက်ဆုံးတပည့်မှာလည်း အသက်နှင့်ခန္ဓာအိုစားကွဲသွားလေသည်။ ဦးအံ့မောင်မှာ ကြိုးတန်းလန်းဖြင့် အပေါ်သို့ပါသွားချိန်တွင် ခွေးဘီလူးကြီးက ခုန်ပြီးကိုက်လိုက်သည်။

သို့သော် မမှီတော့ဘဲ ဦးအံ့မောင်မှာ အပေါ်သို့ရောက်သွားလေပြီ။

ထိုအချိန် ဦးအံ့မောင်မှာ မင်းရာဇာတို့ဆီမှ ဓားကိုယူပြီးသွားပြီဖြစ်၍ -

' ရာဇာရေ ငါတို့တော့သွားပြီဟေ့ ဒီဂူကျဉ်းကျဉ်းလေးထဲမှာ မင်းတို့လေးယောက်ရဲ့ ကံကြမ္မာနဲ့ အောက်စီဂျင်ကလုံလောက်မှာမဟုတ်ဘူး၊ မင်းတို့ရဲ့ကံကြမ္မာပဲပေါ့ ငါကတော့ မင်းတို့ကို ကိုယ်တိုင်မသတ်ချင်ပါဘူး '

ဦးအံ့မောင်တစ်ယောက် ဂူပြင်သို့ရောက်သော် -





' ကဲ မင်းတို့နားတွေပိတ်ထားကြ ငါ ဂူကိုမိုင်းခွဲလိုက်တော့မယ် '

ဒါကို ကြားလိုက်ရသည့် ရာဇာက ...

" အားလုံးဝပ် "

ဟုအသံပေးကာ သူပါမြေပေါ်သို့ဝပ်ချလိုက်သည်။

ဦးအံ့မောင်လူစု ဂူထဲမှထွက်သွားပြီး ဂူပေါက်ကိုမိုင်းခွဲကာပိတ်လိုက်ကြသည်။

' ဝုံး ... ဝေါ ... ဝေါ '

ကျောက်တုံးကျောက်သားများမှာ ဂူပေါက်ကိုပိတ်သလိုဖြစ်သွားသည်။ အလင်းရောင်ရသောနေရာများပင် အလင်းပေါက်များပိတ်ကာ ဂူတစ်ခုလုံးတုန်ခါပြီး မှောင်အတိကျသွားသည်။

ထိုအခါ ဇော်ရှင်းက သူ့တွင်ပါလာသောဓာတ်မီးဖြင့် ဂူတစ်ခုလုံးကိုလိုက်ကြည့်လိုက်သည်။ သော်ကကိုသတိရသွားကာ သော်ကနားသို့ပြိုင်တူသွားကြသည်။ သော်ကမှာ အသက်ငင်နေပြီး -

' သူငယ်ချင်းတို့ ငါ့ကိုခွင့်လွှတ်ပါ ငါ့ရဲ့လောဘကြောင့် ငွေတစ်ခုရလိုမှုကြောင့် ဦးအုံ့မောင်ရဲ့စကားကိုယုံပြီး သစ္စာဖောက်မိတယ်၊ ဒါပေမယ့် ငါလည်းမနေရတော့ပါဘူး၊ အားလုံး ကိုနှုတ်ဆက်ပါတယ်၊ ငါ့ကို ခွင့် ... လွှတ် .. ပါ '

သော်ကတစ်ယောက် စကားအနည်းငယ်သာပြောပြီး အသက်ထွက်သွားလေသည်။

မိုင်းခွဲသံကြောင့် ကျောက်ဂူနံရံမှမြေများ ပြိုကျသံနှင့် ကျောက်တုံးများကျလာလေသည်။ သူတို့ဂူပေါက်ကို ပိတ်လိုက် သလိုဖြစ်သွားသည်။ ဂူထဲပိတ်မိနေသော ရာဇာတို့မှာလည်း သော်ကအတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူတို့အတွက်လွတ်လမ်းကို ရှာရဦးမည်ဖြစ်သည်။

ဇော်ရှင်းက ကျောက်တုံးများပိတ်မိနေသော ဂူပေါက်ကိုသွားရောက်ကြည့်ရှုလိုက်ရာ -

' အစ်ကိုရာဇာ ဒီကျောက်တုံးတွေကို ကျွန်တော်တို့ဖယ်ပြီး အပြင်ထွက်လို့ရနိုင်တယ်၊ ဒါပေမယ့် ကျောက်တုံးကြီးတွေကကြီးတော့ ကျွန်တော်တို့နိုင်မယ်မထင်ဘူး '





ဇော်ရှင်းပြောသလို ရာဇာလည်း ရသမျှကျောက်တုံးများကိုဖယ်ရှားကြည့်သည်။ အပေါက်လေးတစ်ခုပေါ်လာသည်။ ထိုအပေါက်လေးမှ အပြင်ကိုချောင်းကြည့်လိုက်ရာ ဘယ်အချိန်ကရောက်နေမှန်းမသိသော မိစ္ဆာခွေးဘီလူးကြီး၏ ဟိန်းသံကိုကြားလိုက်ရသည်။

' ဝေါင်း ... '

ရာဇာလည်း လန့်ဖျတ်ပြီးနောက်သို့ဆုတ်လိုက်သည်။ ပြီးနောက် ချက်ချင်းသတိရကာ ကျောက်တုံးတစ်တုံးယူပြီး ထိုနေရာကိုပတ်လိုက်သည်။ ထို့နောက် ကျောက်တုံးကိုတွန်းထားလိုက်သည်။ သူတစ်ယောက်တည်းမရ၍ ဇော်ရှင်းပါ ကူတွန်းထားရသည်။

ရာဇာက -

" မိုး အစ်ကိုတို့လွတ်လမ်းလေးရှာကြည့်ပါဦး၊ ခွေးဘီလူးကြီးကိုထိုးဖို့ အရိုးစုထဲက အရိုးတစ်ချောင်းလောက် သွားယူပေးပါဦး "

ထိပ်တင်မိုးလည်း ရာဇာကိုအရိုးယူပေးဖို့ ကျောက်

သေတ္တာနားသို့သွားကာ ရပ်လိုက်သည်။ ထိုအချိန် ကျောက်သေတ္တာ၏ဘေးပတ်လည်တွင် စာတန်းတစ်ခုကိုတွေ့လိုက်ရသည်။ ထိုစာတန်းက ...

'သခ်သူ့ရဲ့အရိုးစုကို အန္တရာယ်ပြုသောသူ ကမ္ဘာမြေပြင်အောက်သို့ရောက်စေသား ... ထာဝရပျောက်ကွယ်ပါစေသား '

ဟူသောစာတန်းကိုတွေ့လိုက်ရ၍ သေသေချာချာ ထပ်မံကြည့်လိုက်သောအခါ ကျောက်သေတ္တာ၏ထိပ်တွင် အက်ကွဲကြောင်းတစ်ခုကိုတွေ့လိုက်ရပြန်သည်။

ထိုအကွဲကြောင်းကို ကလန့်ဖွင့်နိုင်သည့်ပစ္စည်းကို ရှာကြည့်ရာ တီပုံသဏ္ဌာန်သံချောင်းတစ်ချောင်းကို တွေ့လိုက်ရသည်။ ထိုသံချောင်းဖြင့်ကွဲကြောင်းကို ကလန့်ကြည့်လိုက်ရာ အံဖုံးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုအံဖုံးကိုဖယ်လိုက်သောအခါ လူတစ်ကိုယ်စာဝင် ပေါက်တစ်ခုဖြစ်နေသည်။

ထိပ်တင်မိုးလည်း ထိုအပေါက်မှအောက်သို့ ခုန်ချ





လိုက်လေသည်။ ထိုအချိန်တွင် မင်းရာဇာမှာ အထဲကိုဝင်ရန် ကြိုးစားနေသော မိစ္ဆာခွေးဘီလူးကြီး၏ရန်ကို ခုခံနေရသည်။

ထိပ်တင်မိုး ကျောက်သေတ္တာကြီးထဲသို့ ဝင်သွားသည်ကိုမြင်လိုက်ရသည်။ မင်းရာဇာက ခွေးကြီး၏ခေါင်းကို ကျောက်တုံးတစ်တုံးဖြင့် ထုရိုက်လိုက်သည်။ သို့သော် ခွေးကြီးကမဖြုံပါ။ သို့သော် နောက်တော့တွန့်ဆုတ်သွားသည်။

ဒါကိုအခွင့်ကောင်းယူပြီး မင်းရာဇာက -

'ဇော်ရှင်းနဲ့စည်သူ ကျောက်သေတ္တာထဲကို အမြန်ဝင်လိုက် '

ဇော်ရှင်းကလည်း မြန်သည်။ ရာဇာပြောမဆုံးမီမှာပင် ကျောက်သေတ္တာထဲဝင်ကာ အပေါက်မှခုန်ချလိုက်လေသည်။ မိစ္ဆာခွေးဘီလူးကြီး ဂူထဲကိုခေါင်းပြန်ဝင်မလာမီ မင်းရာဇာက အပြေးအလွှားဖြင့် ကျောက်သေတ္တာကြီးထဲသို့ ပြေးဝင်လိုက်လေသည်။

သူလည်း ကျောက်သေတ္တာထဲသို့ ခုန်ချအပြီး မိစ္ဆာခွေးကြီးလည်း သူတို့ရှိနေသောကျောက်သေတ္တာနားသို့

ရောက်လာသည်။ လက်မတင်လေးပင်ဖြစ်သည်။

ဒေါသတကြီးဖြင့် သူတို့ကိုလှမ်းပြီးဟပ်နေသည်။ သူ၏ခန္ဓာကိုယ်မှာ အပေါက်ထဲသို့ဝင်၍မရသဖြင့် မာန်ဖီနေသည်။

' ဝေါင်း ... ဝေါင်း '

မင်းရာဇာတို့လည်း အခုမှပဲအမောပြေကာ သက်ပြင်းချနိုင်တော့သည်။

အန္တရာယ်များမှကင်းလွတ်ရန် စိတ်ရောလူပါ ကြိုးစားခဲ့ကြရသဖြင့် အားလုံးမောဟိုက်နေကြသည်။

' ဒီကောင်ကြီးက ဘယ်ကပေါ်လာတာလဲမသိဘူး၊ အနံ့ကလည်း ဆိုးလိုက်တာ '

ဇော်ရှင်းကခွေးကြီး၏ ပုံကိုကြည့်ပြီးအံ့ဩသည့် အမူအရာဖြင့် ပြောလိုက်သည်။ ထိပ်တင်မိုးက -

" ဒီခေါင်းသုံးလုံးနဲ့ခွေးဘီလူးဟာ သခ်သူရဲ့အစောင့်ဒါမှမဟုတ် မှော်ဓားရဲ့အစောင့်ဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ ကျောက်နံရံမှာခေါင်းသုံးလုံးနဲ့ ခွေးကြီးပုံကို တွေ့





ရတယ် "

' ဒီဓားဟာ မှော်ဝင်ဓားဖြစ်တယ်ဆိုတာ ကျိန်းသေတယ်၊ ဘာကြောင့်လဲဆိုရင် ဒီဓားယူသွားလို့ ဒီခွေးကြီးက လိုက်လာတာဖြစ်လိမ့်မယ် '

' ခွေးကြီးရဲ့အသံတိတ်သွားပြီ ဘယ်ရောက်သွားပြီလဲ မသိဘူး '

ထို့နောက် မင်းရာဇာက ရှေ့မှဦးဆောင်ကာ ဂူလမ်းကြောင်းကိုရှာရင်း ထွက်ပေါက်ကိုလိုက်ကြည့်သည်။ ။

## အခန်း (၁၆)

## မှော်ဝင်ဓားကသွေးသောက်ပြီ

ဦးအံ့မောင်နှင့်တပည့်နှစ်ဦး ဂူပြင်သို့ရောက်လာကြသည်။ သူတို့လည်း နရသခ်သူရဲ့ဂူမှ လွတ်မြောက်လာ၍ ဝမ်းသာနေကြသည်။

အိတ်ထဲမှဖုန်းကိုထုတ်ကာ သူတို့ဆရာကြီးဟု ခေါ်သည့် ဦးမုန်ထန်ဆီသို့ ဖုန်းခေါ်လိုက်သည်။

' ဦးမုန်ထန် ဒဏ္ဍာရီဓားကိုတော့ရပြီ၊ ဓားလိုချင်ရင်တော့ အေလာမြို့ကိုလိုက်ခဲ့ပေတော့၊ ကျွန်တော် အေလာကနေစောင့်နေမယ် '





ထိုအချိန် ဂူထဲမှထွက်လာကြသော မင်းရာဇာတို့လေးဦးမှာ ဂူလမ်းကြောင်းအတိုင်းလျှောက်လာခဲ့ကြသည်။

လမ်းကြောင်းမသိ၍ စမ်းတဝါးဝါးဖြင့် လျှောက်နေကြရသည်။ ဘယ်နေရာရောက်၍ ဘယ်နေရာပေါက်နေသည်ကို မသိတော့ပါ။

သို့ရာတွင် လမ်းဆုံးလျှင်ရှာတော့တွေ့မည်ဖြစ်သည်။ သည်အတိုင်းနေလို့မဖြစ် လွတ်မြောက်မှုအတွက် လမ်းစတစ်ခုတော့ရှာရမည်ဖြစ်သည်။

ထိုသို့လျှောက်လာရာ တစ်နေရာအရောက်တွင် အသံတစ်ခုကိုကြားလိုက်ရသည်။

ထိုအခါ စည်သူက ...

' ဘာသံလဲမသိဘူး တဝေါဝေါနဲ့ အနောက်က တစ်ခုခုလိုက်လာသလိုပဲ '

မကြာမီ အသံများကတဖြည်းဖြည်းနီးလာကာ အနားသို့ရောက်လာသည်။

ကြည့်လိုက်သောအခါ လင်းနို့အုပ်ကြီးဖြစ်နေ

သည်။ လင်းနို့အုပ်ကြီး သူတို့နားရောက်လာသောအခါ အားလုံးမြေပြင်ပေါ်သို့ ဝပ်ချလိုက်ကြသည်။

လင်းနို့အုပ်မှာ များပြားလွန်း၍ တော်တော်နှင့်မကုန်နိုင်ပါ။ အားလုံးအကောင်ရေ ထောင်ဂဏန်းခန့်ရှိမည်ထင်သည်။

'ဒီလောက်နှစ်တွေကြာတာတောင် လင်းနို့တွေ ဘာမှမဖြစ်ဘူးနော် '

စည်သူက နားမလည်သလိုပြောလိုက်သည်။

ထိုအခါ ထိပ်တင်မိုးက -

" လင်းနို့တွေဟာ နှစ်ကြာတာမဟုတ်ဘူး၊ ဒီလင်းနို့တွေက ဒီလိုပဲဂူထဲမှာနေတာများတယ်၊ အခု သူတို့လန့်ပြီး ထွက်ပြေးလာပုံထောက်ရင် တစ်ခုခုတွေ့လို့ဖြစ်မယ်၊ အားလုံးသတိထားရမယ် "

' အစ်မကို ကျွန်တော်တောင်းပန်ပါတယ် အားလုံးကိုလည်း ဒုက္ခပေးသလိုဖြစ်နေတယ် '





" ရပါတယ် စည်သူရယ် အစ်မဒါတွေခေါင်းထဲမထားပါဘူး၊ ခုလိုနေ့မှာ အစ်မတို့ဘယ်လိုလွတ်မြောက်အောင် လုပ်ရမလဲဆိုတာ စဉ်းစားဖို့လိုတယ် "

' ဟုတ်တယ် စည်သူ မင်းအစ်မက မင်းကိုသိပ်ချစ်တာ၊ မင်းအတွက်ဆိုရင် ဘာမဆိုလုပ်ပေးဖို့ဝန်မလေးဘူးဆိုတာ ငါသိထားတယ်၊ ဒါတွေကလည်း မင်းအပြစ်တွေမဟုတ်ပါဘူးကွာ '

ရာဇာကဝင်ပြောလိုက်သည်။ ဇော်ရှင်းကတော့ သူတို့အားလုံးကို အကဲခတ်၍သာနေသည်။

ဦးအုံ့မောင်နှင့်သူ၏တပည့်နှစ်ဦး အေလာမြို့ထဲသို့ ဝင်လာကြသည်။ မြို့သာဆိုသော်လည်း ရွာကြီးသာသာပင်ရှိသည်။ သူတို့ရောက်လာသည့်အချိန်မှာ ညဘက်သို့ ရောက်နေပြီဖြစ်သည်။ အချို့ဆိုင်များပင် ပိတ်ကုန်ကြပြီဖြစ်သည်။ မပိတ်သေးသည့်ဆိုင်တစ်ဆိုင်သာရှိတော့သည်။

ဦးအုံ့မောင်တို့ဆရာတပည့်များလည်း ထိုဆိုင်ထဲသို့ဝင်လာခဲ့ကြသည်။ ဆိုင်ထဲသို့ရောက်သောအခါ ဆိုင်ပိုင်

ရှင်က -

' ဆိုင်ပိတ်ပါပြီ စားစရာဘာမှမကျန်တော့ပါဘူး '

ထိုအခါ ဦးအုံမောင်က -

" ငါတို့ အရက်သောက်မလို့လာတာကွ တို့အတွက် သောက်စရာ ဝီစကီရရင်လာချပေးပါ "

ထိုအခါ ဆိုင်ရှင်က ထပ်ပြောလိုက်သည်။

' ကျွန်တော်တို့ ဆိုင်ပိတ်နေပါပြီ၊ ဘာမှမရောင်း တော့ပါဘူး၊ အချိန်လည်း မရှိတော့လို့ပါ '

ဦးအုံမောင်မှာ ဒေါသထွက်လာပြီး သူ့လက်ထဲမှ မှော်ဓားကို စားပွဲပေါ် သို့ခပ်ပြင်းပြင်း ချလိုက်သည်။ ဓားချလိုက်သည့်အသံကြောင့် ထောင့်စားပွဲဝိုင်းတွင် ထိုင်နေကြသည့် လူသုံးဦးက ဓားကိုကြည့်လိုက်ကြသည်။

ဓားမှာရှေးဟောင်းဓားဖြစ်၍ သူတို့ကိုမသင်္ကာဖြစ်ကာ လူတစ်ဦးထလာသည်။ အသက်အားဖြင့် ၅၀ကျော်ခန့်ရှိပြီး ခန္ဓာကိုယ်ကြီးမားသည်။ သို့သော် သွက်လက်ဖျတ်လတ်ဆဲဖြစ်သည်။





' ဒီမှာ ငါ့လူတို့ ဒီဓားကိုဘယ်ကရလာတာလဲ '

" ဝယ်လာတာပါ၊ ဘောက်ချာတောင်ရှိသေးတယ်၊ ဇော်ကြီး ဘောက်ချာပြလိုက်စမ်း "

ထိုလူက ဓားကိုကြည့်ကာ သူတို့ပြောသောစကားကို မယုံကြည်စွာဖြင့် သူတို့သုံးဦးကို သေသေချာချာစိုက်ကြည့်နေသည်။

' ငါ့လူတို့ မလိမ်ပါနဲ့၊ ဒီဓားဟာဂန္ထဝင်တောင် သချိုင်းဂူထဲက ဝင်ယူလာကြတာမဟုတ်လား '

" ဒီလူကြီး တော်တော်ရှုပ်တာပဲ၊ ကိုယ်နဲ့မဆိုင်ရင် ငြိမ်ငြိမ်လေးနေပါ။ ဒီမှာ အရက်သောက်ရတာ အာရုံပျက်တယ်ဗျာ "

ပါးစပ်ကပြောရင်း လက်ကထိုလူ၏ရင်ဘတ်ကို တွန်းထုတ်လိုက်သည်။ ထိုလူလည်း နောက်ကိုဆုတ်ကာ လဲကျမလို ဖြစ်သွားသည်။ ထိုအခါ ကျန်နှစ်ယောက်က ဦးအုံမောင်တို့နား သို့ရောက်လာသည်။

ထိုအချိန် အခန်းထဲမှမိန်းကလေး တစ်ဦးထွက်

လာပြီး -

" ပါးပါး ဘာဖြစ်နေကြတာလဲ ဆိုင်မသိမ်းသေးဘူးလား "

ကောင်မလေး၏စကားသံကြောင့် ဦးအုံးမောင်မှာ ကောင်မလေးဆီသို့ အာရုံရောက်သွားသည်။ ကောင်မလေးကိုလည်း စိတ်ဝင်စားသွားသည်။

ထိုအခါ လဲကျမလိုဖြစ်သွားသည့် လူက -

' မင်းတို့ ဒီဓားအကြောင်း ဘာသိလို့ယူလာကြတာလဲ၊ မင်းတို့ မကြာခင်မှာ ငရဲကျခံရလိမ့်မယ်၊ ဒီဓားက မင်းတို့ကိုဒဏ်ခတ်လိမ့်မယ်၊ ဒါပေမယ့် မင်းတို့ယူလာတဲ့ဓားကြောင့် တို့ မြို့သူမြို့သားတွေတော့ ဒုက္ခရောက်တော့မယ် '

လူသုံးယောက်လည်း ပြောပြီးထွက်သွားကြလေသည်။ ။





အခန်း (၁၇)

## မိစ္ဆာကြီးနောက်မှလိုက်ခြင်း

ထိုအချိန် မင်းရာဇာတို့မှာ လင်းနို့များထွက်သောလမ်းကြောင်းအတိုင်းလိုက်လာကြသည်။ လမ်းကြောင်းအတိုင်းလိုက်လာကြရာ တစ်နေရာသို့အရောက်တွင် ဂူကကျဉ်းလာသည်။

သူတို့လေးဦးသွားနေရာ ဇော်ရှင်းကနောက်ဆုံးမှလိုက်သည်။ ရှေ့မှ ထိပ်တင်မိုးကဦးဆောင်ကာ သူမနောက်မှာတော့ စည်သူနှင့်ရာဇာတို့ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး အဆက်မပြတ်စေရန် သတိနှင့်

သွားနေရသည်။ လမ်းကြောင်းကကျဉ်းသောကြောင့် သွားရသည်မှာ သိပ်ခရီးမတွင်လှပေ။

ထိုအချိန် နောက်မှတစ်ခုခုလိုက်လာသောအသံလိုလိုမျိုးကို သူတို့အားလုံးကြားရသည်။

အသံမှာ တဖြည်းဖြည်းပိုပြီးနီးလာသည်။ သူတို့ကျောက်ဂူနံရံတစ်ခုတွင်ကပ်ကာ စောင့်ကြည့်လိုက်သည်။

ထိုအခါ ခေါင်းသုံးလုံး မိစ္ဆာခွေးဘီလူးဖြစ်နေသည်ကို အံ့ဩစွာတွေ့လိုက်ရသည်။

'ဟာ ဒီကောင်ကြီး ဘယ်လိုလိုက်လာတာလဲ၊ ဘယ်ကနေဘယ်လိုပေါ်လာတာလဲ '

သူတို့အားလုံးအံ့ဩကာ အချိန်ဖြုန်းမနေတော့ဘဲ ဆက်လျှောက်လာခဲ့ကြသည်။

ထောင့်ချိုးတစ်ခုသို့ရောက်သော ဇော်ရှင်းက အိတ်ထဲမှပစ္စည်းလေးတစ်ခုကို ထုတ်လိုက်သည်။

ဒါကို ရာဇာကမြင်လိုက်၍ -

' ဇော်ရှင်း ဘာထုတ်နေတာလဲ '





" ကျွန်တော်တို့ အချိန်နည်းနည်းရအောင် မိုင်းထောင်မလို့ပါ "

' ဖြစ်ပါ့မလား၊ မင်းတစ်ယောက်တည်း လုပ်လို့ရပါ့မလားကွ '

" ရပါတယ် အစ်ကိုတို့ရှေ့ကသွားနှင့် ကျွန်တော်လိုက်လာခဲ့မယ် "

ရာဇာက ဇော်ရှင်းအကြောင်းကိုသိသည်။ သူကလုပ်မည်ဆိုလျှင် ဖြစ်အောင်လုပ်တတ်သည်။ မိုင်းနှင့်ပတ်သက်၍လည်း ကျွမ်းကျင်သူဖြစ်သည်။

ဒါကြောင့် ဘာမှမမေးတော့ဘဲ ရှေ့သို့သာဆက်လျှောက်ခဲ့သည်။

ဇော်ရှင်းက သူလုပ်စရာရှိသည်များကို ဆက်ပြီးလုပ်နေသည်။ ရာဇာတို့မှာ ရှေ့နားသို့ရောက်သော် ဂူကကျဉ်းလာသည်။ တွားသွားနေရပြီး အပြင်သို့ထွက်နိုင်ရန် ကြိုးစားနေရသည်။

ရှေ့ဆုံးမှစည်သူ၊ နောက်မှ ထိပ်တင်မိုး၊ သူ့နောက်မှ

ရာဇာကလိုက်ပါလာသည်။ သို့သော် မင်းရာဇာကဆက်မသွားသေးဘဲ ဇော်ရှင်းကိုစောင့်နေသည်။ လမ်းကြောင်းမှားသွားမည်စိုးသည့်အတွက် စောင့်နေခြင်းဖြစ်သည်။

' ဝုံး ... ဝေါ '

ကျောက်ဂူတစ်ခုလုံး တုံခါသွားပြီး ကျောက်သားနံရံများပြိုကျသံများကြားရသည်။

ဇော်ရှင်းမိုင်းခွဲပြီး၍ ရာဇာတို့နောက်သို့လိုက်လာလေသည်။

' အစ်ကိုရာဇာ ... အစ်ကိုရာဇာ '

" ဇော်ရှင်း ... ငါတို့ဒီမှာ "

မင်းရာဇာတို့ ကျောက်ဂူထဲသို့တွားပြီးဝင်ကာစောင့်နေသည်ကိုတွေ့ရသည်။ ရာဇာက မီးဖြင့်အချက်ပြလိုက်သလို ဇော်ရှင်းကလည်း ရာဇာတို့ကိုပြန်လည် အချက်ပြလိုက်သည်။

ဇော်ရှင်းလည်း မင်းရာဇာတို့နောက်သို့လိုက်ရန်တွားပြီးအဝင် -





' ဝေါင်း ... ဝေါင်း '

နောက်မှ မိစ္ဆာခေါ်ဒေါဘီလူးလှမ်းဟပ်လိုက်သောကြောင့် ဇော်ရှင်းမှာ ...

' အား ... အား '

ဇော်ရှင်းက မင်းရာဇာဆီသို့ လက်လှမ်းလိုက်သည်။ မင်းရာဇာကလည်း ဇော်ရှင်းလက်ကိုလှမ်းအကိုင် မမှီတမှီဖြစ်ကာ ဇော်ရှင်းတစ်ယောက် နောက်ဆုတ်ပါသွားသည်ကိုတွေ့ရသည်။

မိစ္ဆာခွေးဘီလူး၏ ဆွဲကုတ်သွားခြင်းကို ခံလိုက်ရသည်။ ဇော်ရှင်းတစ်ယောက် ခြေနှစ်ဖက်စလုံးပြတ်ကာအော်နေသည်။

ပြီးနောက် ခွေးဘီလူး၏နောက်ဆုံးကိုက်လိုက်သောအသံကြောင့် -

' အား ... အား '

ဇော်ရှင်းတစ်ယောက် အော်သံပင်မဆုံးဘဲ အသံတိတ်သွားလေတော့သည်။

ရာဇာမှာ ဓာတ်မီးရောင်အောက်တွင် ဇော်ရှင်း၏ ကြမ္မာဆိုးကို မမြင်ရက်တော့ပေ။ ရင်ထဲတွင်လည်း သူ၏ လုပ်ဖော်ကိုင်ဖက်တစ်ယောက် အသေဆိုးနှင့် သေဆုံးခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ယခုဆိုလျှင် သူတို့မှာ သုံးယောက်သာကျန်တော့သည်။

မှော်ဝင်ဓား၏ကျိန်စာကြောင့်လား၊ ဒါမှမဟုတ် မိမိကံကြမ္မာကြောင့်လားဟု မသိနိုင်တော့ပါ။

ထိပ်တင်မိုးက -

' အစ်ကိုသူငယ်ချင်းအတွက် စိတ်မကောင်းပါဘူး '

" ဘယ်တတ်နိုင်မလဲ သူ့ရဲ့ကံပဲပေါ့ "

' အစ်ကိုနဲ့ ဦးအုံ့မောင်က အရင်ကရင်းနှီးကြသလား သူက အစ်ကိုကိုဘာမှလုပ်မသွားဘူး '

" အရင်ကတော့ တစ်ယောက်နဲ့တစ်ယောက် အလုပ်ကိစ္စနဲ့ ခင်မင်ခဲ့ဘူးပါတယ်၊ အဲဒီအချိန်တုန်းကတော့ ကိုအုံ့မောင်ဟာ ဒီလိုမျိုးမဟုတ်ဘူး၊ အလုပ်ကိုကြိုးစားတယ်၊





ခုတော့ ဘာဖြစ်လို့ ဒီအလုပ်ကိုလုပ်နေရတာလဲဆိုတာ မသိတော့ဘူး "

' သူလည်း လောဘဇောတ္ကက်ပြီး ဒေါ်လာတွေ သန်းချီပြီးရမှာသိတဲ့အတွက် ဒီဓားကိုလိုက်နေတာဖြစ်မယ်၊ ဒါပေမယ့် သူလုပ်နေတာက တိုင်းပြည်အတွက်မဟုတ်ဘူး၊ သူ့ကိုယ်ကျိုးအတွက်ပဲ၊ ခုလည်း မှော်ဓားရသွားပြီး ဘယ်ရောက်နေလဲမသိဘူး၊ ဒီဓားကို တိုင်းတစ်ပါးမရောက်အောင် ကာကွယ်စောင့်ရှောက်ရမယ်။

အခုလည်း အချိန်ရသေးတယ်။ ကိုအုံ့မောင်တို့လည်း သိပ်ပြီးဝေးဝေးရောက်ဦးမှာမဟုတ်ဘူး၊ အခုနေလိုက်ရင်မှီနိုင်သေးတယ်။ ။

## အခန်း (၁၈)

## ဝေစုအတွက်အသက်ပေးရသူ

စားသောက်ဆိုင်ထဲ၌ဖြစ်သည်။ ဦးအုံ့မောင်၏ တပည့်နှစ်ဦးဖြစ်သည့် ရန်အောင်နှင့်စစ်နိုင်တို့နှစ်ဦးသာ စားပွဲတွင်ကျန်နေသည်။

ဦးအုံ့မောင်က ဆိုင်၏နောက်ဘက်သို့ဝင်သွားသည်။ ဆိုင်၏နောက်ဘက် ဝင်သွားခြင်းမှာလည်း ခုနက တွေ့လိုက်ရသည့် ကောင်မလေး၏အခန်းကိုရှာဖွေနေခြင်းဖြစ်သည်။ ကောင်မလေးကို တွေ့လိုက်ရပြီး ပျောက်ခြင်းမလှပျောက်သွားသည်။





ဦးအုံ့မောင်မှာ အရက်ရှိန်ကြောင့် မ,စိတ်မွှန်နေလေပြီ။ ဆိုင်ထဲရှိနေရာအားလုံးကို ရှာဖွေကြည့်မိသည်။

စားပွဲတွင်ကျန်နေခဲ့သည့် တပည့်နှစ်ယောက်အနက် စစ်နိုင်ကစပြီး -

' ဟေ့ကောင် ရန်အောင်၊ တို့ ဦးအုံ့မောင်ဆီက ရပိုင်ခွင့်တောင်းမှဖြစ်မယ်၊ ဒီကို ဆရာကြီးဦးမုန်ထန် လာမယ်ပြောတယ်၊ဒီတော့ ဒီမှာပဲတို့ရပိုင်ခွင့်တောင်းပြီး လမ်းခွဲကြရင်ကောင်းမယ်ကွ၊ မင်းကောဘယ်လို သဘောရသလဲ '

" ငါလည်းသဘောတူတယ်၊ မင်းပဲကြည့်လုပ်လိုက်လေ "

ထိုအချိန်တွင် ဦးအုံ့မောင်ဆိုင်နောက်ဘက်မှ ထွက်လာသည်။ ကောင်မလေးကို ရှာမတွေ့ရ၍ ဒေါသဖြစ်နေသည်။

' တောက်... ဘယ်ရောက်သွားလဲမသိဘူး '

" ဘယ်သူ့ကိုရှာနေတာလဲ ဆရာ "

' ကောင်မလေးကိုရှာနေတာကွ '

စစ်နိုင်က ဦးအုံ့မောင်ဒေါသဖြစ်နေသည်မှာ ကောင်မလေးကြောင့်ဟု သိသွားသည်။

" ဟာ ဆရာကလဲ ငွေတွေရရင် ကောင်မလေးတွေ ပေါပါတယ်၊ ဘာမဆိုလုပ်လို့ရတာပဲ၊ ဒါနဲ့ ဆရာ့ကို ကျွန်တော် တစ်ခုလောက်ပြောချင်တယ် "

' ဘာလဲပြော ... '

" ကျွန်တော်တို့ကို ဒီမှာပဲရပိုင်ခွင့်တွေ ခွဲပေးပါလား၊ ကျွန်တော်တို့ ဒီကနေပြီးလမ်းခွဲကြရင်ကောင်းမယ် "

ဦးအုံ့မောင်မျက်လုံးများက ဒေါသကြောင့်နီမြန်းလာသည်။ စစ်နိုင်နှင့်ရန်အောင်ကို စိမ်းစိမ်းကြည့်လိုက်ပြီး -

" မင်းတို့က ရပိုင်ခွင့်လိုချင်တယ်ပေါ့ ဟုတ်လား "

ထိုသို့ပြောရင်း လက်တစ်ဖက်က ဓားပေါ်ရောက်သွားသည်။

ထိုအခါ ရန်အောင်က ဦးအုံ့မောင်ကို သေနတ်ဖြင့် ချိန်လိုက်ကာ ...





' ဦးအုံ့မောင် ဒီလိုမလုပ်ပါနဲ့၊ ခင်ဗျားနဲ့ကျွန်တော်တို့ဟာ လုပ်ဖော်ကိုင်ဖက်တွေပါ။ ခင်ဗျား ဒီလိုတော့ သစ္စာမဖောက်သင့်ဘူး '

" ဟား ... ဟား ... ဟား "

ဦးအုံ့မောင်က ရယ်မောလိုက်ကာ လျှပ်တပြက်အတွင်း ရန်အောင်၏သေနတ်ကိုင်လက်ကို ဓားဖြင့်ခုတ်ချလိုက်သည်။ တဆက်တည်းမှာပင် စစ်နိုင်၏ဝမ်းဗိုက်ကို ဓားဖြင့်ထိုးချလိုက်လေသည်။

' အား ... အား '

ထိုအချင်းအရာအားလုံးကို ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးမိုးအောင်က မြင်တွေ့သွားပြီး သူ့ကိုပါရန်မူမည်စိုး၍ အသာလေးထွက်ပြေးသွားလေသည်။

ဆိုင်ထဲတွင်မူ ဦးအုံ့မောင်တစ်ယောက်သာ ကျန်ခဲ့သည်။ စစ်နိုင်မှာ ဝမ်းဗိုက်တွင် ဓားဒဏ်ရာဖြင့်လဲကျသေဆုံးသွားခဲ့သလို ရန်အောင်မှာလည်း လက်တစ်ဖက်ပြတ်ကာ အော်ညည်းနေသည်။

နောက်ဆုံး ဦးအုံ့မောင်က ရန်အောင်ကိုဓားဖြင့် လက်စသပ်လိုက်တော့သည်။

'အား ... အား ...'

ပတ်ဝန်းကျင်တစ်ခုလုံး အော်သံများဖုံးလွှမ်းသွားလေတော့သည်။

'ဟား ... ဟား ... ဟား'

'ဝေစုတော့မရဘူးဟေ့၊ မင်းတို့ရမယ့်ဝေစုကိုတော့ မရဏမင်းဆီကပဲ သွားတောင်းချေတော့ဟေ့'

ဦးအုံ့မောင်မှာ အရူးတစ်ယောက်လိုရယ်မောရင်း အရက်ကိုတစ်ယောက်တည်း ထိုင်သောက်နေတော့သည်။





# အခန်း (၁၉)

## ဦးမိုးအောင်၏ကြံမှာဆိုး

ရှာဝင်လမ်းအတိုင်း ဦးမိုးအောင်တစ်ယောက် ကြောက်လန့်တကြားရှာပြင်သို့ ထွက်ပြေးသွားလေသည်။ ကြောက်လန့်စိတ်ကြောင့် ထွက်ပြေးလာခဲ့ရသောကြောင့် ဆိုင်ထဲတွင် သမီးဖြစ်သူကို တစ်ယောက်တည်းထားခဲ့မှန်း သတိရလာသည်။

မတတ်နိုင်တော့ မိမိအတွက်အသက်လုပြေးခဲ့ရသည်မို့ သမီးကိုသတိမရနိုင်။ လူယုတ်မာလက်ထဲသို့ သမီးလေးရောက်မသွားပါစေနှင့်ဟုသာ ဆုတောင်းရုံမှလွဲ၍

ဘာများတတ်နိုင်ပါဦးမည်နည်း။

မနားမနေပြေးလာရသဖြင့် ကြာတော့လည်း မောဟိုက်လာသည်။

ရွာထိပ်ရှိသစ်ပင်ကြီးနောက်ကွယ်သို့ ခေတ္တဝင်ပုန်းနေလိုက်သည်။

ထိုအချိန် -

' ရှူး ... ဖရှူး ... ဗူး '

ဦးမိုးအောင်နောက်မှ နှာမှုတ်သံလိုလို အသံကြားလိုက်ရသည်။ ဦးမိုးအောင်ရောက်နေသော သစ်ပင်၏နောက် ချုံပုတ်ထဲမှဖြစ်သည်။ ချုံပုတ်သည် လူတစ်ရပ်ကျော်လောက်မြင့်သည်။

ဦးမိုးအောင်မှာ နောက်လှည့်မကြည့်ရဲဘဲ အသာငြိမ်နေလိုက်သည်။ သို့သော် နှာမှုတ်သံမှာတစ်စထက်တစ်စနီးကပ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ခေါင်းသုံးလုံး နှင့်မိစ္ဆာခွေးဘီလူးအားတွေ့သွားပြီး ထိတ်လန့်တကြားအော်လိုက်သည်။





' ဟာ ... '

' အား ... အား '

အော်သံမှာ အဆုံးမသတ်လိုက်ရ၊ တစ်ဝက်တစ်ပျက်နှင့် အသံတိတ်သွားသည်။ မိစ္ဆာခွေးဘီလူးကြီး၏ ဝါးမြိုကိုက်ဖြတ်ခြင်းကို ခံလိုက်ရတော့သည်။

မိစ္ဆာခွေးဘီလူးကြီးမှာ ရွာထဲသို့ဝင်လာပြီး တွေ့သမျှလူနှင့်တိရစ္ဆာန်များကို လိုက်လံကိုက်ဖြတ်တော့သည်။

' ဟာ ... ဘာကောင်ကြီးလဲမသိဘူး ပြေးကြဟေ့ '

ရွာသားများလည်း ခြေဦးတည့်ရာသို့ ပြေးကြလေသည်။ လွတ်သည့်သူကလွတ်သွားသော်လည်း ခွေးဘီလူးကြီး၏လက်ချက်ဖြင့် အသက်ပျောက်ကုန်ကြသည်။

တစ်ချို့ရွာသားများက မိစ္ဆာကောင်ကြီးမလာနိုင်အောင်သစ်တုံးများ၊ သစ်ကိုင်းများကို မီးရှို့ခြင်းဖြင့် ကာကွယ်နေကြသည်။

ထိုအချိန် မင်းရာဇာတို့သုံးဦးလည်း ရွာနားသို့ရောက်လာကြသည်။ ညအချိန်ဖြစ်၍ သတိထားကာသွား

လာနေကြသည်။

ထိပ်တင်မိုးက -

' အစ်ကို့ကို ညီမတို့ကျေးဇူးတင်ပါတယ် '

" ဘာဖြစ်လို့လဲ "

' ညီမတို့ မောင်နှမနှစ်ယောက်ရဲ့အသက်ကို ကာကွယ်ပေးလို့လေ '

" ဒါကတော့ ညီမရယ် အစ်ကိုတို့တစ်တွေဟာ အတူတူအသက်စွန့် လုပ်ကိုင်နေကြတာပဲ၊ ဒါကလဲ မော်စားကြောင့်ပဲမဟုတ်လား၊ ဒီလို အသက်စွန့်လုပ်လာပြီးမှတော့ ဒီမော်စားကိုမရမချင်း မပြန်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ အစ်ကိုကတော့ ဒီစားကိုရအောင် ပြန်ယူမယ်။ တိုင်းတစ်ပါး လက်ထဲကိုတော့ အရောက်မခံနိုင်ဘူး "

' ဟုတ်တယ် အစ်ကို ညီမလည်းအစ်ကိုနဲ့အတူ ဒီစားကိုပြန်ယူဖို့ ပူးပေါင်းကူညီမှာပါ။ အစ်ကိုတစ်ယောက်ထဲဆိုရင် စိတ်မချဘူး '

ထိုအခါ ရာဇာက ထိပ်တင်မိုးပြောလိုက်သည့်စကား





ကို ငြိမ်ပြီးနားထောင်လိုက်သည်။ သူမကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

သူ့ကိုစိတ်မချဘူးဟု ပြောလိုက်သည့်စကားလေး ကြောင့်လည်း ရင်ထဲမှာကြည်နူးသွားရသည်။ နှုတ်ခမ်းထောင့်တွင်အပြုံးတစ်ချက်လက်သွားသည်။

ဒါကို ထိပ်တင်မိုးလည်းသိသည်။

ရှေ့မှသွားနေသော စည်သူကတော့ သူ့အစ်မနှင့် မင်းရာဇာတို့အကြောင်းကို ရိပ်မိသွားသလို လည်ပြန်လှည့် ကြည့်လိုက်သည်။

ပြီးမှ တစ်ချက်ပြုံးလိုက်ကာ ဘာမှမပြောဘဲ ရှေ့က ဆက်သွားလေသည်။

သူတို့ရွာထိပ်သို့ရောက်လာသည်။

ထိုအချိန် စည်သူက ထူးခြားမှုတစ်ခုကိုတွေ့လိုက်ရသဖြင့် -

' အစ်ကိုရာဇာ ... အစ်ကို ဒီမှာလာကြည့်ပါဦး '

စည်သူကခေါ်သံကြောင့် နှစ်ယောက်သားစကား

ဖြတ်ကာ အမြေးရောက်လာသည်။ အနားရှိ ချုံပုတ်ပေါ်တွင် လက်ပြတ်ခြေပြတ်အစအနများကို တွေ့လိုက်ကြရသည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်အပိုင်းအစများဖြစ်သည်ကို တွေ့လိုက်ရသဖြင့် -

ထိပ်တင်မိုးက ...

" ဒါ ဦးအုံ့မောင်သတ်ထားတာတော့မဖြစ်နိုင်ဘူး။ အကောင်တစ်ကောင်ရဲ့ကိုက်ဖြတ် စားသောက်ထားပုံရတယ်အစ်ကို "

မင်းရာဇာက -

" ဒါဆိုရင် မိစ္ဆာကြီး ရွာထဲဝင်လာပြီလားမသိဘူး။ လာ ညီမ အစ်ကိုတို့ရွာထဲကိုဝင်ကြည့်ရအောင် သတိတော့ရှိကြနော် "

သုံးယောက်သား သတိကြီးစွာဖြင့် ရွာထဲသို့ဝင်ခဲ့ကြလေသည်။ ။





## အခန်း (၂၀)

## လောဘသားတို့၏နိဂုံး

စားသောက်ဆိုင်ထဲတွင် ဦးအုံ့မောင်မှာ မွှေချင်တိုင်းမွှေ စားချင်တိုင်းစားနေသည်။ ကောင်မလေးကို မရမချင်း ရှာနေသည်။

မိန်းကလေးမှာ ဘီရိုနောက်တွင်ဝင်ပုန်းနေပြီး အသံမထွက်ရဲပါ။

ကြောက်လွန်းသဖြင့် အသားလေးများ တဆတ်ဆတ်တုန်နေလေသည်။ သူ့ရှေ့တွင် ရက်ရက်စက်စက်သတ်ဖြတ်သွားသည့် ဖြစ်ရပ်များကိုတွေ့လိုက်ရပြီး ကြက်သီးများ

ပင်ထမိသည်။

ထိုအချိန် သူမအနားသို့ကြွက်တစ်ကောင် ရောက်လာသည်။ မိန်းကလေးမှာ ကြွက်ကိုကြောက်၍ ခြောက်လွှတ်လိုက်သည်။

'ရှူး ... ရှူး'

ဒါကိုဦးအံ့မောင်ကကြားသွားသည်။ မိန်းကလေးကိုတွေ့သွားသည်။

" ဟား ... ဟား ... ဟား "

" ထွက်လာခဲ့စမ်းပါကွာ ဒီမှာဘယ်သူမှမရှိတော့ဘူး၊ မင်းအဖေလည်း ထွက်ပြေးသွားပြီ "

ထိုအခါ မိန်းကလေးမှာ ကြောက်လန့်ကာ ထွက်လာခဲ့သည်။ မိန်းကလေး အပြင်သို့ရောက်သောအခါ ဦးအံ့မောင်က ဓားဖြင့်ထောက်ကာ -

" အော်မယ်တော့မကြံနဲ့ တွေ့လား ... ငါနင့်ကို မသတ်ချင်ဘူး၊ ငါလိုချင်တာကိုပေးရင် လွှတ်ပေးမယ် "

ဦးအံ့မောင်က ပြောလည်းပြော မိန်းကလေးကို သူ့





ရင်ခွင်ထဲသို့ဆွဲသွင်းလိုက်သည်။ မိန်းကလေးမှာ အမှတ်တမဲ့မို့ ဦးအံ့မောင်၏ရင်ခွင်ထဲသို့ရောက်သွားသည်။

'လွှတ် ... လွှတ် တိရစ္ဆာန်ကြီး ကျွန်မအသားကိုမထိနဲ့နော် အော်လိုက်မယ် '

" ဟား ... ဟား ... ဟား အော်လေ အော်လိုက် ဒီဆိုင်ထဲမှာ နင်နဲ့ငါနဲ့နှစ်ယောက်ပဲရှိတယ် "

ထိုအချိန် ဆိုင်ထဲသို့လူသုံးဦးဝင်လာသည်။ တစ်ဦး၏ လက်ထဲတွင် နှစ်လုံးပြူးသေနတ်တစ်လက် ပါလာသည်။ ထိုသူမှာ ရွာလူကြီးဖြစ်ပုံရသည်။ ကျန်နှစ်ဦးလက်ထဲတွင် တုတ်၊ ဓားများကိုင်ဆောင်ထားသည်။

ဦးအံ့မောင် ဆိုင်ထဲမှာရှိနေသည်ကို တစ်ယောက်ယောက်က သူကြီးအားသွားပြော၍ ရောက်လာခြင်းဖြစ်ပေမည်။

'ဟိတ်ကောင် ကောင်မလေးကိုလွှတ်လိုက်စမ်း၊ မလွှတ်ရင် ငါ့နှစ်လုံးပြူးသေနတ်က ညှာမှာမဟုတ်ဘူးနော်'

ဦးအံ့မောင်က မိန်းကလေးကိုဓားစာခံလုပ်ကာ

အပြင်သို့ထွက်ခဲ့သည်။

ဆိုင်ပေါက်ဝတွင် သူကြီးဖြစ်သူက သူ့ကိုသေနတ်ဖြင့်ချိန်ထားသည်။

သူကြီးက -

' မင်းဒီဓားကို သူ့နေရာသူပြန်ပြီးထားလိုက်ပါ။ ဒီဓားကြောင့် တို့ရွာသားတွေဒုက္ခရောက်တော့မယ်၊ မင်းလည်း ဒုက္ခရောက်လိမ့်မယ် '

" ဒီမှာ ငါကတော့ ဒီဓားကိုဘယ်တော့မှ ပြန်မထားဘူး၊ ခက်ခက်ခဲခဲယူလာရတာ ဒီဓားဟာ ဒေါ်လာသန်းချီတန်တယ်ဆိုတာ မင်းတို့သိလား "

' မင်းပြန်မထားဘူးဆိုရင်တော့ မင်းကိုငါပစ်ရလိမ့်မယ် '

ဦးအုံ့မောင်က မိန်းကလေး၏လည်ပင်းကို လက်တစ်ဖက်ဖြင့်သိုင်းဖက်ထားပြီး ကျန်လက်တစ်ဖက်က မှော်ဓားဖြင့် ချိန်ရွယ်ထားသည်။

မိန်းကလေးမှာ ဦးအုံ့မောင်လက်ထဲမှ မရုန်းကန်ရဲ





ဘဲ ငြိမ်နေရရှာသည်။

" ပစ်လေ ... ပစ်ပါ၊ ဒီမှာတွေ့လား ဒီမိန်းကလေးကို လည်လှီးသတ်လိုက်မယ် "

ပြောရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ ရန်အောင်၏ လက်တစ်ဖက်ပြတ်ထဲတွင် သေနတ်ကိုတွေ့လိုက်ရသဖြင့် အမြန်ကောက်ယူလိုက်သည်။

သေနတ်ဖြင့် သူကြီးကိုထိုးချိန်လိုက်၏။

' ဒိုင်း '

' အား ... '

' ဘုန်း '

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် သူကြီးမှာ နေရာတွင်ပင် လဲကျသွားသည်။ ကျန်ရွာသားနှစ်ယောက်မှာလည်း လျှင်မြန်လှသောအဖြစ်အပျက်ကြောင့် ကြောင်ပြီး ကြည့်နေကြစဉ်မှာပင် -

' ဒိုင်း ... ဒိုင်း ... '

နှစ်ဦးစလုံးကို ဦးအုံ့မောင်က ပစ်သတ်လိုက်လေ

ငြိတ်စာပေ

သည်။ ရွာသားနှစ်ဦးမှာ မည်သို့မျှမခုခံလိုက်ရဘဲ လဲကျသေဆုံးသွားသည်။

ထို့နောက် မိန်းကလေးဘက်သို့လှည့်ကာ -

' ကဲ မိန်းကလေး မင်းလည်းသွားတော့ မင်းကံကောင်းတယ်မှတ်လိုက်ပါ ငါစိတ်ပြောင်းသွားပြီ '

ဦးအုံ့မောင်၏လက်မှ လွတ်ထွက်လာသော မိန်းကလေးမှာ တုံ့ဆိုင်းမနေတော့ဘဲ အပြင်သို့ပြေးထွက်သွားလေတော့သည်။

ဦးအုံ့မောင် ဓားကိုကိုင်ကာအပြင်သို့ထွက်မည်အပြု ဦးမုန်ထန်တို့ရောက်လာကြသည်။

" ဘယ်လိုလဲ ကိုအုံ့မောင် ဓားရပြီမဟုတ်လား၊ ဒီမှာ ခင်ဗျားလိုချင်တဲ့ငွေပါတယ်၊ ဓားကိုပေးပါ "

ဦးမုန်ထန်က ငွေသေတ္တာလေးကိုပြကာ ဦးအုံ့မောင်ထံမှ ဓားကိုတောင်းယူလိုက်သည်။

ဦးအုံ့မောင်က ...

' ကျုပ် ငွေမလိုချင်တော့ဘူး၊ ဓားကိုလည်းမပေးနိုင်





ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဓားကသိပ်ကောင်းနေလို့ပဲ '

ထိုအခါ ဦးမုန်ထန်က -

" ဒီမှာ ကိုအုံ့မောင် ခင်ဗျားဒီလိုလုပ်လို့ဘယ်ရမလဲ၊ ကျုပ်က ခင်ဗျားတို့ကိုငွေပေးပြီးခိုင်းတာလေ၊ ဒီတော့ ဒီဓားဟာ ကျုပ်ဓားပဲ၊ ကျုပ်ပဲပိုင်တယ် "

ဦးမုန်ထန်က ပြောလည်းပြော လက်ထဲမှလည်း သေနတ်ဖြင့်ချိန်ထားသည်။

" ဒီဓားကို ကျုပ်လက်ထဲအပ်မှာလား၊ မအပ်ဘူးလားဆိုတာပဲပြောပါ "

ဦးမုန်ထန်က ပြောရင်းသေနတ်ဖြင့် ပစ်လိုက်သည်။

' ဒိုင်း ... ဒိုင်း ... ဒိုင်း '

ဒါကိုကြိုသိနေသော ဦးအုံ့မောင်က တိုင်တစ်တိုင်၏နောက်ကွယ်သို့ ဝင်ရောက်လိုက်သည်။ ဦးမုန်ထန်ပစ်လိုက်သည့်ကျည်ဆံများမှာ ထူးဆန်းစွာပင် ဦးအုံ့မောင်ထံရောက်လာခြင်းမရှိ၊ ဓားကြောင့်ပင်လော၊ ဒီဓားမှာ သေနတ်ပြီးသည်ဆိုခြင်းမှာ အမှန်ပင်လား စဉ်းစားမရဖြစ်နေသည်။

လက်ထဲတွင် ဓားတစ်လက်နှင့် သေနတ်တစ်လက်ရှိနေသည်။ ပူစရာမရှိ။ ဆရာကြီးဆိုသူကိုလည်း သူကြောက်စိတ်မရှိ။

လောဘ ဒေါသစိတ်များဆူဝေနေသော ဦးအုံ့မောင်က လက်ထဲမှဓားဖြင့် ဦးမုန်ထန်ကိုပစ်ပေါက်လိုက်သည်။

ဓားမှာ ဦးမုန်ထန်၏ရင်ဝကို တန်းတန်းမတ်မတ်စိုက်ဝင်သွားကာ နေရာတွင်ပင်လဲကျသွားသည်။

' ဟာ ...တို့ဆရာကြီးကိုထိသွားပြီ '

သူတို့၏ဆရာကြီးကို ထိသွားပြီဖြစ်သောကြောင့် တပည့်များက ဦးအုံ့မောင်ကို သေနတ်ဖြင့်ပစ်ကြသည်။ ဦးအုံ့မောင်က တိုင်အကွယ်မှဖြစ်သောကြောင့် သူ့ကိုမထိဘဲ ဦးမုန်ထန်၏ တပည့်နှစ်ဦးမှာ ဦးအုံ့မောင်ပစ်လိုက်သော သေနတ်ကျည်ထိကာ လဲကျသွားကြသည်။

ကျန်နှစ်ဦးမှာ အခြေအနေမဟန်မှန်းသိ၍ ဆိုင်ထဲမှ ထွက်ပြေးသွားကြသည်။ ဦးအုံ့မောင်လည်း ထွက်ပြေးသွားသူများနောက်သို့လိုက်ကာ ဓားဖြင့်ခုတ်လေသည်။





မှော်ဓားကသွေးစုပ်ပြီးသွားပြီဖြစ်၍ ဆက်ပြီးသွေးသောက်လိုနေသည်။ ကျန်တပည့်နှစ်ဦးက ပြန်ခုခံသော်လည်း မှော်ဓားအစွမ်းကိုမယှဉ်နိုင်တော့ဘဲ လဲကျကုန်သည်။

ထိုအချိန် ညအမှောင်ရိပ်ထဲ၌ အဆောက်အဦ၏ ထောင့်စွန်းတစ်နေရာမှ အရိပ်တစ်ခုပေါ်လာသည်။ ထိုအရိပ်ကို ဦးအုံ့မောင်ကစောင့်ကြည့်လိုက်ရာ ခေါင်းသုံးလုံးနှင့်မိစ္ဆာခွေးဘီလူးကြီးဖြစ်နေ၍ အဆိုပါအဆောက်အဦး၏ခေါင်မိုးပေါ်သို့ ပြေးတက်လိုက်သည်။

ဦးအုံ့မောင်ပြေးတက်သွားသည်ကို မိစ္ဆာခွေးဘီလူးက မြင်လိုက်သည်။ ဦးအုံ့မောင်နောက်သို့ လိုက်လေသည်။ ထိုအဆောက်အဦးပေါ်တွင် မင်းရာဇာတို့ရောက်နေသည်။

ခွေးဘီလူးကြီး ဦးအုံ့မောင်နောက် လိုက်လာသည်ကိုမြင်လိုက်ရသဖြင့် သူလည်း တိုင်နောက်ကွယ်တွင် ဝင်ပုန်းနေလိုက်သည်။

ခွေးဘီလူးကြီးလွန်သွားမှ ဦးအုံ့မောင်ရှိရာသို့ ပြေး

လိုက်သွားသည်။

ဦးအုံမောင်ကိုတွေ့လိုက်ရသည်။

'ဩော် ... လက်စသတ်တော့ မင်းကမသေသေးဘဲကိုး၊ မင်းကို ငါ့လက်နဲ့မသတ်ချင်လို့ထားခဲ့တာ မင်းက တော်တော်အသက်ပြင်းတဲ့ကောင်ပဲ၊ ဒီတစ်ခါတော့ ငါကိုယ်တိုင်သတ်ရတော့မယ် '

ထိုအချိန် စကားပြောသံကြောင့် မိစ္ဆာခွေးကြီးက မြင်သွားသည်။ ဦးအုံမောင်လက်ထဲတွင် ဓားရှိနေ၍အရမ်း မကပ်ရဲပေ။ ထိပ်တင်မိုးနှင့် စည်သူကခွေးကြီးနားသို့ မထင်မှတ်ဘဲ ရောက်လာလေသည်။

ခွေးကြီးက ထိပ်တင်မိုးတို့ကိုတွေ့လိုက်ရ၍ သူတို့ဖက်ကိုဦးလှည့်လာသည်။ ခွေးကြီးက အနီးဆုံးတွင်ရှိနေသော စည်သူကိုလှမ်းပြီးဆွဲလိုက်သည်။

ထိပ်တင်မိုးကြည့်နေ စဉ်မှာပင် ခွေးကြီး၏အမြီးက ပို၍ရှည်ထွက်လာသည်ကို တွေ့လိုက်ရသည်။ မိစ္ဆာခွေးဘီလူးမှာ မိစ္ဆာတစ်ကောင်လို ဖန်တီးထားခြင်းဖြစ်၍ ဘယ်





လို့မှသတ်၍ရမည်မဟုတ်ကြောင်း သိလိုက်သည်။

ထိုအချိန် စည်သူအော်သံကြောင့်ကြည့်လိုက်သော အခါ ခွေးကြီးကစည်သူအား အမြီးဖြင့်လွှဲယမ်းလိုက်သည်ကို တွေ့လိုက်ရသည်။

စည်သူမှာ ဆိုင်ခန်းတစ်ခု၏ အခန်းမှန်ပြတင်းပေါက်မှကျွံဝင်ကာ အခန်းထဲသို့ရောက်သွားသည်။

ပြီးနောက် စည်သူထံပစ်မှတ်ထားရာမှ ထိပ်တင်မိုးဖက်လှည့်လာသည်။ ထိပ်တင်မိုးက ခွေးဘီလူးကြီးလာနေသည်ကိုသိသော်လည်း မပြေးဘဲကြောင်ကြည့်နေသည်။

ဦးအုံမောင်နှင့်မင်းရာဇာတို့မှာ သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်ခိုက်နေကြသည်။ ဦးအုံမောင်က လောဘဒေါသကြီးသူဖြစ်နေ၍ သူ၏တိုက်ခိုက်မှုကို မင်းရာဇာ အသည်းအသန်ရှောင်တိမ်းနေရသည်။

ထိုသို့ရှောင်တိမ်းရင်း မင်းရာဇာမှာ ဝရန်တာနားသို့ရောက်လာသည်။ နောက်ဆုတ်ရန်လမ်းမရှိတော့၍ သည်အတိုင်းရပ်နေလိုက်သည်။

ဦးအုံ့မောင်က -

' ဒီတစ်ခါတော့ မင်းပြေးလို့မလွတ်တော့ပါဘူး '

ပြောပြောဆိုဆိုဖြင့် လက်ထဲမှဓားဖြင့်ပစ်လိုက်သည်။

ဓားဖြင့်ပစ်လိုက်သည်ကို မြင်လိုက်သည့်ရာဇာက အောက်သို့အလျှင်အမြန်ဝပ်ချလိုက်သည်။ ဓားကသူ့ကို ကျော်ကာ အောက်သို့ကျသွားသည်။

' ချွမ် ... ချလွမ် '

ဓားကျသံကြောင့် ခွေးကြီးမှာထိပ်တင်မိုးဆီ ဦးတည် နေရာမှ ဓားဆီသို့ဦးတည်လိုက်သည်။ သို့သော် ထိပ်တင်မိုး ကိုလည်း အလွတ်မပေးလို၍ သူ၏အနုံ ဖြင့်ရှာ ကာပြီး ဆွဲ ခေါ်သွားသည်။

ဝရံတာတွင်ဝပ်နေသည့် ရာဇာကလည်း ဦးအုံ့ မောင်ကိုကြည့်လိုက်သည်။ ဦးအုံ့မောင်မှာ ဓားကျသွား သည့်အတွက် အောက်ကိုငုံ့ကြည့်လိုက်ရာ မင်းရာဇာကို မေ့ သွားသည်။

ရာဇာက ဦးအုံ့မောင်ကိုအောက်မှနေ၍ ခြေဖြင့်ပင့်





ကန်လိုက်ရာ အလစ်အငိုက်မိသွားသဖြင့် -

' အား ... ဘုန်း '

ဦးအုံ့မောင်မှာ ဝရန်တာပေါ်မှအောက်သို့ပြုတ်ကျ သွားလေသည်။ ထိုအချိန် ခွေးကြီးလည်းအရောက်ဖြစ်နေ၍ ဦးအုံ့မောင်အား နှစ်ပိုင်းပြတ်အောင်ကိုက်ဆွဲလိုက်ပြီး ခေါင်း ကိုခါယမ်းလိုက်လေသည်။

ဦးအုံ့မောင် ဇီဝိန်ချုပ်သွားလေပြီ။

မင်းရာဇာလည်း ဓားရှိရာသို့အရောက် ပြေးသွားပြီး ဓားဖြင့်ခွေးကြီး၏ရင်ဝကို ပစ်ထည့်လိုက်လေသည်။ ဓား ပေါက်ကျွမ်းသည့် မင်းရာဇာပစ်မှတ်ကို လှည့်ကြည့်စရာပင် မလိုပေ။

မှော်ဓားက မိစ္ဆာခွေးကြီး၏ ရင်ဝတွင်တန်းတန်း မတ်မတ်စိုက်ဝင်နေသည်။ ခွေးကြီးက နာကျင်စွာအော်ဟစ် လိုက်ပြီးနောက် နေရာတွင် ပုံလျက်လဲကျသွားလေသည်။

ရာဇာက ထိပ်တင်မိုးအနားသို့ အပြေးကလေးသွား ပြီးနောက် -

" မိုး ဘာဖြစ်သွားသေးလဲဟင် "

' ဘာမှမဖြစ်ပါဘူး၊ အစ်ကိုကယ်လို့သာပေ့ါ၊ ဒါမှ မဟုတ်ရင် ညီမဘဝမတွေးရဲတော့ဘူး၊ အစ်ကိုလည်း ညီမ တို့ကိုကယ်တာတွေ များနေပြီနော် '

ထိုအချိန် စည်သူမှအခန်းတစ်ခန်းထဲမှ ထွက်လာ သည်ကိုတွေ့လိုက်ရသည်။

'မောင်လေး ... စည်သူ မောင်လေး ဘာမှမဖြစ်ဘူး နော်၊ မမ ဝမ်းသာလိုက်တာ '

သူတို့သုံးဦး ဝမ်းသာနေကြချိန်တွင် ပတ်ဝန်းကျင် တစ်ခုလုံး အလင်းရောင်များထွက်ပေါ်လာသည်ကို တွေ့ လိုက်ရသည်။

မိစ္ဆာခွေးဘီလူးကြီး၏ ဘေးပတ်လည်တွင် အလင်း ရောင်တန်းများတောက်ပစွာ ထွက်ပေါ်နေသည်။ သုံးဦး သား စူးရှသည့်အလင်းရောင်ကြောင့် မျက်လုံးများမှိတ်ထား လိုက်ကြသည်။

မကြာလိုက်ပါ။ အလင်းရောင်လည်း ပျောက်သွား





သည်။ အစောပိုင်းကရှိနေသည့် မိစ္ဆာခွေးဘီလူးကြီးနှ မှော်ဓားမှာ အိပ်မက်ဆန်ဆန် ပျောက်ဆုံးသွားလေသည် သုံးယောက်သား အံ့ဩခြင်းများစွာဖြစ်ကြရသည်။

ထိပ်တင်မိုးက -

' အင်း မှော်ဓားကတော့ သူ့နေရာသူပြန်သွားပြီ

နောက်ဆုံးတော့ မှော်ဓားကိုမည်သူမျှ မရလိုက်ကြ လောဘ ဒေါသ မောဟတွေကြောင့်သာ မသေသင့်ဘဲလူ တွေသေကုန်ကြသည်။

' ဒီဓားကို ညီမတော့ ဘယ်တော့မှယူဖို့မကြိုးစာ တော့ပါဘူး၊ သူ့နေရာမှာ သူရှိနေတာပဲကောင်းပါတယ် '

ထိပ်တင်မိုးက သူ့ဟာသူပြောပြီး ရာဇာဘတ်သ လှည့်ကာ -

' မိုးတို့လည်း မနက်စောစော ဒီရွာကပြန်ကြ အောင်၊ မောင်လေးဘာမှမဖြစ်တာဘဲဝမ်းသာလှပါပြီ '

နောက်နေ့မနက် မိုးလင်းတော့ သုံးယောက်သား လမ်းအတိုင်းလျှောက်လာကြသည်။ စည်သူမှာ ခြေတစ်

နာနေ၍ မင်းရာဇာကတွဲခေါ် လာသည်။

ကျန်လက်တစ်ဖက်က ထိပ်တင်မိုး၏လက်ကိုတွဲကာ လျှောက်လာနေသည်။

ထိပ်တင်မိုးကလည်း မင်းရာဇာ၏ပခုံးကို ခေါင်းလေးမှီထားသည်။ စိတ်ထဲတွင် ပျော်ရွှင်ကြည်နူးမှုများနှင့် အတူ ရွှင်ပျသောအပြုံးများဖြင့် လာရာလမ်းသို့ ပြန်လာခဲ့ကြလေသည်။ ။

အစဉ်ကြိုးစားလျက်
မင်းစက္ကူ